
# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)



ထပ်တူ

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

ထပ်တူ





"အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်နိုင်သည့်အမျိုး" ဆိုသည့် ဆိုရိုးစကားကို ဘယ်ပညာရှိများ လက်ဆောင်ခြွေဆော့ နှုတ်ဆော့ ကာ ထားခဲ့လေသလဲမသိပါ။

အကယ်၍ ထိုအမောင်ပညာရှိသာ ဤလောကကြီး ထဲမှာ သက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက အသည်းအသန်လိုက်လ ရှာဖွေပြီး နားရင်းတစ်ချက်လောက်တော့ အုပ်ပစ်လိုက်ချင်သည်။

ဘယ့်နှယ်ဗျာ။ အားအားယားယား။ ထွင်စရာမရှိ ဒီလိုစကားမျိုးကိုမှ ထွင်ခဲ့ရတယ်လို့။

သူ ထွင်ခဲ့တုန်းကတော့ ဘယ်သူတွေရဲ့ ဆိုးရာ ဆိုးကျိုးကိုမှ ရည်ရွယ်ပြီး ထွင်ခဲ့တာဟုတ်ဟန်မတူပါ။ ကြည့်ရတာ

မလှမပ လက်ရာည့်ဖျင်းသည့် ဆေးမင်ကြောင်တွေ ထိုးမိပြီး စိတ်ရှုးပေါက်ပေါက်နဲ့ ထ,ထွင်လိုက်တာတောင် ဖြစ်ချင်ဖြစ်ဦးမည်။

သို့သော် လက်ရှိလောကမှာတော့ ထိုစကားဟာ မိဘသဘောတူသူနဲ့ ကိုယ် ကြည်ဖြူဖြူ၊ မကြည်ဖြူဖြူ အတင်းကာရော စပ်ဟပ်စီစဉ်ခံရသည့် ကံဆိုးသူ သားသမီးတိုင်း မကြာမကြာ ကြား နာရသော စကားတစ်ခွန်းပဲ ဖြစ်နေတော့သည်။

"ရှေးလူကြီးတွေ ... စကားတစ်ခွန်း ထွင်ခဲ့တယ်ဆိုတာ အကြောင်းမဲ့မဟုတ်ဘူး ... ခြေခြေမြစ်မြစ်ရှိတယ် ... နှစ်ပေါင်းများစွာ ဖြစ်လာတဲ့ အဖြစ်အပျက်တွေကို သေသေချာချာ လေ့လာပြီးမှ ထွက်လာတာ အမှန်တရားနဲ့ တအားနီးစပ်တယ် ... "

"ကဲပါ အဖေကြီးရယ် ... စကားချိုးတွေ ထားလိုက်ပါတော့၊ သားကို လိုရင်းပဲပြောပါ ... "

မနေနိုင်သည့်အမေက ဝင်တားလျှင်တောင် သူ့စကားကို အဟန့်အတားပြုပြီး တန်ဖိုးလျော့အောင် လုပ်ရပ့်မလားဆိုပြီး အဖေက စိတ်ဆိုးလိုက်သေးသည်။

"သားကို ငယ်က မဆုံးမသော် မိဘတစ်လီ ရန်သူမည်၏တဲ့ ... ကိုယ့်သားသမီးကို သိတတ်နားလည်လာအောင်





ဆုံးမဖို့ဟာ မိဘတွေအတွက် အရေးအကြီးဆုံးတာဝန်ပဲကွ"

"အဖေကလည်း ... ကျွန်တော့်အသက် သုံးဆယ့်နှစ်နှစ်ရှိပြီ ... 'ငယ်က'ဆိုတဲ့အထဲ မပါတော့ပါဘူးဗျာ ... "

"အသက်မငယ်ပေမဲ့ ... မင်းလိုကောင်က ယောင်တောင်တောင် ပေါချာချာနဲ့ ကိုယ့်ခံယူချက်ရယ်လို့ ပိုင်ပိုင်နိုင်နိုင်နိုင်နိုင်မာမာမရှိ ... ဘေးလူပြောသမျှ ယုံ ... နားယောင်၊ အဲဒီလိုကောင်မျိုးကျတော့ မသေမချင်း ဆုံးမရတော့မှာပဲ"

ယောမင်းက သက်ပြင်းကို ခပ်သွဲ့သွဲ့ ချလိုက်မိပါရဲ့။

ဒီအဖေတစ်ယောက်ဟာ သားကိုချစ်တာ၊ ကောင်းစေချင်တာ ထင်ရှားလှသော်လည်း သိပ်ပြီးဆိုဆုံးမ, ဆရာလုပ်ချင်တာ တစ်ခုကတော့ စိတ်ပျက်ဖွယ်။ နောက်ပြီး အသက်သုံးဆယ့်နှစ်နှစ်ရှိနေပြီဖြစ်သည့် သားတစ်ယောက်လုံးကို သူငယ်နှပ်စားလေးလို သဘောထားကာ ဘာမဆို သူပြောမှ သိမည်၊ သူခိုင်းမှ လုပ်တတ်မည်လို့ တစ်ထစ်ချ စွဲမှတ်ထားကာ ခက်ပဲခက်လှသည်။

တစ်ခါတလေများ ယောမင်းက ပြန်စဉ်းစားကြည့်မိသည်မှာ အရာရာ တတ်သိသော အဖေ၊ စကားနည်းပြီး နေရာတကာ ပါဝင်စွက်ဖက်ခြင်းမရှိဘဲ အေးအေးချမ်းချမ်း နေတတ်သော်

လည်း ညက်ရည်ညက်သွေးတော့ ထက်မြက်လှတဲ့အမေ ဒီနှစ်ယောက်ပေါင်းပြီး မွေးဖွားလာသည့် သူဟာ ပင်ကိုယ်ညက်ရည်တော့ နိမ့်စရာအကြောင်းမရှိပေမဲ့ ခပ်အအ ခပ်တုံးတုံးလို ဖြစ်နေရတာဟာ နေရာတကာ ဝင်ဆုံးဖြတ်၊ ဝင်အုပ်စီး၊ ဝင်ကာကွယ်ချင်တတ်လွန်းတဲ့ အမေ့ကြောင့်များလားလို့ပေါ့။

"အဲ ... နေဦး ... ငါ့စကား အစဘယ်ရောက်သွားပြီလဲ"

အမေက အဲဒီလိုပင်။ စကားတစ်ခွန်းကနေ အစတွေ ဖြာထွက်သွားပြီး ဟိုချော်ဒီချော်ဖြစ်၊ အဲဒီကနေ နောက်တစ်ခွန်းဆီ ခုန်ကူးချင်ကူး၊ အမျိုးစုံ ရှုပ်ပွနေပြီးတော့မှ စိတ်ကူးရကာ မူရင်းစကားဆီ ပြန်သွားချင်တော့ အစကပျောက်ပြီ။ ကိုယ်ပြောခဲ့ဖူးတာ ဘာစကားမှန်း ကိုယ့်ဘာသာ ဘယ်လိုမှ စဉ်းစားမရတော့။ ထိုအခါကျ အနားကရှိနေသူကို စစ်ကူတောင်း။ သူ့စကားထဲမှာ စိတ်ပါပါ မပါပါ လက်ပစ်ကူးလိုက်နေရသောသူမှာ သူက ရုတ်တရက် ကောက်မေးလိုက်သည့်အခါ ဘာပြန်ဖြေရမှန်းပင်မသိ။

ကိုယ်တိုင်က စ,မေ့တာ ဖြစ်သော်လည်း တစ်ဘက်လူက သူ့စကားကို ပြန်ထောက်မပေးနိုင်လျှင်တော့ အမေဟာ အရမ်းပဲ စိတ်တိုတတ်သည်။ လူပုစိတ်တိုဟူသော စကားသာ ရှိပါ





လျှက် အရပ်ရှည်ရှည်နဲ့ စိတ်တိုတတ်လှသော အမေဟာ သူ့စကားကို တစ်ခါထပ်မေ့ကာ ဆူပူကြိမ်းမောင်းလို့ မပြီးတော့။

ကြာတော့ ယောမင်းရော၊ အမေပါ ဖေဖေ စကားတစ်ခွန်းပြောလိုက်ပြီဆိုလျှင် နောက်ထပ် ဘယ်လိုစကားလက်တက်တွေပဲ ခွဲပြီးတော့သွားသွား မူရင်းစကားစကို အသေမှတ်ထားတတ်သည့်အကျင့် စွဲမြဲလာလေသည်။

"အိမ်ထောင်မှု ဘုရားတည် ဆိုတာပါ အမေ ..."

"အေး ... မင်းတော်တယ် ... အဲဒီတော့ကွာ ငါဆိုလိုတာက အိမ်ထောင်ရေးဆိုတာ အင်မတန် သတိထားဆင်ခြင်နိုင်မှ တန်ကာကျတယ် ... တွေ့ရုံမြင်ရုံနဲ့ ချက်ချင်းလက်ငင်း ဆုံးဖြတ်ချက် ချပစ်လိုက်ဖို့ **မသင့်ဘူး** ..."

"ဟုတ်ကဲ့ ..."

ကိုယ်ကြိုက်ကြိုက် **မကြိုက်ကြိုက်** ဒီအချိန်မျိုးမှာ ဟုတ်ကဲ့ လိုက်တာကသာ အန္တရာယ်**အကောင်းဆုံး။**

"ဒါပေမဲ့ ... တအား ဆင်ခြင် **စဉ်းစားလွန်းအား**ကြီးပြီး အတွေးခေါင် ... ချေးထူ တွန့်ဆုတ်**နေမြန်**တော့လည်း အလုပ်က မဖြစ်ပြန်ဘူး ... လူဆိုတာ **ပုပ်ကုန်သိုးကုန်**

မဟုတ်ပေမဲ့ ... အရွယ်ရှိတုန်း လုပ်စရာရှိတာလုပ်ထားမှ၊ အသက်ကြီးလာရင် လူက မလေးစားချင်တော့ဘူး ... သမီး ကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားလည်း ရှိတယ်မို့လား"

"အဖေကတော့ လုပ်ပြန်ပါပြီဗျာ ... ဒီစကားပုံကြီး ယူသုံးရအောင် ကျွန်တော်က မိန်းကလေးမှမဟုတ်တာ ... "

"ဘာပဲဖြစ်ဖြစ်လေ မိန်းကလေးအတွက်ဖြစ်ဖြစ်၊ ယောကျ်ားလေးအတွက်ပဲဖြစ်ဖြစ် သဘောတရားကတော့အတူတူပါပဲ"

ပြိုင်ငြင်းမနေတော့ပါဘူးလေ။ ဆင်ခြေဆင်လက်များလှကာ သူ့ဘက်က မနိုင်တော့မည့်ပုံပေါက်လျှင် 'အဖေ'ဆိုသည့် အာဏာကို အပြည့်အဝ အသုံးချလျက် အနိုင်နဲ့ ပိုင်းသွားတတ်စမြဲထုံးစံရှိသည် မဟုတ်လား။ နောက်ဆုံးမှာ မဖြစ်မနေ ရှုံးဖို့သေချာနေမှတော့ ... အစကတည်းက အပင်ပန်းခံပြီး ဝင်ပြိုင်မနေတာ အကောင်းဆုံးပါပဲ။

"ထားလိုက်ကွာ ... ငါ ဆက်ပြောမယ် ... ဒီတော့ မင်းအနေနဲ့ ဒီအသက်အရွယ်မှာ တအားကြီး စဉ်းစားချင့်ချိန်နေလို့လည်း မဖြစ်တော့ဘူး ... ဆုံးဖြတ်ချက်ချဖို့ပဲ အရေးကြီးတော့တယ် ... "

"ဆုံးဖြတ်ချက်ချရအောင် ... ကျွန်တော်မှ သင့်တော်တဲ့





မိန်းကလေး မတွေ့သေးတာ ... "

"မင်းအစွမ်းအစကတော့ အသက်လေးဆယ်ပြည့်လည်း တွေ့မှာ မဟုတ်ပါဘူး ... ဒီတော့ ငါကိုယ်တိုင်ပဲ ရှာပေးရတော့မှာပဲ .. "

အောင်မယ်လေးလေ။ လုပ်လိုက်ပြန်ပြီဗျာ။ သူ ရှာပေးမတဲ့။ အဖေနဲ့ ယောမင်းဟာ ဒီလောက် အမြင်ချင်းကွာခြားတာ။ အဖေ ရှာလာပေးတာဖြစ်လို့ကတော့ ဘယ်လိုမှ စိတ်တိုင်းကျချင်စရာ ကောင်းမှာမဟုတ်။

မဖြစ်သေးပါဘူး။ ဒီကိစ္စ မဖြစ်မနေ ဆောင်ရွက်ရတော့မည်ဆိုလျှင်လည်း အဖေ့လက်ထဲတော့ ပုံအပ်လို့မဖြစ်။ ကိုယ့်ဘာသာပဲ လှုပ်ရှားပါမှ။

"ဒီလိုလုပ် အဖေရာ ... ကျွန်တော့်ဘာသာ အရင်ကြိုးစားကြည့်လိုက်ဦးမယ် ... တကယ်လို့ အဆင်မပြေတော့မှ အဖေ့တာဝန် လွှဲပေးမယ်လေ ... "

"မဖြစ်ဘူးကွ ... မင်းဘာသာ ကြိုးစားလာတာပဲ ... ဘယ်နှစ်နှစ်ရှိပြီလဲ ... အခုလည်း မင်းပဲဆိုပြီး ပေးလွှတ်ထားလိုက်ရင် ငါသေတာတောင် မြေးချီသွားရမှာ မဟုတ်ဘူး ... "

"အဖေကလည်းဗျာ ... ကျွန်တော်ယူရမဲ့မိန်းမ ကျွန်တော့်

ဘာသာလည်း စိတ်တိုင်းကျ ရှာချင်သေးတာပေါ့ ... နောက်ပြီး အရင်တုန်းကတော့ မဖြစ်မနေဆိုတာကြီး ရှိမှမရှိသေးတာ ... ခေါင်းထဲ ဒီကိစ္စပဲ အဓိကထားပြီး ဘယ်လှုပ်ရှားနေပါ့မလဲ ... ဒီတော့ မတွေ့ဘူးပေါ့ ... တကယ်လို့ အရေးတကြီး လိုအပ်လာပြီဆိုရင်တော့ ကျွန်တော်လည်း ဇီရိယစိုက်ပြီး ရှာတော့မှာပေါ့ ... ”

အဖေက စဉ်းစားသလို ခဏတွေဝေသွားကာ ...

“အေး ... ကောင်းပြီ ... မင်းကို ငါ အခွင့်အရေးပေးမယ်၊ ဒါပေမဲ့ အချိန်အကန့်အသတ်တော့ ထားရလိမ့်မယ် ... အခုကစပြီး ခြောက်လအတွင်း မင်းသဘောကျတာ ရှာမတွေ့လို့ကတော့ ... မင်းရဲ့အိမ်ထောင်ရေးကိစ္စအဝဝကို ငါ့လက်ထဲ အပ်ရမယ် ... ဒါပဲ ... ”

ဒါပဲ ... တဲ့။

အဖေက ဒီတစ်ခွန်းထဲနဲ့ ပြီးသွားပေမဲ့ ယောမင်းရင်ထဲမှာတော့ မဆုံးနိုင်သော အမောတွေက အခုမှစသည်။

---





မြနှင်းဆီ ... အသက်နည်းနည်းကြီးနေပြီ။

ချောကေရီထွဋ် ... အလှကြိုက်လွန်းအားကြီးသည်။

ရွှေသူဇာ ... လှုပ်လီလှုပ်လဲ့ နန်းဆန်လွန်းအားကြီးသည်။

ပပကျော် ... ခေတ်ဆန်သွက်လက်လွန်းသည်။

မီးငယ် ... အသက်ငယ်လွန်းအားကြီးတော့ သဘောထားမပြည့်ဝ။

ကြည်ကြည်နိုင် ... စီးပွားရေးကိုး သဲကြီးမဲကြီး လုပ်လွန်းသည်။

ယောမင်းရှေ့က စားပွဲပေါ်မှာ ကောင်မလေးတွေ

ရဲ့နာမည်နဲ့ သူမတို့ရဲ့ ချို့ယွင်းချက်တွေကို တန်းစီရေးထားသော စာရွက်တွေ ပြန့်ကျဲနေသည်။

ကောင်မလေးတွေ ဒီလောက်အများကြီးကို တန်းစီပြီး စာရင်းပြုစုနိုင်သဖြင့် ကျွန်ုပ်တို့ရဲ့ ဇာတ်လိုက်ကြီး ကိုယောမင်းကို ဖွဲလှချည်ရဲ့လို့ အထင်တော့မကြီးလိုက်ပါနဲ့။ အဲဒီကောင်မလေးတွေ အားလုံးဟာ ယောမင်းထံမှာ အရွေးချယ်ခံချင်လို့ တရားဝင်မှတ်ပုံလာတင်ကြသူတွေမဟုတ်။ ဒယောမင်းကသာ ကိုယ့်ပတ်ဝန်းကျင်မှာ (တစ်ခါပဲဖြစ်ဖြစ်) မြင်ဖူးသိဖူးသည့်သူမှန်သမျှကို စာရင်းထဲ ခပ်တည်တည် ကောက်ထည့်ပစ်လိုက်တာ။

ခက်နေတာက ဒီလောက်ကျယ်ကျယ်ပြန့်ပြန့်ကြီး စာရင်းကောက်ထားတာတောင်မှ ကောင်မလေးတိုင်းဟာ ချို့ယွင်းချက်ကိုယ်စီနဲ့ တစ်ယောက်မှ စိတ်တိုင်းကျစရာမရှိ။

ဒီပုံအတိုင်းဆိုလျှင်တော့ သတို့သမီးလောင်း ရှာဖွေရေးစီမံကိန်းတစ်ခု ရေးဆွဲရတော့မည့်ထင်ပါရဲ့။

ဘယ်လောက်ရှက်ဖို့ကောင်းလိုက်သလဲ။ အသက်သုံးဆယ့်နှစ်နှစ်အရွယ် ရောက်နေပြီဖြစ်သည့် ယောကျ်ားတစ်





ယောက်ဟာ ဘဝတိုးတက်ရာ တိုးတက်ကြောင်း မကြံစည်၊ စိတ်မကူးရဘဲ မိန်းမတစ်ယောက်ရဖို့ လုံ့လစိုက်ထုတ်ကြိုးပမ်းနေရသတဲ့။

ကိုယ်လုပ်နေရသည့် အလုပ်ကြီးဟာ မသင့်မလျော်၊ အဓိပ္ပာယ်မဲ့ကြီး ဖြစ်နေတာကို သိပေမဲ့လည်း ဘယ်လိုမှ မတတ်နိုင်။ ဖခမည်းတော်ဟာ သူ့စိတ်မထင်လျှင် မဆင်သလို ပြောသည့် အတိုင်း လုပ်တတ်သူတစ်ယောက်မို့ ကိုယ်ကသာ သူပေးသည့် ရက်ချိန်းအတွင်း တစ်ခုခုဖြစ်အောင် လုပ်မပြနိုင်လျှင် ချက်ချင်းလှုပ်ရှားတော့မှာ သေချာသည်။ အောင်မယ်၊ ဒါတောင် သိပ်မပြောနိုင်။ အခုကတည်းက ရှာပြီးဖွေပြီးသား အဆင်သင့်ရှိချင် ရှိနေမည်။

အဖေနဲ့ သားဟာ အကြိုက်ချင်း၊ သဘောထားချင်း ဘယ်တော့မှ မတိုက်ဆိုင်ကြသည့်အပြင် တစ်သက်မှာ တစ်ခါမိန်းမယူတာလေးတောင်မှ ကိုယ်တိုင်မစွမ်းဆောင်နိုင်လို့ မိဘကို အားကိုးရတယ်ဆိုသည့် နာမည်ဆိုးကြီးကိုလည်း မခံယူချင်ဘူးလေ။

ခက်တာက မန္တလေး ရွှေမြို့တော်ကြီးမှာ ရှိရှိသမျှ အပျိုချောတွေလည်း ကုန်လောက်ပြီ။ နှလုံးသားထဲက လှိုက်လှဲရင်ခုန်စွာ ချစ်မိဖို့အသာထားဦး ဦးနှောက်နဲ့ ချင့်ချိန်စဉ်းစားလျှင်တောင် သဘောကျစရာ မတွေ့သေးတာပင်။

စေတနာစာပေ

မဖြစ်ဘူး။ ဒီနေရာမှ ရှိစုမဲ့စု လိုက်ရှာနေတာထက် စာလျှင် တခြားတစ်နေရာမှာ သွားရှာမှဖြစ်မည်။ ရှိင်းရှိင်းပြောရလျှင်တော့ စားကျက်ရွှေ့မှဖြစ်မည်။

ဘယ်ရွှေ့ရမလဲ ... ။

ခပ်များများ စဉ်းစားစရာ မလိုပါ။ မြန်မာပြည်ရဲ့ ဒုတိယမြို့တော် မန္တလာမှာမှ ရှာမတွေ့ဘူးဆိုလျှင်တော့ ပထမမြို့တော်ဖြစ်သည့် မဟာရန်ကုန်သို့ ရွှေ့ရုံပဲပေါ့။

သို့သော် ... သတို့သမီးလောင်း ရှာဖွေဖို့ ရန်ကုန်ဆင်းလာသည်ဆိုတဲ့အကြောင်းပြချက်ကြီးကတော့ ရုပ်ဆိုးလွန်းအားကြီးသည်။ လှလှပပ၊ သာယာနာပျော်ဖွယ်ရှိမည့် အကြောင်းပြချက်တစ်ခု ရှာကြစို့။

ထိုကိစ္စအတွက်တော့ ... ယောမင်းက ကြာကြာဦးနှောက်မစားလိုက်ရပါ။ အဖေ့ရဲ့ အစီအစဉ်အသစ်တစ်ခုက ယောမင်းရဲ့ အခက်အခဲကို ဖြေရှင်းပေးလိုက်လေသည်။

"ငါ ... ရန်ကုန်မှာ ဆိုင်ခွဲတစ်ခုဖွင့်ဖို့ စိတ်ကူးရှိတယ် ... နောင်ကျရင်တော့ စိတ်ချရတဲ့ လူတစ်ယောက်ကိုပေးပြီး





အုပ်ချုပ်နိုင်းမလို့ပဲကွာ ... လောလောဆယ်တော့ လုပ်ငန်းအခြေကျတဲ့အထိ မင်း သွားကြီးကြပ်ပေးနိုင်မလား ..."

အဖေ့စကားဆို တစ်ချက်နှစ်ချက်လောက်တော့ တွန့်ပြီး ကွန့်ပြီးမှ လိုက်နာနားထောင်နေကျဖြစ်သော ယောမင်းတစ်ယောက် ဒီတစ်ခါတော့ စကားတောင်မဆုံးသေး အထုပ်အပိုးပြင်ပြီးနေပြီ။

ဒီလိုနဲ့ပဲ သတို့သမီးလောင်း ရှာပုံတော်ခရီးစပေါ့။

❧ ---- ❧

လူမှာ ... ကိုယ်နဲ့ပဋိရူပ ဖြစ်သည့်အရပ်ဆိုတာ ရှိသတဲ့။

မန္တလေးသား ယောမင်းအတွက်ကတော့ ကိုယ့်ဇာတိချက်ကြွေ မန္တလာမြေထက်စာလျှင် မဟာရန်ကုန်ဟာ ပိုပြီးသင့်တင့်လျောက်ပတ်သော အရပ်ဒေသ ဖြစ်သည်လို့ ထင်မိလေသည်။

ကြည့်လေ။ ရန်ကုန်တောင် မရောက်သေး ရထားပေါ်မှာကတည်းက ...

"ဒီကအစ်ကိုကြီး ... တစ်ဆိတ်လောက် ကြာကြာ့အိတ်ကလေး အပေါ်တင်ပေးနိုင်မလားဟင် ... "





ချိုလွင် သာယာသော အသံလေးတစ်ခု။ နိုင်းစေခြင်းဖြစ်တာတောင်မှ ... တစ်ဘက်သား ကြည်နူးကျေနပ်သွားရလောက်သည့် အသံမျိုးလေး။

မျက်နှာလေးကိုကြည့်လိုက်တော့ရော။ အောင်မယ်လေး ... လှမှလှ။ အသားလေးက ဖြူဖွေးဥနေကာ ပုံကျကျဆံပင်၊ ရွှန်းစိုနက်မှောင်သော မျက်လုံး၊ ပုံကျသေသပ်သော နှုတ်ခမ်း၊ အဆင်ပြေ ပေါ်လွင်သော နှာတံ။

ရုပ်ကလေးတင် လှတာလည်းမဟုတ်ပြန်။ ကိုယ်လုံးကိုယ်ပေါက်ကလေးကလည်း တီဗီထဲမှာ လာနေကျ ကြော်ငြာမော်ဒယ်မလေးတွေလို သွယ်သွယ်လျလျ အချိုးကျကျ။

ကိုယ့်နားလာရပ်ပြီး အိတ်ကို တင်ခိုင်းသည်ဆိုတော့ သေချာသလောက်ပါပဲ။ သူမဟာ ကိုယ့်ဘေးကခုံမှာ ထိုင်တော့မည်။

"ဟာ ... ရပါတယ် ... တင်ပေးရမှာပေါ့ ... "

ပါးစပ်က အလွယ်တကူ လောကွတ်ချော်ပြီး ပြောလိုက်တာဖြစ်ပေမဲ့ တကယ်မကြည့်တော့ လေးလိုက်တာ။ အိတ်ထဲထည့်ထားတာဟာ အဝတ်အစားတွေမှ ဟုတ်ရဲ့လား။ ခဏန္တ

ကျောက်စိမ်းတုံးတွေများ ထည့်ထားလေသလား။

အင်မတန် လေးလံကြီးမားသော အိတ်ကြီးကို မြေပြင်က ကြွအောင်တောင် မနည်းသယ်မ,ရတာ။ အဲဒါကိုမှ အမြင့်မှာရှိသည့်တန်းပေါ် မြှောက်ပြီးတင်ရမည်ဆိုတော့ စဉ်းစားသာကြည့်ကြပေတော့။

ကောင်မလေးက ဘေးကရပ်ကြည့်နေတာမို့ ကိုယ့်အစွမ်းအစကိုလည်း ပြချင်သေးပေရာ မျက်နှာကိုလည်း တစ်ချက်ကလေး ရှုံ့မဲ့လို့ မဖြစ်ပြန်ပါ။

နောက်ဆုံးတော့ လည်ပင်းကြောကြီးတွေ ထောင်လာလောက်အောင်၊ လက်မောင်းတွေအောင့်ကာ ခါးတွေနာလာလောက်အောင် ကြိုးစားပြီးမှ အိတ်ကြီးမဟာက စင်ပေါ်ရောက်တော့သည်။

"ကဲ ... ရပြီ ..."

"ကျေးဇူးပဲ ဦးလေးကြီး ..."

ဟင် ... ဘယ်လိုကြီးလဲ။ ချက်ချင်းကိုပဲ လေသံပြောင်းသွားပါရောလား။

စောစောက အိတ်တင်နိုင်းတုန်းက အစ်ကိုကြီးတဲ့။





အိတ်လည်းတင်ပြီးသွားရော ဦးလေးကြီး ဖြစ်သွားပါလေရော။

ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးနဲ့ သူဟာ တစ်ခရီးထဲအတူသွားရတော့မှာပဲ။ အခုလောလောဆယ် ဦးလေးကြီးမကလို့ ဘဘကြီးပဲခေါ်နေနေ ခရီးဆုံးရောက်သည့် အချိန်လောက်ကျတော့ အစ်ကိုကြီး တစ်ခါပြန်ဖြစ်ရပေမပေ့။ အောင်မယ် ... ကံကောင်းလျှင် ကိုကိုတွေဘာတွေတောင် တစ်ခါတည်း ဖြစ်သွားနိုင်သေး။

ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြုံးနေမိသော ယောမင်းတစ်ယောက် မကြာခင် အချိန်လေးအတွင်းမှာပဲ ဟိုက်ခနဲ ဖြစ်စရာအလှည့်အပြောင်းတစ်ခုကို ကြုံလိုက်ရလေသည်။

သူ့ကို အိတ်တင်နိုင်းသည့် ကောင်မလေးက ရထားအောက်ကို ပြန်ဆင်းသွားသည်။ သိပ်မကြာခင်မှာပဲ မျက်မှန်ထူထူ၊ အုန်းဆီတွေ ရွှဲနေအောင် လိမ်းထားသည့် ဆံပင်ရှည်ရှည်၊ မျက်နှာဝိုင်းဝိုင်း၊ အသားညိုညို၊ ပါတိတ်အကောင်းစားပင် ဖြစ်သော်လည်း ခပ်တုံးတုံးပုံစံ ချုပ်ထားသော ဝမ်းဆက်ဝတ်စုံနှင့် လိပ်ခါးဖားဖင်ဟုခေါ်သော ကိုယ်လုံးကိုယ်ပေါက်ကို ပိုင်ဆိုင်ထားသည့် အမျိုးသမီးတစ်ယောက်နဲ့အတူ ပြန်ရောက်လာသည်။

"လာ လာ အန်တီလေး ... ဒီခုံပဲ ..."

အမျိုးသမီးက ယောမင်းနဲ့ ဘေးချင်းယှဉ်လျက်ခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ... ယောမင်းကို ရှက်စနိုး မနို့တရို့ အပြုံးလေး ပြုံးပြလိုက်သေးသည်။

စိတ်ပျက်ဖွယ်ကောင်းပေစွ။ ရုပ်မလှသော မိန်းမတွေ ပြုံးတာများ ဘယ်လိုမှ ကြည့်လို့မကောင်း။ ရုပ်ချောသည့် ကောင်မလေးတွေကျတော့လည်း အီးညှစ်နေလျှင်တောင် လှချင်လှဦးမည်။

အဲ ... နေပါဦး။ ဒီအမျိုးသမီးက ကိုယ့်ဘေးခုံမှာ ထိုင်မှာဆိုတော့ ကောင်မလေးကရော။

ယောမင်းရဲ့ အဖြေရှာခက်သောပုစ္ဆာကို ကောင်မလေးကပဲ သွက်လက်စွာ ဖြေရှင်းပေးလိုက်ပုံကတော့ ...

"ဒီက ဦးလေးကြီးကို ကြာကြာ ပါစ်ခုထပ်ပြီး အကူအညီ တောင်းရဦးမယ် ... ဒါက ကြာကြာ့အန်တီလေးပါ ... ဟို လေ ... အန်တီလေးက တစ်ယောက်တည်း တစ်ခါမှ ခရီး မထွက်ဘူးတော့ တကယ်လို့ လမ်းမှာ အကူအညီလိုရင် ... ဦးလေးကြီးကပဲ ပေးလိုက်ပါလို့နော် ... ပြီးတော့လေ ... ရန်ကုန်ဘူတာကြီးရောက်ရင် အပေါ်က အိတ်ကြီးကို ပြန်ချ





ပေးလိုက်ပါနော် ... တကယ်လို့ အဆင်ပြေရင် အလုပ်သမား ပါ ငှားပေးလိုက်ပါ ... ဪ ... နောက်ပြီးတော့လေ ... အန်တီလေးက ညဆယ်နာရီကျရင် ဆေးသောက်ဖို့ရှိတယ်၊ သူက သိပ်ပြီးတော့ မေ့တတ်တာ ... တစ်ယောက်ယောက်ကမှ သတိမပေးရင် ဆေးကိုမသောက်ဖြစ်တော့ဘူး ... အဲဒါ တစ်ချက်ကလေး သတိပေးလိုက်ပါနော် ... နောက်ပြီး ဘူတာတွေ ဘာတွေဆိုက်ရင်လည်း သူ့ပစ္စည်းတွေ နည်းနည်းဝိုင်းကြည့်ပေးလိုက်ပါ ... အန်တီလေးက သိပ်ကြောက်တတ်တာ ... တကယ်လို့ သူ့ပစ္စည်းကိုများ လုပြေးရင် အော်ဖို့တောင် သတိရမှာမဟုတ်ဘူး ... "

အောင်မယ်လေးလေး ... ။ ပြောသည့်သူတော့ မသိ။ နားထောင်ရသူမှာတော့ သူမရဲ့ စကားရှည်ကြီးကြောင့် အသက်ရှူပင် မဝသလို ဖြစ်လာကာ ရင်ထဲ တလှပ်လှပ်နေအောင် မောဟိုက်နွမ်းနယ်လို့သွားရသည်။

ဒီလောက်တောင် တပင်တပန်း မှာတမ်းရှည်ကြီး ဖွင့်နေရပြီဆိုကတည်းက 'ကြာကြာ'ဆိုသည့် မချောလေးက ဒီခရီးစဉ်မှာ လိုက်ပါမှာမဟုတ်ဘူးဆိုတာ သိသာနေပြီ။

တူမဖြစ်သူက စကားတွေ ရွှန်းရွှန်းဝေနေသလောက် အန်တီလေးဆိုသည့် အမျိုးသမီးကတော့ မျက်လွှာလေးချကာ ရှက်စနိုးဟန်ကလေးနဲ့ ငြိမ်ငြိမ်ဆိတ်ဆိတ်။

သေသာ သေလိုက်ပါတော့ကွာ။ ဒါကြီးနဲ့ တစ်ခရီးတည်း အတူသွားရမဲ့အစားတော့ ကိုယ်နဲ့ စကားပြောပလဲနပသင့်မည့် ယောကျ်ားဖော်တစ်ယောက်နဲ့ အတူသွားရတာကမှ တော်ဦးမည်။ အနည်းဆုံး တစ်လမ်းလုံး တရှူးရှူးဟောက်ပြီး အိပ်မောကျလိုက်ပါလာမည့် ကုလားအဘိုးကြီးတစ်ယောက်ပဲဖြစ်ဖြစ်ပေါ့။

"ကဲ အန်တီလေး ... ရထားထွက်တော့မယ် ... ကြာကြာသွားတော့မယ်နော် ... မှာထားတာတွေလည်း မမေ့နဲ့နော်"

"အင်းပါ ... "

ပြန်ဖြေသံကိုက ဗီလောပ်နံမှုန့်ကို ကျူထားသည့် ကော်လိုမျိုး ထူပျစ်တုံခဲနေသည့် အသံကြီး။ ထွက် ... အော်ဂလီဆန်ဖွယ် ကောင်းလိုက်တာ။





ရထားထွက်ကာစ,ကတော့ သယ်လာသည့် စာအုပ်ကို ဖတ်နေလိုက်သေးသည်။ လေးဆယ့်ငါးမိနစ်လောက်လည်း ကြာရော မျက်လုံးက တဖြည်းဖြည်း မှေးစင်းလာကာ အိပ်ငိုက်လို့လာပါလေရော။

တငြိမ့်ငြိမ့် လှုပ်ခါနေသော ရထားကလည်း ကလေးဘဝကမှ ပုခက်စီးရသလို လူကို ချော့သိပ်နေသလိုမို့ ယောမင်းက ဇိမ်ကျနေခိုက် ...

"အစ်ကို ... အစ်ကို ... ဒီက အစ်ကို ခဏလောက် ထပါဦး"

ခွဲကြပ်နေသည့် ကြောင်တစ်ကောင်ကို လည်ပင်း

ညှစ်ထားသလို အစ်အောက်အသံတစ်ခုရဲ့ နှောင့်ယှက်မှုကြောင့် ယောမင်း လန့်နိုးသွားရသည်။

"ဘာလဲ ... ဘာဖြစ်လို့လဲ ... ရန်ကုန်ရောက်ပြီလား ... "

"အို ... ထွက်လာတာဖြင့် တစ်နာရီလောက်ပဲ ရှိသေးတာ၊ ဘယ်လိုလုပ်ပြီး ရန်ကုန်ရောက်ရမှာလဲ ... "

"ဒါဆို ... ဘာလို့နှိုးတာလဲ ... "

"အကျအညီ တောင်းစရာတစ်ခုရှိလို့ပါ ... ဟိုလေ ကျွန်မ လက်ထရိန် ခဏသွားချင်လို့ ... အဲဒါ ကျွန်မ ပစ္စည်းတွေ"

"သဘောပေါက်ပြီ ... ရမယ် ... ရမယ် ... စိတ်ချလက်ချ သာ သွား ... "

မရွှေချောက လှုပ်ယမ်းနေသော ရထားတွဲထဲမှာ သူမကိုယ်သူမ ဟန်ချက်ညီအောင် မနည်းထိန်းလျက် ယိုင်တိယိုင် တိုင်နဲ့ လျှောက်သွားလေသည်။

ဘာကြောင့်မှန်းတော့မသိ။ သူမဟာ ကိုယ့်ဘာသာ နေလျှင် ဒီလောက်ကြီး ပုံဆိုးပန်းဆိုး ထွက်မှာမဟုတ်ပေမဲ့ ချော မောနုရွ ငယ်ရွယ်လှသော တူမလေးနဲ့ ယှဉ်လိုက်သည့်အခါကျတော့





သစ်ငုတ်တိုခြောက်စပေါ်က မျောက်မနဲ့ သဏ္ဍာန်ညီဆိုတာလို ဖြစ်နေတော့တာ။

ကြည့်ပါလား ...။ ခနော်ခနဲ့ လျှောက်သွားနေပုံက နောက်ကလိုက်ပြီး တံကောက်ခွက်ကို တစ်ချက်လောက် ပိတ်ကန်ပစ်ချင်စရာ။

အတော်ကြာမှ မချော ရွှံ့မဲ့မဲ့နှင့် ပြန်ရောက်လာသည်။

"အိမ်သာတွေကလည်း ညစ်ပတ်နေလိုက်တာနော် ... ရေတွေကလည်း ပြည့်လျှံ ... တစ်သျှူးတွေ စက္ကူစုတ်တွေအောင်မယ် ... အနံ့ကလည်း နံစော်နေတာပဲ ... "

ဒီမိန်းမ ရထားနဲ့မှ ခရီးသွားဖူးရဲ့လား။ ဒီလိုမြင်ကွင်းမျိုးကို အထူးတဆန်း ရင်သပ်ရှုမော ဖြစ်နေရသည်ဆိုကတည်းက သူမဟာ အတွေ့အကြုံ တော်တော်နည်းသည်ဆိုတာ ဖော်ပြနေသည်။

သာစည်ဘူတာရောက်တော့ ယောမင်းက ရထားအောက်ဆင်းကာ စားစရာဝယ်စား၊ ကိုယ်လက်သန့်စင်၊ အညောင်း

ပြေ လမ်းလျှောက်။ ဘာရယ်မဟုတ် ရထားတွဲထဲ ကြည့်လိုက်မိတော့ … မယ်ကုဝဏ်ကို သူမထိုင်ခုံမှာ ကျောက်ရုပ်ထုတစ်ခုလို ငုတ်တုတ်ကလေး ထိုင်နေတာ တွေ့ရသည်။

သနားစိတ်တော့ လှစ်ခနဲ ပေါ်သွားသား။ သူမဟာ အိမ်ကနေ စောစောထပြီး တဝတပြ စားသောက်မလာခဲ့ဘူးဆိုလျှင် ဒီအချိန်ရောက်မှ ဆာရောပေ့။

သာစည်မှာက ထမင်းဟင်း နာမည်ကြီးပေမဲ့ သူမ ကြည့်ရတာ စားချင်မှစားမှာ။ စားလို့လည်း လွယ်၊ ကောင်းလည်း ကောင်းမည့် မုန့်တွေပဲ ရွေးဝယ်လိုက်သည်။ ရေသန့်ဘူးကတော့ တစ်ယောက်တစ်ဘူးပေါ့။

"ရော့ …"

စားစရာတွေ သူမရှေ့သွားပေးတော့ မချောက မျက်လွှာလေး လှန်ကြည့်တယ်ဆိုရုံ ကြည့်ကာ …

"ဘာများလဲ …"

"မုန့်ပေါ့ … ခင်ဗျား ဗိုက်ဆာနေမှာစိုးလို့ … ဘာမှစားတာလည်း မတွေ့ဘူး … စားစရာရော ယူလာခဲ့လား …"





"မယူလာခဲ့ဘူး … ဟိုလေ … ဒီရထားမှာက စားသောက်တွဲ ပါတယ်ဆိုလို့ စားချင်တာ မှာစားလို့ရသလားလို့ ယူမလာတော့တာ … ခုကျတော့ ဘယ်သူ့မှာရမှန်းလည်း မသိ …"

"ပြောရောပေ့ဗျာ …"

"အစ်ကိုကလည်း အိပ်နေတော့ အားနာတာနဲ့ …"

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး သနားစရာ မျက်နှာလေးတော့ လုပ်ပြရှာသား။ ခက်တာက သူမနဲ့ ပတ်သက်လာလျှင် ယောမင်းရဲ့ နှလုံးသားကိုက အကြင်နာတရား ကင်းမဲ့ချင်နေတာပဲ ဖြစ်သည်။

"ရပါတယ် … ခင်ဗျားတူမက ဒီလောက် ရှည်ရှည်လျားလျား ပြောပြီး အပ်သွားတာ … ကျွန်တော် တတ်နိုင်သလောက်တော့ ကူညီပေးရမှာပေါ့ …"

ပြောလိုက်ပုံကတော့ အပိုင်။ သူ့တူမနဲ့ ကိုယ်ဟာ လူရင်းတွေမို့ သူ့တူမ အကူအညီတောင်းတာကို မငြင်းဆန်နိုင်သည့် သဘော။

ခပ်နုံနုံ အမျိုးသမီးကတော့ ဒါတွေကိုလည်း သိမှဲ့ပုံ မဟုတ်ပါဘူးလေ။

❧ ---- ❧





ဠူး ... ။ အခုမှပဲ စိတ်လက်ပေါ့ပါးသွားတော့တယ်။

ဒီတစ်ခါ ရန်ကုန်–မန္တလေး ခရီးစဉ်ဟာ စိတ်ကျဉ်းကျပ်ဖွယ် ကောင်းလိုက်တာ မပြောပါနဲ့တော့။

ကိုယ့်ဘေးမှာ မတိမ်းမယိမ်းအရွယ် မိန်းမသားတစ်ယောက် ပါလာသည့်အပြင် အဲဒီမိန်းမဟာ ကိုယ့်အပေါ် လုံးလုံးလျားလျား မှီခိုတာဝန်ပေးချင်သူလည်း ဖြစ်နေသေးသည်။

နောက်ပြီး ထိုမိန်းမဟာ ယောကျ်ားတစ်ယောက်အလွယ်တကူနဲ့ အကူအညီပေးချင်စရာ ကောင်းလောက်သောဘယ်လို အရည်အချင်းမျိုးကိုမှလည်း မပိုင်ဆိုင်ချေ။

ဒါတောင် ယောမင်းဟာ တော်တော်ကြီး လူမှုရေး

စိတ်ဓာတ် ပြည့်ဝေပေလို့။ အမျိုးသမီးကို ပစ္စည်းတွေ ဘူတာအပြင် ရောက်သည်အထိ အကူအညီပေးခဲ့ရသည့်အပြင် သူမ သွားလိုရာ လိုက်ပို့ပေးဖို့ တက္ကစီတစ်စီးပါ ငှားပေးလိုက်ရသေးသည်။

အရေးထဲ မရွှေချောက ရန်ကုန်မှာ တစ်စုံတစ်ခု အကူအညီလိုလျှင် တောင်းဖို့ဆိုပြီး ယောမင်းရဲ့ လိပ်စာကို အတင်း မေးနေသေးသည်။ ဘယ်မှာနေဖြစ်မလဲ မသေချာသေးဘူးဆိုကာ မပေးဘဲ နေလိုက်ရတာ။ မဟုတ်လျှင် ဓာတ်လမ်းက ပြတ်မှာ တောင်မဟုတ်။

တရွေ့ရွေ့ ထွက်ခွာသွားသော ကားကလေးကို မျက်စိတစ်ဆုံးအောင် ကြည့်ပြီးမှ (အဲဒီလောက် သေချာအောင် လုပ်ထားမှ ကိုယ်ဘယ်သွားမည်ဆိုတာ သူမ မသိနိုင်မှာ။ သိများ သိသွားလို့ကတော့ စွတ်ကယ်စွတ်ကယ် အကူအညီလာတောင်း ဦးမည့်ပုံ)။ ကားငှားကာ ကိုယ်သွားချင်သည့်နေရာကို သွားရသည်။

"ဟေ့ကောင်ကြီး ယောမင်း … နောက်ကျလိုက်တာကွာ၊ မနက်ဆိုက်မဲ့ရထားနဲ့ လိုက်လာမှာဆို …"

"အေးလေ … ရထားက လမ်းမှာ နှာစေးချောင်းဆိုး ဖြစ်နေ လို့ကွ …"





"ငါတောင် ထမင်းထွက်မစားဘဲ စောင့်နေသေးတာ … စောစောလေးကမှ ဗိုက်ဆာလို့ သွားစားလိုက်ပြီ … မင်း ရော ဘာစားပြီးပြီလဲ …"

"ငါ ရထားပေါ်မှာပဲ စားလိုက်တယ် …"

"အလို … တယ် ပြောင်းလဲနေပါလား … အရင်ကတော့ ရထားပေါ်မှာ ဘာမှ မှာစားလေ့မရှိပါဘူး …"

သူငယ်ချင်း ဟန်ဇော်စကားကို ယောမင်းက ဘာမှ ပြန်မဖြေရှင်းတော့ဘဲ ပြုံးရုံပြုံးနေလိုက်သည်။ တကယ်တမ်း ပြောရ မည်ဆိုလျှင်တော့ ဟိုအူတူတူ အမျိုးသမီးက အတင်းအဖော်လုပ် နိုင်းလို့သာ ရထားပေါ်က အစားအသောက်ကို စားဖြစ်တာ။

ဒီအကြောင်းတွေတော့ ဘယ်သူ့ကိုမှ ပြန်မပြောချင် တော့ပါဘူး။ တော်ကြာ အကြောင်းမသိသည့်ကောင်က ကိုယ့်ကို စွတ်စက် အထင်ကြီးချင်ကြီး …၊ ဒါမှမဟုတ် ချောက်တွန်းသည့် သဘောနဲ့ စွတ်နောက်ချင်နောက် လုပ်နေဦးမည်။

"မင်းအတွက် … ငါ အဆောင်မှာ အခန်းတစ်ခန်း စီစဉ်ထား တယ် … ငါနဲ့ တစ်ခန်းထဲတော့မဟုတ်ဘူး … ငါ့အခန်းက

နေဇော်ဆိုတဲ့ ကောင်လေးရှိပြီးသားမို့လို့ ... မင်းက လောလောဆယ်တော့ တစ်ခန်းလုံးမှာ တစ်ယောက်တည်း နေရဦးမည် ... နောင် အခန်းဖော် ရောက်လာရင်တော့ နှစ်ယောက်ပေါ့ ... ”

“ဒါဆို ... အခန်းဖော်မရမချင်း ငါက နှစ်ယောက်စာပေးပြီး နေရမှာပေါ့ ... ဟုတ်လား ... ”

“မပေးရပါဘူးကွာ ... တစ်ယောက်စာပါပဲ ... အဲ ... မင်းပစ္စည်းတွေတော့ စည်းကမ်းရှိရှိနဲ့ တစ်ခြမ်းစာပဲ နေရာချပေါ့။ သူများဘက် သွားမကျူံစေနဲ့ ... သူဌေးသားကလည်း ကပ်စေးနှဲနေလိုက်တာ ... ”

“ကပ်စေးနှဲတာတော့ မဟုတ်ဘူးပေါ့ ... အလကားသက်သက်ကြီးတော့ အပိုကုန်မခံချင်ပါဘူး ... လိုအပ်တယ်ဆိုရင်တော့ လုံးချင်းအိမ်တစ်လုံးငှားပြီး နေရလည်း အကြောင်းမဟုတ်ဘူး ... ”

“ဒါဆိုလည်း ငှားနေလိုက်ပါလား ... ငါလည်း အဆောင်ကပြောင်းလာပြီး နေပေးမယ်လေ ... အဆောင်စရိတ်သက်သာတာပေါ့ ... ”





“တစ်ယောက်တည်းနေရတာ ပျင်းခြောက်ခြောက်ကြီးကွ၊ အများနဲ့ ရောနေရမှ အမြင်ကျယ်မှာ ဗဟုသုတလည်း စုံတာပေါ့ ... ”

ဟန်ဇော်က ဘာပဲဖြစ်ဖြစ် ကပ်စေးနှဲတာကတော့ နည်းတာပါပဲဟု စိတ်ထဲက ပြောနေသည်။

ယောမင်းဟာ ကောင်းတာတွေလည်း ရှိပါရဲ့။ တစ်ခါတစ်ရံကျတော့လည်း ပြောပြလို့မရနိုင်လောက်သည့် ခွတီးခွကျနိုင်မှုတွေနဲ့ အမြင်ကတ်စရာ ကောင်းနေတတ်ပြန်သည်။

ဒါကြောင့်လည်း ဒီကောင်ဟာ အသက်ဆုံးဆယ်နီးလာသည်အထိ ရည်းစားမရှိသေးတာ။ ဟွန်း ... မိန်းမတော့ဖြင့် မလိုချင်တာလည်း မဟုတ်ဘဲနဲ့။

“စကားမစပ် မေးရဦးမယ် ... ငါတို့ ကျောင်းတုန်းကကွာ ကွင်းတော့မဟုတ်ဘူး ... ဒါပေမဲ့ ကွင်းရတဲ့တစ်ယောက် ထက်တောင် နာမည်ကြီးသေးတာ ... သူ့နာမည်ကွာ ... ကျွတ် ... ပါးစပ်ဖျားလေးတင် မေ့နေတယ် ... ”

“ဘယ်လိုပုံစံမျိုးလဲ ... ”

“ချောတယ်ကွာ ... အသားဖြူဖြူ ... ဆံပင်က ကျောလယ်

လောက်ကို အဖြောင့်ချထားတယ် ... မြန်မာဝတ်စုံဝတ်တာ များတယ် ... ဖိနပ်ကျတော့ ကတ္တီပါပုံတော်ဖိနပ် ... "

"သိပြီ ... ဖိနပ်အကြောင်း ပြောလိုက်တော့မှ ကောင်းကောင်းကြီး သဘောပေါက်သွားပြီ ... ကလျာနှင်းနု မဟုတ်လား ... "

"အေး ... အေး ... ဟုတ်တယ် ... ကလျာ ... သူ ... သူရော ... အခု ဘယ်မှာလဲ ... "

ယောမင်း ရန်ကုန်ဆင်းလာရခြင်းရဲ့ ရာဇဝင်ကို သိထားနှင့်သော ဟန်ဇော်ကတော့ ထိုမေးခွန်းအတွက် ရယ်ပဲရယ်ချင်နေသည်။

သူ့ သူငယ်ချင်းဟာ အဖေကမဖြစ်မနေ မိန်းမယူရမယ်လို့ အမိန့်တော်ချမှတ်လိုက်တာနဲ့ပဲ ကြိုရာဆုံရာ မိန်းမတစ်ယောက်ကို ဆွဲကြိုက်ဖို့ ကြိုးစားနေလိုက်တာ။ ဟိုးရှေးအဝေသကီက ရာဇဝင်ဟောင်းတွေကိုပါ တူးဖော်လို့။

"ကလျာနဲ့ ငါနဲ့ လွန်ခဲ့တဲ့တစ်ပတ်လောက်ကမှ တွေ့သေးတယ် ... "





"ဟေ ... ဟုတ်လား ... ဘယ်မှာတွေ့တာလဲ ... သူရော အရင်ကအတိုင်းပဲလား ... ပုံစံပြောင်းသွားပြီလား ... "

"တွေ့တာကတော့ ငါတူလေးကို ILBCမှာ ကျောင်းမှာကြိုရင်းတွေ့တာပဲ ... သူကအရင်ပုံစံအတိုင်းပါပဲ ... တိုးလာတာဆိုလို့ တစ်ခုပဲရှိတယ် ... သူလက်ဆွဲထားတဲ့ ချာတိတ်လေး ... သူ့သားတဲ့ ... "

"ဟာကွာ ... "

"ဟီး ... ဟီး ... "

စိတ်ပျက်လက်ပျက် ဖြစ်သွားသော ယောမင်းကို ဟန်ဇော်က တဟားဟား ရယ်မောလှောင်ပြောင်မဆုံး။

ဟန်ဇော့်ကိုလည်း အပြစ်တင်စရာတော့မရှိပါ ...။ ကိုယ်အဖြစ်ကြီးကိုက ကြည်နူးစရာမရှိ အူကြောင်ကြောင်ကြီး ဖြစ်နေရတာ။

မွေးသဖခင် ကျေးဇူးရှင် ... သူရက်စက်လို့ ကိုယ့်မှာ ငပေါကြီး ဖြစ်လိုဖြစ်၊ မယားတ, ရှူးကြီးဖြစ်လိုဖြစ်။

"မင်းအတွက် ရည်းစားတစ်ယောက်အမြန်ဆုံးရဖို့ လိုအပ်နေတယ်ဆိုရင် ... ငါတို့ အဆောင်နားမှာရှိတဲ့ ကောင်မ

လေးအတွက် အဆင်ပြေနိုင်မဲ့ ကောင်မလေးသုံးယောက် လောက်ရှိတယ် ... "

"မင်းပြောပုံကြီးကလည်းကွာ ... ဖွတ်ဆန်လိုက်တာ ... ရည်းစားတစ်ယောက်ကို မဖြစ်မနေ စီမံချက်ကြီးဆွဲပြီး တကယ့် စိတ်ပါတာမဟုတ်ဘဲ ကြိုရာကောက်ယူရတော့ မလို ... "

"အေးလေ ... မင်းအဖြစ်က ဒီလိုပဲဖြစ်နေတာကိုး ... ကိုယ်တိုင်ရှာရင်ရှာ ... မရှာနိုင်ရင် အဖေပေးစားတာယူရ မယ်ဆိုတော့ မင်းကအဖေပေးစားတာလည်း မယူချင် ... နိုင်ငံခြားမှာဆိုကွာ ... ဒီကိစ္စမျိုး အောင်သွယ်လက်ထဲ အပ်ပြီးစကားပြောကြည့် ... သဘောကျလို့အတွဲ ဖြစ်သွား တာတွေမှ ဒုနဲ့ဒေး ... "

"အဲဒီပုံစံကြီးက ရှက်စရာကြီးကွာ ... မင်းစဉ်းစားကြည့် ... ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ့်ကိုကြိုက်လို့ မဟုတ် ဘဲ ဘယ်သူ့ရရယူပါ့မယ်ဆိုပြီး ယောကျ်ားလိုချင်သူစာရင်း ထဲမှာ မှတ်ပုံတင်ထားတဲ့ မိန်းမတစ်ယောက်ကို လိုချင်ပါ့





မလား ... မိန်းမတစ်ယောက်အတွက်ကလည်း ဘာအလုပ် ရရဝင်လုပ်မယ်ဆိုပြီး လေဘာရုံးမှာ လျှောက်လွှာတင်သလို တင်ထားတဲ့ ယောကျ်ားမျိုးကို ဘယ်လိုလုပ်ပြီး ကြည်ဖြူ နိုင်မှာလဲ ... "

"အတွေးမခေါင်နဲ့လေ ... ဒီခေတ်က အိုင်တီခေတ် အီးခေတ် လူတွေဟာ အသိညဏ်တိုးတက်ရေး ... လူနေမှုဘဝတိုး တက်ရေး ... ကမ္ဘာကြီးတိုးတက်ရေးအတွက် အချိန်ပြည့် လှုပ်ရှားနေကြရတာ ...ဃရာဝါသကိစ္စတွေအတွက် အချိန် ကို အပိုမသုံးနိုင်တော့ဘူးကွ ... အဲဒါကြောင့် ကြားထဲက အကျိုးဆောင်တွေက သူတို့ဘဝရဲ့လိုအပ်ချက်တွေကို ဖြည့် ဆည်းပေးကြရတာ ... "

"မင်း ပြောပုံဆိုရင် စက်ရုပ်နှစ်ရုပ်ပေါင်းပြီး စက်ရုပ်လေး တစ်ရုပ် ထပ်ထွက်လာတာနဲ့တောင် တူနေပါပြီကွာ ... ဒီ လောက်တော့လည်း ရုပ်ကြမ်းဝါဒ မဆန်စမ်းပါနဲ့ ... လူဆို တာ တစ်ခါတစ်ခါတော့ နှလုံးသားရဲ့ ခံစားချက်ကို ဦးစား ပေးသင့်ပေးရမှာပေါ့ ... "

ဟန်ဇော်က ယောမင်းကို ကြည့်ကာပြုံးသည်။ သူ့အပြုံးက ရာထောင်ချီသော စကားလုံးတွေထက်ပင် အဓိပ္ပာယ်ထာ, သွားသေးတာမို့ ယောမင်းကတော်တော်လေး မခံချိမခံသာ ဖြစ်သွားရလေသည်။

"အဲဒီလို မပြုံးပါနဲ့ကွ … မင်းက … "

"ပြုံးတာများ လိုက်ပြီးကန့်သတ်ချင်နေသေးတယ် … "

"ငါသိပါတယ် … မင်းက ငါ့ကို ငပေါငကြောင်ဆိုပြီး လှောင်ချင်တဲ့သဘော … ဒီအရွယ်ရောက်မှများ စိတ်ကူးယဉ်ချင်ရသေးသလား ဆိုပြီး ကဲ့ရဲ့တဲ့သဘောနဲ့ ပြုံးတာ … "

"မဟုတ်ပါဘူးကွာ … ငါ့သူငယ်ချင်းက လူကောင်သာထွားတာ စိတ်ကတော့ ခပ်နုနုရယ်လို့ တွေးမိလို့ပါ … "

ဒါလည်း ဘာထူးလဲ … ။ လူတွေပြောကြသလို ရုပ်ကြမ်းကြီးနဲ့ နုမနေနဲ့ ဆိုတာမျိုးနဲ့အတူတူပဲ။

"အင်း … ဘာပဲ ဖြစ်ဖြစ် ရည်းစားတစ်ယောက်ကတော့ ရအောင်ရှာရမှာပဲ … ငါ့အဖေနဲ့ ငါက စိတ်သဘောထားချင်းလုံး၀ တိုက်ဆိုင်တာ မဟုတ်ဘူးကွ … သူရှာလာတာတွေဆိုရင် ပိုဆိုးမှာ … "

စေတနာစာပေ



သူ့အဖြစ်ကြီးဟာ … အတော်စိတ်ပျက်ချင်စရာကောင်းနေပြီ။ သူရွေးချယ်လိုက်သည့် မိန်းကလေးအတွက်လည်း (တကယ်လို့ ရင်ထဲက နှစ်နှစ်ကာကာ ချစ်မိသွားတာမျိုးသာ မဟုတ်ဘူးဆိုလျှင်) အတော်စိတ်ဆိုးစိတ်နာချင်ဖွယ်။

ထူးတော့လည်း မထူးပါဘူးလေ။ အဖေပေးစားတဲ့ မိန်းမကို အသာတကြည် ယူလိုက်တော့ရော ဒီအဖြစ်အပျက်ထက် ဘယ်လောက်များ ပိုကောင်းလာနိုင်မှာ မို့လို့လဲ။

ငယ်ငယ်တုန်းက စိတ်ကူးယဉ်ခဲ့မိသည့် ကိုယ် တကယ်နှစ်နှစ်ကာကာ ချစ်မိပြီး တကယ်ရင်ခုန်သော မိန်းကလေးနဲ့မှ အိမ်ထောင်ပြုမည်ဆိုတဲ့ စိတ်ကူးယဉ်မှုမျိုးကတော့ ဒီအချိန်မှာ တကယ့်ကို အဝေးဆုံး။

စေတနာစာပေ

သူ့လုပ်ရပ်က နည်းနည်းတော့ အူကြောင်ကြောင်နိုင်သည်။

စဉ်းစားကြည့်လေ။ ကျောင်းတုန်းက တစ်တန်းထဲ အတူတက်ခဲ့ကြသည် ဆိုပေမဲ့ သူငယ်ချင်းမဟုတ်သော၊ မေးတူးခေါ်ပြော လမ်းတွေ့ပြုံးပြ အဆင့်ထက်မကျော်သော မိန်းကလေးတစ်ယောက်ထံကို ကျောင်းပြီးလို့ ရှစ်နှစ်လောက်ကြာမှ သွားတွေ့သည့်အဖြစ်။ ဘယ်လောက်ကမောက်ကမနိုင်လိုက်သလဲ။

ဒါတောင် မေမိုးသက် ဆိုသည့်ကောင်မလေးက ကျောင်းမှာ ဆရာမပြန်လုပ်ပြီး ဆရာမတွေအတွက် ပေးထားသည့် အဆောင်မှာပဲ နေတာမို့နော်။ ကိုယ့်အိမ်မှာ ကိုယ်သာနေတာဆို





လျှင် သွားလည်ရတာ ဘယ်လောက်တောင် မျက်နှာပူစရာကောင်းလိုက်မလဲ။

ကံကောင်းထောက်မစွာဘဲ မေးမိုးသက်က သူ့ကို မှတ်မိကာ ဖော်ဖော်ရွေရွေ နှုတ်ဆက်ရှာပါသည်။

"ကိုယောမင်းလည်း ကျောင်းပြီးကတည်းက ပျောက်သွားလိုက်တာနော် ... ကိုဟန်ဇော်နဲ့မှ တစ်ခါတလေတွေ့ဖြစ်သေးတယ် ... "

"ကျွန်တော်မန္တလေး ပြန်သွားတာခင်ဗျ ... ဟိုမှာပဲ မိဘလက်ငုတ်လက်ရင်းကို ဆက်လုပ်နေတာလေ ... ရန်ကုန်ဆင်းစရာအကြောင်းလည်း သိပ်မရှိတော့ မရောက်ဖြစ်ဘူးပေါ့ ... ကိစ္စရှိလို့ ဆင်းလာလည်း လုပ်စရာလေးအမြန် ဖြတ်ပြီး ပြန်သွားတာက များတော့ ... ဘယ်သူငယ်ချင်းဆီမှ မရောက်ဖြစ်ဘူး ... သတိကူတော့ရနေတာပေါ့ဗျာ ... "

ကိုယ့်ဘာသာတော့ စကားတစ်ခွန်းထည့်လိုက်နိုင်ပြီဆိုပြီး ယောမင်းက ကျေနပ်သွားသည်။ လူချင်းသာမတွေ့ကြပေမဲ့ သူမကိုတော့မမေ့ဘူး၊ သတိရပါတယ်ဆိုသည့် သဘော။

မေမိုးသက်ကတော့ ယောမင်းရဲ့ စကားအသွား

အလာကို သတိထားမိသလား ... မထားမိသလား မပြောတက်။ မျက်နှာထားကတော့ အပြောင်းအလဲမရှိ၊ ခပ်တည်တည်ပင်။

"မိုးက ဒီမှာ ဝင်လုပ်တာကြာပြီလား ... "

"အင်း ... ကြာပြီ ... ကျောင်းပြီးတော့ နှစ်နှစ်လောက်နား လိုက်သေးတယ်လေ ... အဲဒီနောက် ဝင်လုပ်တာဆိုတော့ ခြောက်နှစ်နီးပါးရှိပြီပေါ့ ... "

"ကောင်းတယ်ဗျာ ... ကိုယ်တက်ထားတဲ့ ပညာကို ပြန် အသုံးချနိုင်တာ ... ပြီးတော့ ကျောင်းအဝန်းအဝိုင်းထဲမှာ ပဲ နေရလို့လားမသိဘူး ... လူက နုပျိုလန်းဆန်းပြီး ကျောင်း သူဘဝတုန်းကအတိုင်းပဲ ... "

ဒုတိယကိုး။

လူပျိုပေါက်ကလေး မဟုတ်တော့ပြီမို့ ကိုယ်ပြော ချင်တာကို တိုက်ရိုက်တော့ မပြောရဲတော့။ အခုလို သွယ်ဝိုက်ပြီး တစ်ခွန်းစ, နှစ်ခွန်းစပြောခွင့်ရနေတာကိုက ကိုယ့်အခြေအနေကိုယ် အတော်ဟုတ်နေပြီလို့ သတ်မှတ်ရမှာ။

"ကိုယောမင်းလည်း မပြောင်းလဲပါဘူး ... နည်းနည်းဝလာ သလိုရှိတာလေးတစ်ခုပဲ ... "





"အေးဗျာ ... အသက်ကြီးလာတော့ အဆီတက်လာတာ ပေါ့ ... အမေကလည်း ဟင်းချက်ကောင်းတယ်လေ ... ကျောင်းတုန်းက အမေ့လက်ရာနဲ့ ဝေးနေလို့ ပိန်နေတာဗျ၊ အခုတော့ နေ့တိုင်းအမေ့လက်ရာ စားရတော့ စားကောင်း တာနဲ့ပဲ ဘော်ဒီဝိတ်ကို မထိန်းနိုင်တော့ဘူးဖြစ်နေတယ်"

အမေ့လက်ရာစားနေရတယ်ဆိုကတည်းက ကိုယ့် မှာ အိမ်ထောင်မရှိသေးပါဘူးဆိုတာ သွယ်ဝိုက်ကြေညာတဲ့ သဘော။ ဘာတိယကိုး။

"အားကစားရော လုပ်ဖြစ်သေးလား ... ကျောင်း တုန်းက ကိုယောမင်းက ဘောလုံးကန်တယ် ထင်တယ်နော်"

ကျော့ထဲ တစ်ချက်စိမ့်ခနဲ ဖြစ်သွားသည်။ ကိုယ် တစ်ဂိုးပြီးတစ်ဂိုးထည့်နေတာကို သိသွားလို့များ သူမသိကြောင်း ပြသည့် အနေနဲ့ တမင်ပြောထည့်လိုက်တာလား။

"အမှန်ကျောင်းတုန်းက ယောမင်းဟာ ဘတ်စကက် ဘောကစားတာပါ။ ဘောလုံးလက်ရွေးစင်မဟုတ်။ ဒါကို မေမိုး သက် အမှတ်မှားတာလား၊ ရွဲ့တာလား။

"အားကစားလည်း မလုပ်ဖြစ်ပါဘူးဗျာ ... အဖော်မှ မရှိတာ၊ မနက်ပိုင်း လမ်းလျှောက်တာတို့ သွေးပူလေ့ကျင့်ခန်းလုပ်တာတို့ ... ဒီလောက်ပါပဲ ... "

"မိုးလည်း ဘာအားကစားမှ ထိထိရောက်ရောက် မလုပ်ဖြစ်ပါဘူး ... မှတ်မိတယ် မဟုတ်လား ... ကျောင်းတုန်းက မိုးက တိုက်ကွမ်ဒို လက်ရွေးစင်လေ ... "

အာ ... ဟုတ်ပေသား။ ဒါကို သူမေ့နေခဲ့သည်။

မေမိုးသက် ဒီစကားထည့်ပြောတာကရော သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ဘုရားသိကြားမ, လို့ တခြားဘာအဓိပ္ပာယ်နဲ့ ပြောတာမှ မဟုတ်ပါစေနဲ့ဗျာ။ ရိုးရိုးသားသား ပြောတာပဲ ဖြစ်ပါစေ။

တဖြည်းဖြည်းနဲ့ စိတ်ထဲမှာ မေမိုးသက်နဲ့ စကားပြောရတာဟာ ပညာပြိုင်ပွဲတစ်ခုလုပ်နေရသလို ထင်မှတ်လာပြီး သူ့အနေအထားဟာလည်း အရှုံးဘက်ရောက်နေသည့် လက်ဝှေ့သမားတစ်ယောက်လို ကြိုးဝိုင်းထောင့်မှာ ပိတ်မိမှန်းမသိ ပိတ်မိနေသလို ခံစားလာရသည်။





"သြော် ... ဒါနဲ့ မေ့နေလိုက်တာ ခဏနေဦးနော် ... "

မေမိုးသက်က ကောက်ခံနဲ့ထပြီး အဆောင်အတွင်းဘက်သို့ ဝင်သွားသည်။

သူမ တစ်ခုခုသွားယူတာတော့ သေချာသည်။ အဲဒါဟာ ဘာဖြစ်သလဲ။ တိုက်ကွမ်ဒိုဝတ်စုံတော့ မဟုတ်လောက်ဘူးထင်ပါရဲ့။

ချက်ချင်းပဲ မေမိုးသက် ပြန်ထွက်လာလျှင် သူမလက်ထဲမှာ စာအိတ်တစ်လုံးကလွဲလို့ သေစေလောက်သည့် ဘာလက်နက်မှမပါတာကို တွေ့ရမှ ယောမင်းက သက်ပြင်းချနိုင်သည်။

"ကံကောင်းလို့ မေ့တော့မလို့ ... ကိုယောမင်း ဒီလောက်တိုက်တိုက်ဆိုင်ဆိုင်ရောက်လာမှ မဖိတ်လိုက်ရရင်တော့ မိုးကိုယ်မိုး အပြစ်တင်လို့ဆုံးမှာမဟုတ်တော့ဘူး ... "

မေမိုးသက်က ဖိတ်စာတစ်စောင်ပေါ်မှာ ကိုယောမင်း၊ ကိုဟန်ဇော်ဆိုသည့် စာလုံးတွေချရေးနေသည်။

"ဘာဖိတ်စာများလဲ ... မွေးနေ့လား ... ဘုရားကိုးဆူလား အလှူလား ... "

"မင်္ဂလာဆောင်ဖိတ်စာပါ ... ရှေ့လခုနှစ်ရက်နေ့ကျရင် မိုးဝက်ဒင်းရှိတယ်လေ ... ဆက်ဆက်လာခဲ့ရမှာနော် ... "

ကိုယ့်ရှေ့ ထိုးပေးလိုက်သောဖိတ်စာကို လှမ်းအယူမှာ လက်တို့မနေစေဖို့ မနည်းကြိုးစားလိုက်ရသည်။

စောစောက ... အခန်းထဲဝင်ယူသော ပစ္စည်းဟာ မင်္ဂလာဆောင်ဖိတ်စာမဟုတ်ဘဲ သေစေလောက်သော လက်နက်တစ်ခုခုဖြစ်တာကမှ တော်ပေဦးမည်။





"ဘယ်လိုလဲ အန်တီလေး ... အဆင်ပြေရဲ့လား ... "
"စိတ်ညစ်စရာကြီးပါ ကြာကြာရယ် ... ညည်းပေးတဲ့ အကြံကလည်း မဟန်ဘူးထင်ပါရဲ့ ... "
"ဟန်မှာပါ အန်တီလေးရဲ့ ... နည်းနည်းတော့ စိတ်ရှည်မှပေါ့ ... "
"ငါ့စိတ်ထင်တော့ ဒီကိစ္စကြီးက သဘာဝလည်း မကျ ... ရှက်စရာလည်း ကောင်းသလိုပဲ ... "
"ကြာကြာကတော့ အဖက်ဖက်က သေချာတွက်ချက်ပြီးတော့မှ ပေးတဲ့အကြံပဲ ... "
"ပေါ်သွားရင် ရှက်စရာ ... "

"ရှက်တာတစ်ခုတည်းနဲ့ ကိုယ့်ဘဝကို ရေစုန်မျှောမပစ်နိုင်ဘူးလေ ... ဒီခေတ်ကြီးထဲမှာ ဘာပဲလုပ်လုပ် သေသေချာချာစုံစမ်းနိုင်မှ ကောင်းတာ ... အင်တာဗျူးလုပ်ရုံလောက်နဲ့တော့ အဖြေမှန်ကိုသိရမှာမဟုတ်ဘူး ... "

ဟုတ်လေလား၊ မဟုတ်လေလားတော့မသိ။ ကြာကြာတို့ ကလေးတစ်သိုက်ကတော့ ကောင်းပြီကောင်းရဲ့နဲ့ မြှောက်ပေးတာပင်။ သူတို့မြှောက်ပေးတုန်းကတော့ အပြောကောင်းတာနဲ့ပဲ ဒီအစီအစဉ်ကြီးဟာ ဟုတ်နိုးနိုး၊ ကြာတော့ လူကြီးတစ်ယောက် ၃ ၂နနဲ့ ကလေးတွေ မြှောက်ပေးသမျှ လိုက်လုပ်နေရတာဟာ အဓိပ္ပာယ်မရှိဘူးလို့ တွေးမိလာသည်။ ရှက်စရာလည်း ကောင်းတာပေါ့နော်။

"တွေဝေမနေစမ်းပါနဲ့ အန်တီလေးရာ ... ကိုယ့်ကိုယ်ကိုယ်များ အသက်ခြောက်ဆယ်ကျော်အဘွားကြီးကျနေတာပဲ ... လူငယ်ဆန်ဆန်တွေးစမ်းပါ ... "

"ဟဲ့ ... ငါ့အသက်သုံးဆယ်ရှိနေပြီ ... နင်တို့ကလေးတွေလို စိတ်အလိုလိုက်လို့ရတဲ့ အရွယ်မဟုတ်တော့ဘူး ... "

"သုံးဆယ်ဆိုတာ ဒီခေတ်ထဲမှာ ဘယ်လောက်မှကြီးသေး





တာမဟုတ်ဘူး ... အန်တီလေးက ကိုယ့်ကိုယ်ကို လျှော့ပြီး တွက်နေတာကိုး ... အဲဒီလိုတွက်ရင် ကိုယ်ပဲ ရှုံးမှာ ဘာဖြစ်လဲ ... တကယ်လို့ သုံးဆယ်ဟာ အသက်ကြီးသွားပြီဆိုတော့ရော အခုလိုလုပ်တဲ့အတွက် ဘယ်သူက တရားစွဲနိုင်မှာလဲ ... "

"တရားစွဲခံရတာထက် ကိုယ့်သိက္ခာကိုယ်ချမိတာက ပိုဆိုးတယ် ... "

"သိက္ခာလည်းကျစရာမလိုဘူး ... ကျွတ် ... ပြောရခက်လှပါလား အန်တီလေးရာ ... ဒီမှာ ဖုန်းဖိုးလည်း ကုန်လှပြီတော်ကြာအဆူခံရဦးမယ် ... ဖုန်းချလိုက်တော့မယ်နော်"

သူ့ဘက်က ပြောချင်တာပြောပြီးတာနဲ့ ကြာကြာကချက်ချင်းကိုပဲ ဖုန်းချလိုက်တော့တာပင်။

ကြာဖြူပန်းဆိုတဲ့ ကောင်မလေးဟာ အသက်ငယ်ပေမဲ့ အတော်လည်း 'ထွင်'နိုင်တဲ့ကလေးမပင်။ ကြာကြာ စဉ်းစားလိုက်တိုင်းမှာ အထူးအဆန်းတွေဖြစ်ဖြစ်နေတတ်ပြီး လူတိုင်းလက်ဖျားခါ အံ့သြရလောက်သည့်စိတ်ကူးမျိုးလည်း ဖြစ်နေတတ်သည်။

သော်ကပန်းခများလည်း အထက်က ကိုယ့်အစ်မတွေဟာ ကိုယ်နဲ့ အသက်ကွာလှကာ ငယ်ငယ်ရွယ်ရွယ်နဲ့လည်း အိမ်ထောင်ကျကြပြီး လူကြီးတန်းဝင်ကုန်ကြသည့်အခါ သူတို့နဲ့လည်း တက်ပေါင်းလို့မရတာမို့ ကိုယ့်ထက်ငယ်သည့် တူမလေးတွေကိုပဲ အဖော်ပြုရတာ။ ဒီတော့ တူမလေးတွေရဲ့ပေါက်ကရအကြံအစည်အားလုံးကို မကြီးမငယ်နဲ့ လိုက်လုပ်နေရတော့တာပင်။

တစ်လျှောက်လုံးလုပ်လာသည့် ပေါက်ကရတွေထဲမှာ ဒီတစ်ခါကတော့ အဆိုးဝါးဆုံးနဲ့ အကြီးမားဆုံးဖြစ်မည်ထင်သည်။

ကြာကြာတို့ ကလေးတစ်သိုက်ကတော့ သူတို့ရဲ့ အကြံအစည်ဟာ တကယ့်တန်းဝင်ပေမဲ့ ဂန္ထဝင်မြောက်အကြံအစည်ကြီးရယ်လို့ သတ်မှတ်ကာ သိပ်ကိုတက်ကြွနေကြတာပင်။

မန္တလေးမှာ ကျန်ခဲ့သည့် ကြာကြာသာမက ရန်ကုန်မှာ ရှိနေသည့် မာမာနဲ့ စကားတို့နှစ်ယောက်သည်လည်း ဒီအစီအစဉ်မှာ တစ်တပ်တအား။

ဒါတောင် ... နိုင်ငံခြားရောက်နေသည့် စာစာတစ်





ယောက် မရှိသေးပေလို့။ မရှိပေမဲ့လည်း ထူးတော့မထူးပါဘူးလေ။ တစ်နေ့တစ်နေ့ အီးမေးလ်တွေ၊ စာတွေ၊ ဖုန်းတွေ မရိုးရအောင်ဝင်ကာ ဒီကအခြေအနေတွေကို လှမ်းစုံစမ်းခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပြစ်တင်ဝေဖန်ခြင်း၊ ချီးကျူးထောက်ခံခြင်းစသည့် အလုပ်တွေကို စာစာက လုပ်နေတာပဲ မဟုတ်လား။

မိန်းကလေး လေးယောက်ဟာ ... ဘာပဲလုပ်လုပ် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းရှိရသည့်ကြားထဲ သူတို့အချစ်ဆုံး အဒေါ်ရဲ့ အိမ်ထောင်ရေးကိစ္စဖြစ်နေသောအခါ ပိုပြီးစည်းလုံးညီညွတ်ကာ စိတ်ဝင်စားမှုလည်း အပြည့်အဝရှိကာ အကြံကုန်၊ ဉာဏ်ကုန် ထုတ်သုံးကြတော့တာ။

ဒေါ်အာသာဝတီဆိုသည့် အမျိုးသမီးကြီးတစ်ယောက်ကနေ မွေးလာတော့ သမီးက သုံးယောက်။ သဇင်ပန်း၊ မြတ်လေးပန်း၊ သော်ကပန်း။ သဇင်ပန်းကမွေးတော့ သမီးနှစ်ယောက် ...။ စကားပန်းနဲ့ သစ္စာပန်း။ မြတ်လေးပန်းက မွေးတာလည်း သမီးနှစ်ယောက်ပဲ။ ယင်းမာပန်းနဲ့ ကြာဖြူပန်း။

ပန်းနာမည်မှည့်ထားသော အဘွားကနေ ဆင်းသက်လာလိုက်တာ သမီးတွေရော၊ မြေးတွေရော အားလုံး ပန်းနာမည်

တွေ။ ဖြစ်ချင်တော့ မွေးလာသမျှကလည်း မိန်းကလေးတွေချည်းပဲ ဖြစ်နေပြန်သည်။

မိန်းကလေးတွေသာဖြစ်တာ။ အားလုံးဟာ ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက်။ ဉာဏ်ရည်ဉာဏ်သွေးလည်း မြင့်မားကြပြီး ရဲရဲရင့်ရင့်လည်း ရှိကြသည်။ တော်ရုံယောကျ်ားလေးတွေထက်ပင် ထူးချွန်ကာ လုပ်နိုင်ကိုင်နိုင်လည်း ရှိကြတာမို့ မိန်းကလေးဖြစ်ပေမဲ့ ဘယ်နေရာမှ မျက်နှာငယ်တာမျိုးမရှိချေ။

ကဲ ... ဒီလိုအခြေအနေမျိုးမှာ သော်ကပန်းဟာ ယောကျ်ားတစ်ယောက်ရဖို့အတွက် တပင်တပန်း ကြိုးစားအားထုတ်နေရပါတယ်ဆိုလျှင် ကြားလို့မှ ကောင်းကြပါဦးမလား။

တကယ် ပြောရလျှင်တော့ ... သော်ကပန်းက ယောကျ်ားမလိုချင်ပါဘူး။ ယောကျ်ားဆို ကြောက်ပါပြီဆိုပြီး ခါးခါးသီးသီး ငြင်းဆန်ရှောင်လွှဲတာမျိုးတော့ မဟုတ်။ ဒီတစ်သက်တော့ အပျိုကြီး လုပ်ပါတော့မည်ရယ်လို့ ဆုံးဖြတ်ချက်ချထားတာလည်း မဟုတ်။ ဒါပေမဲ့ မဖြစ်မနေ စီမံကိန်းချမှတ်ပြီး ယောကျ်ားယူရတာမျိုးကျတော့လည်း စိတ်ညစ်စရာကောင်းနေပြန်သည်။





ခက်တာက မေမေ့ကို ဘယ်လိုမှ ငြင်းဆန်တားဆီးလို့မရတာ။ စိတ်ကြီးပြတ်သားလှသော မေမေဟာ ကိုယ်လုပ်ချင်တာကိုဆို မဖြစ်ဖြစ်အောင် လုပ်ရမှ။

မေမေ့သမီးပီပီ မေမေ့သွေးပါသော သော်ကပန်းကလည်း ... အလုပ်တစ်ခုကို မဖြစ်မနေလုပ်ရတော့မည်ဆိုလျှင် တောင် ကလန်ကဆန်လေးတော့ လုပ်ပြီးမှ၊ အထွန့်ကလေးတော့ တက်လိုက်ရမှ။ လျှောလျှောလျှူလျှူကြည်ဖြူလက်ခံသွားသည်ဆိုတာမျိုးဟာ မရှိသလောက်။

သို့သော် ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ မေမေ့သြဇာကို မနာခံဘဲနေလို့မရပေရာ ဒီတစ်ခါလည်း ...

ဂျာနယ်တစ်စောင်ဝယ်လိုက်ပြီးမှ ဒါဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲလို့ ယောမင်းက သဘောပေါက်တော့သည်။

ကိုယ့်အိတ်ထဲပါတာက တစ်ထောင်တန်တွေချည်း။ ဂျာနယ်က တစ်ရာ့ရှစ်ဆယ်။ ပြန်အမ်းမည်ဆိုလျှင် ရှစ်ရာ့နှစ်ဆယ် ပြန်အမ်းရမည်။ သို့သော် မနက်စောစောစီးစီး သိပ်မရောင်းရသေးဟန်တူသော ဂျာနယ်သမားခမျာ အဲဒီလောက် ဘယ်လိုမှ ပြန်မအမ်းနိုင်ရှာ။

မဖြစ်။ ကိုယ့်တစ်ထောင်တန်ကို တစ်နေရာရာမှာ သွားအမ်းမှဖြစ်တော့မည်။ အနီးအနားမှာလည်း အကြွေလဲစရာ ဘာဆိုင်မှမရှိ။ ဂျာနယ်သမားတောင် ကြံရာမရဖြစ်နေတာ ကြည့်ပါလား။





ထိုအချိန်မှာပဲ ကားတစ်စီးထိုးဆိုက်လာကာ လှပသော မျက်နှာလေးတစ်ခုပေါ်လာပြီး ...

"ဈေးကွက်ဂျာနယ်ရှိလားဟင် ... "

ဂျာနယ်သမားက အကြံရသွားကာ ...

"ရှိတယ် အစ်မ ... ဒါနဲ့ အစ်မမှာ တစ်ထောင်ဖိုး အကြွေ ဖျက်ဖို့ ပါလားဟင် ... "

"တစ်ထောင် ... နေဦး ရှာကြည့်လိုက်ဦးမယ် ... "

အတော်အဖိုးတန်မှန်းသိသာလှသည့် ပိုက်ဆံအိတ်ကိုဖွင့်ကာ ပိုက်ဆံရှာနေသော အမျိုးသမီးကို ယောမင်းက ဘာရယ်မဟုတ် အကဲခတ်ကြည့်နေမိသည်။

ချောတာတော့ တော်တော့်ကို ချောသည်။ အသားလေးက ဖြူဝင်းကြည်လင်နေကာ ပြောင်လက်ချောမွေ့လို့။ မျက်လုံးအိမ်က ကျယ်ကျယ်ရှည်ရှည်၊ မျက်တောင်တွေက အထူးရှည်လျားကော့ပျံနေတာမို့ မျက်လုံးအတော်လှသည့် အမျိုးသမီးလို့ ပြောရမည်။ နှာတံပေါ်ပေါ် ဖြောင့်ဖြောင့်၊ လေးကိုင်းလို ကွေးညွတ်ပြည့်တင်းသည့် နှုတ်ခမ်းလေးတွေကလည်း ပုံစံကျကျ။

အသက်အရွယ်ကတော့ ခန့်မှန်းရခက်သည်။ ဆံပင်ကို နဖူးပေါ်တစ်မျှင်မှမကျစေဘဲ အပြောင်သိမ်းကာ နောက်ဖက်မှာလည်း ဆံထုံးလိုမျိုး ခပ်တွဲတွဲလေး ထုံးထားသေး၍ ခပ်ငယ်ငယ်ချာတိတ်မကလေးတစ်ယောက်ပုံတော့ မပေါက်။ သို့သော် အသားအရည်ပြောင်တင်းချောမွတ်ကာ မျက်နှာလေးကြည်လင်ပေါ့ပါးလှတာကိုကြည့်ခြင်းအားဖြင့် အသက်သုံးဆယ်တော့ ပြည့်သေးပုံမပေါ်။ အစိတ်တန်းလောက်ပဲ ရှိမလား။

မျက်နှာက ချောလှရုံတင်မဟုတ်ဘဲ အထက်တန်းကျကာ ထက်မြက်ပြီး ဉာဏ်ရည်ဉာဏ်သွေးလည်း မြင့်မားမည့်ပုံ။

"ဒီမှာ နှစ်ရာတန်လေးရွက်ရယ် ... ရာတန်တစ်ရွက်ရယ် ငါးဆယ်တန်နှစ်ရွက်ရယ်တော့ရှဲရမယ် ... ဒါက တို့အတွက် ဂျာနယ်ဖိုး ... "

သူမမျက်နှာကို ငေးမောပြီး ဝေဖန်ဆန်းစစ်နေမိတာမို့ ကိုယ့်ပိုက်ဆံလဲလို့ရတာတောင် မသိလိုက်။ ဂျာနယ်သမားကောင်လေးက ကိုယ့်လက်ထဲ ပြန်အမ်းငွေ လာထည့်ပေးတော့မှ ယောမင်းက သတိဝင်လာသည်။





သူမကားကလေးက လျှောခနဲ မောင်းထွက်သွားခဲ့ပြီ။ ယောမင်းက ကားအမျိုးအစားနဲ့ ကားနံပါတ်ကို လိုက်မှတ်နေခိုက် ကောင်လေးပြန်အမ်းသော ပိုက်ဆံတွေကို ရေတွက်ပင်မကြည့်တော့ဘဲ အိတ်ထဲ ဒီအတိုင်းထည့်ယူလာခဲ့လိုက်တော့သည်။

လမ်းမှာ မိုက်ဆာလို့ လက်ဖက်ရည်ဝင်သောက်တော့မှ ပိုက်ဆံကိုစစ်ဆေးယူမလာမိသည့်အမှားတွေကို တွေ့တော့သည်။

လား ... လား ... ။ နှစ်ရာတန်သုံးရွက်မှာ နှစ်ရွက်ဟာ စုတ်ပြဲနွမ်းရိလျက် အလယ်က တိတ်နဲ့ပြန်ကပ်ထားရတာတွေ။ ရာတန်တစ်ရွက်ဟာလည်း ထိုနည်းလည်းကောင်း၊ ငါးဆယ်တန်တစ်ရွက်ကဆို ထိပ်ဖျားတောင်မှ စုတ်ပြဲနေပြီ။ အားလုံးမှာ နှစ်ရာတန်တစ်ရွက်နဲ့ ငါးဆယ်တန်တစ်ရွက်ကသာ လူလိုသူလိုကျန်တော့သည်။

လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးက သူထုတ်ပေးသမျှ ပိုက်ဆံတွေကို ရှုံ့မဲ့ကြည့်ကာ တငြင်းထဲ ငြင်းလွှတ်နေသည်။ နောက်ဆုံး ကောင်းကောင်းကန်းကန်းရှိသည့် နှစ်ရာတန်တစ်ရွက်ကျမှ ယူသွားတော့သည်။

အဲဒီတော့မှ ယောမင်းက ဒေါသထွက်ရကောင်းမှန်း သိတော့သည်။။

တောက် ... အကျင့်ပုတ်လှတဲ့ မိန်းမ။ ရုပ်ကလေး သနားကမားနဲ့ စိတ်ကောင်းတစ်စက်ကလေးမှ မရှိ။ ငါ့ပိုက်ဆံ တစ်ထောင်အသစ်ချပ်ချွတ်ကလေးကိုများ လဲပေးသွားလိုက်တာ သူတောင်းစားတောင် လက်ခံမှာမဟုတ်တဲ့ စုတ်ပွေပြတ်ပွေဆိုတာ တွေနဲ့။

သွားပါပြီ။ ဂျာနယ်သမားပြန်အမ်းတဲ့ ရှစ်ရာ့နှစ်ဆယ်မှာ ငါးရာ့ငါးဆယ်ဟာ အလကား။ စက္ကူစုတ်လောက်တောင် အသုံးမကျတော့မဲ့ ပိုက်ဆံတွေ။

ကိုယ်တိုင်ကလည်း ညံ့တာပေါ့လေ။ သူ့ကို ငမ်းကြောထူမိတာနဲ့ ပိုက်ဆံကိုစစ်ကြည့်ဖို့ သတိမရတော့ဘဲ ဒီအတိုင်း ပြန်ယူလာမိတာ။

ရှက်ဖို့တောင် ကောင်းနေပြီ။ ဂျာနယ်သမားလေးကတော့ ငါ့ကို ဘူးထတဲ့လူကြီး ထိတာတောင် မသိဘူးဆိုပြီး ရယ်ချင်နေတော့မှာပဲ။





ယောမင်းက စိတ်တိုတိုနဲ့ ဖတ်လက်စဂျာနယ်ကို ဆတ်ခနဲ ခေါက်သိမ်းပစ်လိုက်သည်။ (အမှန်က ဘာမှမဆိုင်)

သို့သော် ကံဆိုးချင်တော့ အရှိန်နဲ့ ပိတ်ခေါက်လိုက်သည့်ဂျာနယ်စာရွက်အဖျားက လက်ဖက်ရည်ခွက်နှုတ်ခမ်းကို ထိခတ်မိသွားကာ ခွက်က မှောက်ကျပါလေရော။

စီးထွက်လာသော ဆေးရောင်ရဲရဲဆိုးထားသည့် လက်ဖက်ရည်ခပ်ပူပူတွေဟာ ယောမင်းရဲ့ ရုပ်အင်္ကျီဖြူဖြူပေါ်သို့။

---

"အန်တီလေး … ခဏနေဦးနော် … မာမာ့ သူငယ်ချင်း တစ်ယောက်တွေ့လို့ သွားနှုတ်ဆက်လိုက်ဦးမယ် … "

မာမာ ညွှန်ပြရာသို့ သော်ကပန်းက လိုက်ကြည့်လိုက်လျှင် မာမာတို့အရွယ် ကောင်လေးတစ်ယောက်နဲ့ အတူထိုင်နေသူတစ်ယောက်ကို တန်းခနဲ သွားတွေ့လေသည်။

"ယောမင်း … "

"ဟင် … ဘယ်သူ … "

"မာမာ့သူငယ်ချင်းဆိုတဲ့ကောင်လေးနဲ့အတူ ထိုင်နေတာလေ … အဲဒါ ယောမင်းဆိုတာပေါ့ … "

ညီအစ်မ လေးဖော်ထဲမှာ ကြာကြာတစ်ယောက်





တည်း ယောမင်းကို မြင်ဖူးသေးတာမို့ အခုမှမြင်ဖူးသည့် မာမာက တစေ့တစောင်း လှမ်းအကဲခတ်ကာ …

"လူကတော့ ချောချောသန့်သန့်ပဲ … "

"ဒါပေမဲ့ ခပ်ကြောင်ကြောင်ရယ် … "

"အန်တီလေးကလည်း ပြောလိုက်ရင် နှစ်နှစ်နာနာ … သူ့ခများလည်း ကြောင်စရာအကွက်တွေပေါ်လာလို့ ကြောင်လိုက်ရတာ ဖြစ်မှာပါ … "

"မျက်နှာကိုက ကြည့်ပါလား … ထက်မြက်ပြတ်သားမှု ရုပ်နည်းနည်းမှ မရှိဘူး … ယောကျ်ားဆို ဒါမျိုးမကြိုက်ပါဘူး"

"အန်တီလေးက ဦးဘမှန်လိုပုံစံမျိုးကိုမှ ကြိုက်တယ်ပေါ့"

"အောင်မယ်လေး … ဆားနဲ့စားဆို စားပါ့မယ် … ဘမှန်နာမည်ကြီးတော့ မကြားပါရစေနဲ့ … ကြောက်လွန်းလို့"

ဘမှန်ဆိုတာက သော်ကပန်းနဲ့ တစ်ကျောင်းတည်း တစ်တန်းတည်းသား။ ရှစ်တန်း ကိုးတန်းကျောင်းသားဘဝလောက်ကတည်းက သော်ကပန်းကို အသည်းအသန် ပိုးပန်းလာတာဟာ တက္ကသိုလ်ကနေ ဘွဲ့အသီးသီးရပြီးသည့်အထိ။

သူ့ပိုးပန်းပုံက … သူများလို သက်တောင့်သက်သာ မဟုတ်။ တွေ့ရာမှာ အတင်းစကားလိုက်ပြော … ၊ နောက်ကနေ တကောက်ကောက်လိုက်၊ အတန်းရှေ့၊ အိမ်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်။ ဒီကြားထဲ စိတ်မထင်လျှင် မထင်သလို နိုးပြေးမယ်တာကဲကဲ။

သူလို လူကြမ်းစိတ်ကြမ်းကို သော်ကပန်းက ဘယ်လိုလုပ် စိတ်ကူးရဲမှာလဲ။ ပြန်လက်ခံဖို့နေနေသာသာ သူမြင်တာနဲ့ပင် စိတ်ညစ်လှပြီ။

သို့သော် စိတ်ညစ်တာကိုလည်း သူသိအောင် မပြရဲ၊ ကိုယ့်ရင်ထဲက မကြည်ဖြူမှုကိုလည်း မထုတ်ဖော်ရဲ။ ဘမှန်နဲ့တွေ့ပြီဆိုလျှင် သူကျေနပ်အောင်တော့ လိုက်လိုက်လျောလျောခေါ်ပြောရသည်။ ဘမှန်က သိပ်စိတ်မှန်တာမဟုတ်။ သူ့အပေါ် သော်ကပန်းက မကြည်ဖြူဘူးဆိုတာ သိသွားလျှင် အတင်းအဓမ္မကားတင်ပြေးတာတွေ ဘာတွေဖြစ်သွားနိုင်သည်။

ဘမှန်ကို ကြောက်ရလွန်းလို့လည်း ဒီအစီအစဉ်တွေဖြစ်လာရတာ။ တွေးကြည့်လျှင်တော့ ဒင်းဟာ တရားခံစာရင်းထဲမှာ ထိပ်ဆုံးက ပါသည်။





“ကဲပါ အဝေးကလူကို လှမ်းပြီး စိတ်နာမနေပါနဲ့ … အနီးအနားရှိတဲ့လူကိုပဲ နည်းနည်းလောက်လေ့လာရအောင် …”

“ထားလိုက်စမ်းပါဟယ် … ဒီလူလည်း စိတ်ကုန်ပါတယ် မိန်းမဆိုရင် ခပ်ချောချောလှလှကိုမှ စိတ်ဝင်စားချင်တတ်တဲ့ လူမျိုး … ”

“အကြောင်းမသိသေးတုန်းတော့ ရုပ်ချောမချောဘဲ ကြည့်ပြီး ဆုံးဖြတ်ကြရမှာပဲပေါ့ … ဘူစိမ်းပြင်ပြင် မိန်းမတစ်ယောက်ကို ပထမဆုံးအကြိမ်တွေ့တဲ့အချိန်မှာ ချက်ချင်းလက်ငင်း စိတ်ဝင်စားသွားဖို့ဆိုရင်တော့ သူ့ရဲ့ရုပ်ရည်ကြောင့်ပဲ ဖြစ်ရမှာပေါ့ … ”

မာမာက ဘာပဲပြောပြော သော်ကပန်းကဖြင့် မဲ့ရွဲ့ထားသော နှုတ်ခမ်းလေးကို ပြန်မတည့်ဖြစ်ချေ။

“အတော်ပဲ နေဇော်ကို သွားနှုတ်ဆက်ရင်း အဲဒီလူကြီးကို အကဲခတ်ခဲ့ရမယ် … ”

မာမာက သူ့ဘာသာပဲပြောကာ သူ့ဘာသာပဲ ခြေလှမ်းလက်မြန် ထထွက်သွားတော့သည်။

“ဟဲ့ နေဇော် … တစ်ယောက်တည်းလား … ”

ယင်းမာက ယောမင်းတို့စားပွဲနားသွားကာ ယောမင်းဘက်ကို လုံးဝလှည့်မကြည့်ဘဲ မေးလိုက်တာပင်။

လူနှစ်ယောက်ထိုင်နေတာမြင်ပါလျက် တစ်ယောက်တည်းလားဆိုတော့ ယောမင်းက အောင့်သက်သက်ဖြစ်သွားကာ မျက်နှာညို့ချင်သွားသည်။

ဘယ်လိုကောင်မလေးလဲ မသိ ... ။ ရုပ်ကလေးချစ်စရာကောင်းသလောက် ပုံစံကလေးက ဂျစ်ကန်ကန်လေးလိုလို။

မျက်နှာလေးကတော့ သူ ရန်ကုန်ဆင်းလာစဉ်က ရထားပေါ်မှာ တွေ့ခဲ့ရသည့် အမျိုးသမီးကို လိုက်ပို့သော 'ကြာကြာ' ဆိုသည့် ကောင်မလေးရဲ့ ခပ်ဆင်ဆင်။ တစ်ခါမြင်ဖူးရုံနဲ့ စွဲစွဲမြဲမြဲ မှတ်မိချင်စရာကောင်းသည့် ရုပ်မျိုးလေး။

"ငါတို့အဆောင်က အစ်ကိုကြီးနဲ့လာတာဟ ... နင်ရော"

"ငါ့အန်တီလေးနဲ့ လာတာ ... "

"တွေ့တောင် မတွေ့မိဘူး ... နင်သာ လာမနှုတ်ဆက်ရင် ငါ မြင်လိုက်မှာတောင် မဟုတ်ဘူး ... ဘယ်နားထိုင်နေလို့လဲ ... "

"ဟိုဘက်ထောင့်ချိုးအကွေ့နားက စားပွဲလေ ... "





"ငါ့နေရာကကြည့်ရင် ကွယ်နေတယ်ဟ ... "

နေဇော်က သူ့အရင်မတွေ့ဘဲ ယင်းမာက အရင်တွေ့လာကာ နှုတ်ဆက်နေရသည့်အဖြစ်ကို အားလည်းနာ၊ ကျေလည်း ကျေနပ်နေသည်။

ကျောင်းမှာဆိုလျှင်တော့ ယင်းမာက ကိုယ့်စတယ်လေးနဲ့ ကိုယ်။ နေဇော့်ကိုခင်ပေမဲ့ သူမဘက်က အရင်စခေါ်တာမျိုး၊ အကြောင်းမဲ့ လာနှုတ်ဆက်တာမျိုး မလုပ်တတ်။ ဒီတစ်ခါတော့ ဘာစိတ်ကူးပေါက်ရှာသည်မသိ။

"လာထိုင်ဦးလေ ... ဘာစားမလဲ ... "

နေဇော်က ကိုယ့်စားပွဲဘေးမှာ မတ်တတ်လေးရပ်နေရတာမို့ တမင်သက်သက် လောကွတ်လုပ်လိုက်တာပါပဲ။ ယင်းမာ တကယ်ထိုင်ချလိုက်လိမ့်မည်လို့တော့ မထင်ခဲ့။ မထင်မှတ်ဘဲ ယင်းမာက ခုံတစ်လုံးဆွဲထုတ်ကာ သူ့ဝိုင်းမှာ ထိုင်ချလိုက်သည့်အခါ တော်တော်လေး အံ့သြသွားရလေသည်။

"နင်သောက်နေတာ ဘာရေလဲ ... "

ဒီအရောင်ကြီးဟာ သဘော်သီးဖျော်ရည်မှန်းတော့ သိသားပေါ့။ တမင်တကာ စကားမရှိ စကားရှာပြီး မေးရတာ။

"သဘော်သီးဖျော်ရည်လေ ... ကောင်းတယ်ဟ ... သောက်မလား ... "

"နေ ... နေ ... ထပ်မမှာနဲ့ ... နင့်ထဲက နည်းနည်းယူမြည်းမယ် ရတယ်မဟုတ်လား ... "

"ဟာ ... ရတာပေါ့ ... ဘာလို့ မရရမှာလဲ ... "

နေဇော်ကတော့ အပျော်ကြီးပျော်နေပြီ။ ယင်းမာနဲ့သူက ကျောင်းမှာကလွဲပြီး အပြင်မှာမတွေ့ဘူး။ ကျောင်းမှာတုန်းကတော့ ကိုယ့်မာနလေးနဲ့ကိုယ်နေခဲ့တာဖြစ်သော ယင်းမာဟာ သူ့အပေါ် လိုလိုလားလား၊ ကြည်ကြည်ဖြူဖြူမရှိဘူးလို့ ထင်ထားတာ။ ခုကျတော့ ဟုတ်ပါရိုးလား။ တအားကို တရင်းတနှီးခင်ခင်မင်မင်ကိုဖြစ်လို့။ ကြည့်ရတာ ကျောင်းကလူတွေရှေ့မှာမို့ ဣန္ဒြေပျက်မှာစိုးလို့ ဟန်ဆောင်နေတာများလား။

ယင်းမာကို အသေအလဲနှစ်သက်သဘောကျနေရှာသည့် နေဇော်ကတော့ ကိုယ့်အတွေးနဲ့ကိုယ်ပျော်လို့။ ယင်းမာကတော့ ယောမင်းကို အနီးကပ်လေ့လာဖို့ရာ နေဇော်ဘယ်လိုပဲအထင်လွဲလွဲ ဂရုမစိုက်နိုင်အား။





"ဘယ်လိုနေလဲ သဘော်သီး ... "

"ကောင်းသားပဲ ချိုပေမဲ့ ခံတွင်းရှင်းတယ် ... ငါ တစ်ခါမှ မသောက်ဖူးဘူး ... "

ဘာဖြစ်လို့လဲဆိုတော့ သဘော်သီးကို မကြိုက်လို့။ ယင်းမာ စိတ်ထဲက ဆက်ပြောနေမိသည်။

"မနက်ဖြန်မနက်ပိုင်း ဆက်ရှင် နင်တက်မှာလား ... "

"တက်မှာပေါ့ မတက်လို့မှမဖြစ်တဲ့ဟာ ... "

"တက်ရင် ငါ့အတွက် ရိုးကောလ်ကြည့်လုပ်ထားပေးစမ်းပါ ငါ သွားစရာလေးရှိလို့ ... "

"အေးပါ စိတ်ချ ... နေ့လယ်တော့ တက်မှာမဟုတ်လား"

"အင်း ... နေ့လယ်တော့ တက်မှာပါ ... "

စကားမရှိ စကားရှာပြောနေရတာ တော်တော်ကြာပြီ။ အလိုက်မသိတတ်သည့် နေဇော်ကလည်း ဟိုလူကြီးနဲ့ မိတ်ဆက်ပေးဖို့ နည်းနည်းလေးမှ သတိဝင်ပုံမရ။

အစကတော့ ... ကိုယ်ကပဲ စိတ်မဝင်စားသလိုလုပ်ထားပြီး အခုမှ မိတ်ဆက်ပေးလေလို့ ကောက်ခါငင်ကာကြီးပြောရ

မှာကျတော့လည်း မဖြစ်ပြန်ချေ။ ယင်းမာခမျာ အလိုက်မသိတတ်သည့် နေဖော်ကိုသာ အသည်းတယားယား။

"နင် ဒီနေ့တော့ အားနေတာပေါ့ ... "

"ငါက နေ့တိုင်းအားပါတယ် ... "

"အဆောင်ကဲ လာတာလား ... "

"အေး ... အစ်ကိုကြီးကို အဖော်လိုက်ပေးတာလေ ... "

ဒီတော့မှ ယင်းမာက ယောမင်းတစ်ယောက်အနား မှာရှိနေသေးတာကို သတိရသွားသလိုလုပ်ကာ ...

"နင့်အစ်ကိုလား ... "

"မဟုတ်ဘူး ... အဆောင်မှာ အတူနေတာ အစ်ကိုကြီးက မန္တလေးသား ... ရန်ကုန်ကိုရောက်တာ သိပ်မကြာသေးတော့ ဟိုသွားဒီသွားဆို ငါ အဖော်လိုက်ပေးတာများတယ်"

"နင်ကတော့ လူလည်ကြီးပေါ့လေ ... "

"မလည်ပါဘူးဟာ ... အ,လွန်းလို့သာ အခုလိုဖြစ်နေတာ နင်လည်း အသိပဲ ... "

"ကျွတ် ... ကျွတ် ... သနားစရာလေးပါလားနော်"

ယောမင်းက နာရီကိုမသိမသာ ငုံ့ကြည့်မိသည်။





သွားဖို့ ရည်မှန်းထားသည့်အချိန်ရောက်ဖို့ ဆယ်မိနစ်လောက်ပဲ လိုတော့သည်။ ဒီနှစ်ယောက်ရဲ့စကားစက ဆယ်မိနစ်အတွင်းပြတ်ပါ့မလား။

ခုခေတ်ကောင်မလေးတွေများ စကားကိုအရည်မရအဖတ်မရ တယ်ပြောချင်တာပဲ။ အခုပဲကြည့် ... ။ သူငယ်ချင်းယောကျ်ားလေးတစ်ယောက်ရဲ့ဝိုင်းမှာ အတင်းလာထိုင်၊ သောက်လက်စဖျော်ရည်ခွက်ကို ယူသောက်ပြီး စကားတွေ ထိုင်ပြောနေလိုက်တာဟာ တစ်ခုမှ မယ်မယ်ရရမရှိ။ အရေးမပါ။ သူမ ဒီလိုလာထိုင်နေလို့ တစ်ဘက်လူမှာ အနှောက်အယှက် ဖြစ်မလား။ မဖြစ်ဘူးလားဆိုတာလည်း ထည့်တွေးပုံမရ။

ခက်နေတာက ကိုယ့်ကောင်ကြီးကလည်း ဒါကိုပဲ တဟီးဟီးနဲ့ အတော်သဘောတွေ့နေသည့်ပုံ။ ကြည့်ရတာ နေဖော်ဟာ ကောင်မလေးကို ကြိုက်နေတာပဲဖြစ်ရမည်။

"ဟဲ့ ... ဒါနဲ့ ကိုရီးယားဘာသာက ကောင်မလေးချောချောလေးသိတယ် မဟုတ်လား ... အဲဒီတစ်ယောက်က နင့်ကို စိတ်ဝင်စားလို့တဲ့နော် ... ငါလည်း မနေ့ကမှ ကြည်သာပြောမှ သိရတာ ... "

နေဇော်မျက်နှာ ရဲတွတ်သွားကာ …

"မဟုတ်တာတွေကွာ … ငါလိုကောင်က ဘာမက်စရာရှိလို့ သူက စိတ်ဝင်စားရမှာလဲ … သူ့နားမှာဖြင့် ဝိုင်းဝိုင်းလည်နေတာ … "

"ဩော် … လူတစ်ယောက်ကိုတစ်ယောက်က စိတ်ဝင်စားတယ်ဆိုတာ သတ်မှတ်ချက်ထားလို့တော့ ဘယ်ဖြစ်ပါ့မလဲ သူ့စိတ်နဲ့တွေ့တာ တစ်ခုခုတွေ့သွားလို့ ဖြစ်မှာပေါ့ … "

"ထားလိုက်ပါကွာ … အရေးမပါပါဘူး … ငါမှ သူ့ကို စိတ်မဝင်စားတာ … "

"အောင်မယ် သူကများ … "

တော်ပြီ … တော်ပြီ။ သိပ်စိတ်မရှည်ချင်တော့ဘူး။ နေဇော်ကို အားနာပေမဲ့လည်း ကိုယ်တစ်ယောက်တည်း အပယ်ခံထားရသလိုဖြစ်နေတဲ့ စကားဝိုင်းကြီးကိုတော့ ရေရှည်သည်းခံနိုင်ပေါင်ဗျာ။

"နေဇော်ရေ … မင်း ကိစ္စရှိသေးတယ်ဆိုရင် နေချင်နေခဲ့လိုက်လေ … ကိုယ် အရင်သွားနှင့်မယ် … "

"ဟာ မဟုတ်တာ အစ်ကိုကလည်း … စောင့်ပါဦး … "





ယောမင်း ဖြစ်နေပုံကို ယင်းမာက သဘောပေါက်လိုက်သည်။ ရယ်လည်း ရယ်ချင်သွားရသား။

လူတွေများ ကိုယ်က ပြောခွင့်ရနေတုန်းဆိုတက်ကြွစိတ်ပါနေသလောက် စကားဝိုင်းတစ်ခုမှာ ကိုယ့်အတွက်နေရာမရှိတော့ဘူးဆိုလျှင်တော့ လုံးဝကို သည်းခံမနေနိုင်ကြ။

"ရပါတယ်ကွာ … မင်းလည်း အေးအေးဆေးဆေးနေရတာပေါ့ … အစ်ကိုက တစ်ယောက်တည်း သွားလည်းဖြစ်ပါတယ် … "

နေဇော်မှာတော့ ယောမင်းကိုလည်း အားနာ …။ ယင်းမာအနားကလည်း မခွာချင်ဘဲ အခက်တွေ့နေသည်။

ယင်းမာကလည်း တမင်တကာကို ပေကတ်နေလိုက်တာ။ ညီအစ်မတွေထဲမှာ ယင်းမာက ဂျစ်အကျဆုံး၊ ပေကတ်ကတ်အနိုင်ဆုံးလေ။ ပြီးတော့ သူများကို ဒုက္ခပေးရဖို့အတွက်ဆိုလျှင်လည်း ဖွဲအသန်ဆုံး။

ယောမင်းကတော့ ယင်းမာများ အားနာပါးနာ ထ, ထွက်သွားပေမလားလို့ တစ်ချက်မျှော်လင့်လိုက်ပါသေးသည်။

သို့သော် ကောင်မလေးပုံက တုတ်နဲ့ကော်ထုတ်တောင် မသွားမည့်ပုံမျိုးဖြစ်နေပေရာ နောက်ဆုံးတော့ ကိုယ့်စကားနဲ့ ကိုယ်၊ သူပဲထွက်လာခဲ့ရတော့သည်။





"ကုပ်ထဲက ပူသလိုလိုပဲကွာ ... ငါတို့လာတဲ့ကိစ္စ မင်းအစ်မ သိသလား ..."

နေဇော်က ခေါင်းကို သွက်သွက်ခါယမ်းကာ ...

"ဒါမျိုး ကြိုပြောထားလို့ဖြစ်မလားဗျ ... ကျွန်တော့်အစ်မကလည်း အပျိုကြီးဆိုပေမဲ့ မာနနဲ့ နေတာပါပဲ ..."

"အေးလေ ... မသိဘူးဆိုရင် တော်သေးတာပေါ့ ... မင်းသာ ကြိုပြောထားရင်တော့ ငါ့မျက်နှာဘယ်နားသွားထားရမှန်းတောင်သိမှာမဟုတ်ဘူး ..."

ကိုယ့်ရဲ့လုပ်ရပ်ဟာ အတော့်ကို ကပျက်ကချော်နိုင်မှန်းတော့ ယောမင်းက သိပါရဲ့။ တစ်ဖက်မိန်းကလေးကို မလေး

မစားလုပ်ရာရောက်လိမ့်မည်လို့ အားလည်းနာမိပါရဲ့။ သို့သော် မတတ်နိုင်။ ရန်ကုန်ရောက်ကတည်းက တစ်ဖက်က အလုပ်ကိစ္စတွေ လုပ်ရင်း၊ တစ်ဖက်ကလည်း ကိုယ့်ရဲ့အိမ်ထောင်ဘက်လောင်းကို လိုက်ရှာနေရတာ။ အချိန်ကာလသတ်မှတ်ချက်ကြီးကလည်း ရှိနေသေးတော့ ဒီကိစ္စကို ပေါ့ပေါ့လျော့လျော့ထားလို့က မဖြစ်။

နောက်ဆုံးတော့ မနေနိုင်ကြသည့်သူတွေက သူတို့ရဲ့ မစွံသေးသည့် အဖော်တွေ၊ အစ်မတွေနဲ့ မိတ်ဆက်ပေးရသည့် အထိ ရောက်ပါလေရော။

ဟန်ဇော်ကလည်း သူ့ညီမဝမ်းကွဲနှစ်ယောက်နဲ့ရော၊ အဆောင်လမ်းထဲက သူနဲ့သိသည့် ကောင်မလေးတွေနဲ့ရော မိတ်ဆက်ပေးတာပဲ။ ချေးများသည့် ယောမင်းကလည်း တစ်ယောက်ကိုမှ မျက်စိထဲမတွေ့။

ဒီတစ်ခါတော့ နေဇော့်အစ်မဝမ်းကွဲအလှည့်ပေါ့။

ဗိုလ်ချုပ်ဈေးထဲမှာ နှစ်ခန်းတွဲ ပါတိတ်ဆိုင်ကြီးဖွင့်ထားသော နေဇော့်အစ်မဟာ အသက်သုံးဆယ်ဝန်းကျင်၊ အပျိုကြီးတို့ ထုံးစံအတိုင်း ရောင်းမစွံကာမှနေ၊ တစ်ပြားမှတော့ မလျော့ဘူးဆိုသည့် မျက်နှာထားနှင့်။





အထည်ဆိုင်ကို သွားတာဆိုတော့လည်း အကြောင်းပြချက်အနေနှင့် အထည်ငယ်မှဖြစ်တော့မှာပေါ့။

"မမချစ် ... ဒါ ကျွန်တော်နဲ့ အဆောင်မှာ အတူနေတဲ့ အစ်ကိုပဲ ... ပါတိတ်ဝယ်ချင်တယ် ... ဘာဝယ်ရမှန်းလဲ မသိဘူးဆိုလို့ ကျွန်တော့်အစ်မဆိုင်ရှိတယ်ဆိုပြီး ခေါ်လာပေးတာ ..."

အောင်မယ်။ နေဇော့်အစ်မကလည်း အပျိုကြီးတို့ ထုံးစံ မမူလှသော မျက်နှာပေးဟန်ပန်နှင့် ...

"ဟုတ်လား လက်ဆောင်ပေးဖို့လား ..."

"သူ့အမေအတွက် ဝယ်ပို့ချင်လို့တဲ့ မမရေ ... လူကြီးနဲ့လိုက်မဲ့အဆင်မျိုး အသားကောင်းကောင်းထဲက ..."

နေဇော်က ဒါတော့အလည်သားပင်။ လက်ဆောင်ပေးဖို့လို့ ပြောလိုက်ပြီးမှ ... ကောင်မလေးတစ်ယောက်ယောက်အတွက် ထင်သွားမှာစိုးလို့ အမေအတွက်ဆိုပြီး တကူးတကထည့်ပြောပေးတာ။

"မိတ်ဆက်ပေးရဦးမယ် မမချစ် ... ဒါက ကိုယောမင်းတဲ့

မန္တလေးက ဆင်းလာတာ … သူမိဘတွေက ရန်ကုန်မှာ ကုမ္ပဏီအခွဲတစ်ခုဖွင့်လိုက်တော့ … ဒီမှာအုပ်ချုပ်ဖို့ဆိုပြီး လာနေတာလေ … လောလောဆယ်တော့ ကျွန်တော်တို့ အဆောင်မှာ ခဏနေတာပေါ့ … ”

မမချစ်ဆိုသူက အသိအမှတ်ပြုရုံ ခေါင်းပဲညိတ်ပြပြီး ပါတီတ်စည်းတွေကိုသာ သူမရှေ့ ဆွဲယူနေသည်။

“ကိုယော ဒါ ကျွန်တော့်အစ်မ မမချစ်ပေါ့ … နာမည်အပြည့် အစုံက မခင်ချစ်ချစ်ချို့တဲ့ … ”

လူပုံနဲ့တော့ မလိုက်ဖက်လှသည့် နာမည်။ ဒီလိုချွဲချွဲ ပျစ်ပျစ် နုနုနယ်နယ်နာမည်မျိုးဟာ ဆတ်ကော့လတ်ကော့၊ သွက် သွက်လက်လက် အပျိုပေါက်မလေးတွေနဲ့သာ လိုက်ဖက်မည်။ အသက်အရွယ်နှင့်လိုက်ကာ အတန်ငယ် ပဗိုင့်ချင်နေပြီဖြစ်သော မျက်နှာထားတင်းတင်း၊ မာနကြီးကြီးအပျိုကြီးတစ်ယောက်နဲ့တော့ အဆင်မပြေလှချေ။

ထားပါတော့လေ။ နာမည်ဆိုတာ ပညတ်ပဲ။ လူ တစ်ဦးနဲ့တစ်ဦး သတ်သတ်မှတ်မှတ် ရည်ညွှန်းခေါ်ဝေါ် ပြောပြော





ဆိုဆို မှည့်ထားတာမျိုးပဲ။ ခင်ချစ်ချစ်ချိုမဟုတ်ဘဲ မကျမ်းဘုံဖြစ်နေ လည်း ဘာမှမထူး။

“လူကြီးအတွက်ဆိုရင်တော့ ဒီအဆင်လေးတွေ ကောင်း တယ် … အပွင့်နုတ်ပြီး အရောင်စပ် သိပ်မများတော့ ဝတ်ရ တာ မကဲလက်ဘူးပေါ့ … ဒီမှာကြည့် အနားကလည်း အဆင်မရိုင်းဘူး … ”

သူရောင်းကုန်ပစ္စည်းတွေနဲ့ပတ်သက်လို့ ပြောသည့် ဆိုသည့်အခါကျတော့လည်း စိတ်ပါလက်ပါ သွက်သွက်လက်လက် ရှိပေသား။

“ဒါ အကောင်းဆုံးပဲလား … ”

“ဒီထက်ကောင်းတာလည်း ရှိတာပေါ့ … ဒါကတော့ ဝတ် လို့လည်းကောင်း … လက်ဆောင်ပေးလို့လည်း သင့်တင့် တာကို ပေးတာလေ … ပါတိတ်အကောင်းဆုံးဆိုရင် သိန်း ကျော်တဲ့အထိရှိတယ် … ”

“အာ … အဲဒီလောက်အထိတော့လည်း မဟုတ်သေးဘူးပေါ့ နှစ်သောင်းသုံးသောင်းတန်လောက် … ”

"ရမယ် ... ရမယ် ... ဒါဆိုရင်တော့ ဓားကြီးထဲကယူပေါ့ အင်ဒိုနီးရှားအစစ်ဆိုတော့ အသားကအိပြီး အနံ့ကိုက ကြည့်မွှေးနေတာပဲ ... "

အောင်မယ်လေး။ သူကသာ မွှေးတယ်ပြောတာ ခင်ဗျ။ တကယ်ရှုကြည့်တော့ သွေးဆေးနံ့လိုလို၊ လေပုတ်ထုတ်လျက်ဆားနံ့လိုလို။

အသားကောင်းတာကတော့ ထားပါတော့။ အဆင်ကတော့ တရုတ်ကြွေပန်းအိုးတွေလိုလို၊ လူရိုင်းရွာတွေမှာ ချိတ်ထားသည့် တိုင်တွေကအဆင်တွေလိုလို၊ စိတ္တဇပန်းချီဆရာတစ်ယောက်ရေးထားတဲ့ ပန်းချီကားလိုလို။

မိန်းမတွေဟာ ဘာကြောင့်ပါတိတ်ကို ဒီလောက်ဈေးကြီးကြီးပေးပြီး ဝယ်နေကြတာလည်းဆိုတာကို စဉ်းစားလို့ကို မရ။ ကြည့်လိုက်ရင် ကြိုက်စရာတစ်ကွက်မှမရှိတဲ့ဟာကို။

"ဒီအဆင်ဆိုရင် နောက်ဆုံးပေါ်ပဲ ... ဆိုင်ကိုရောက်တာတောင် သိပ်မကြာသေးဘူး ... "

ဒီအဆင်။ မြင်ဖူးသလိုလိုရှိပါသည်။





မျက်မှောင်ကုတ်ကြည့်ရင်း ကြည့်ရင်း မှတ်မိလာသည်။ ဒါ ရထားပေါ်မှာတွေ့ခဲ့သည့် အမျိုးသမီးဝတ်ထားသည့် အဆင်ပဲ။

ဒါကို ဘာကြောင့် မှတ်မိနေပါလိမ့်။ အံ့ဩစရာကောင်းသလိုရှိနေပေမဲ့ သူ မှတ်မိနေတာကတော့ အသေအချာပဲဖြစ်သည်။

သူမ ဝတ်ထားတုန်းက အဆင်ဟာ ဆန်းပြားလှပသည်ထင်ဖွယ်ရာမရှိ။ အခု ကြည့်လိုက်သည့်အခါကျတော့ ဘာကြောင့်မှန်းမသိ ယောမင်းက မျက်စိကျသလိုလို ဖြစ်လာသည်။

"အဲဒါပဲ ယူရင်ကောင်းမလားမသိဘူး ... "

"ယူလိုက်လေ ... ကောင်းတာပေါ့ ... အမေကတော့ သူ့သား အရွေးတော်တယ်လို့ပြောမှာပဲ ... "

အရွေးတော်တယ်တဲ့။ ယောမင်းကဖြင့် ဒီလုံချည်တစ်ထည်ကိုမှ ဘာကြောင့် ထူးထူးခြားခြားမျက်စိကျကာ ဝယ်မိသလဲဆိုတာကို ကိုယ်တိုင်လည်း မပြောနိုင်ချေ။

အဲ ... ပြောနိုင်တာကတစ်ခုပဲရှိသည်။ ခင်ချစ်ချစ်ချိုတို့တဲ့ အမျိုးသမီးကို ဘယ်လိုမှ စိတ်ဝင်စားလို့မရခြင်း။

သူမဘာသာ ရုပ်ရည်၊ ပညာ၊ စာရိတ္တ၊ အဆင့်အတန်း၊ မျိုးရိုး အားလုံးပြည့်စုံချင် ပြည့်စုံမည်။ မပြည့်စုံတာတစ်ခုကတော့ ရှိသည်။ အဲဒါ ဘာလဲဆိုတော့ ... သူမကိုယ်တိုင်ကယောကျ်ားတွေကို ဆန့်ကျင်ဘက်လိင်အဖြစ်နဲ့ စိတ်မဝင်စားတတ်သလို ယောကျ်ားတွေရဲ့စိတ်ဝင်စားခြင်းခံရအောင်လည်း မနေတတ်တာ။

ကြည့်ပါလား။ သူမရဲ့ မျက်လုံးတွေဟာ ရှယ်တူသူစိမ်းယောကျ်ားတစ်ယောက်ကိုကြည့်သည့်အချိန်မှာ အေးစက်ငြိမ်သက်နေတတ်ပြီး သူမရဲ့ပါတိတ်ထဘီတွေကိုကြည့်သည့်အချိန်ကျတော့ စိန်ပွင့်ကလေးတွေလို တဖျတ်ဖျတ်လင်းလက်လာတတ်ကြတာ။

ဒါဟာ ယောကျ်ားတစ်ယောက်အနေနဲ့ မခံချင်စရာအကောင်းဆုံးအချက်ပဲ။

စဉ်းစားကြည့်ပါလေ ... ။ ဘယ်ယောကျ်ားကများကိုယ့်ထက် ပါတိတ်လုံချည်တစ်ထည်ကို ပိုစိတ်ဝင်စားမည့်မိန်းမတစ်ယောက်ကို လိုချင်မှာလဲ။ ယောကျ်ားတို့ရဲ့ မဟာသိက္ခာတော်ကြီး ထိနိုက်တာပေါ့။





သူမကိုယ်တိုင်ကလည်း ယောကျ်ားတစ်ယောက်ရဲ့လာပြီးစိတ်ဝင်စားခြင်းမခံရတာထက် ပါတိတ်အထည်ရောင်းမထွက်တာကို ပိုပြီးပူပန်မည့်ပုံ။

"ကျွန်တော့်မှာ ... အရေးထားရမဲ့ မိန်းမဆိုလို့ အမေတစ်ယောက်ပဲ ရှိတာ ... "

ဒါက ကိုယ့်ဘက်ကအခြေအနေကို မပြောသာပြောသာလေး အသိပေးလိုက်တာ။

ထိုစဉ်မှာပဲ ...

"မချစ်ရေ ... သော်က မှာထားတဲ့ အထည်ရောက်ပြီလား"

ချိုလွင်သာယာလှသည့် အသံ။ အသံလေးတင် သာတာမဟုတ်။ စကားအပြောအဆို အဆွဲအငင် အဖြတ်အတောက်ကလည်း မှန်သေး။

ကြားလိုက်ရသူအဖို့ ဘယ်လိုမှလှည့်မကြည့်ဘဲ မနေနိုင်ချင်စရာအသံလေးမို့ ယောမင်းသာမက နေဇော်ပါ လှည့်ကြည့်လိုက်မိကြလေသည်။

ဟင် ...

တစ်ခါမြင်ဖူးလျှင် အချိန် အတော်ကြာကြာအထိ

မှတ်မိနေချင်စရာကောင်းသော ရုပ်ကလေး ... ။ တွေ့ထားတာမှ မကြာသေးဘူးဆိုတော့ ဘယ်လိုမှ မေ့စရာအကြောင်းမရှိ။

ရုပ်ကလေးချောသလောက် စိတ်ပုတ်ရှိသည့် မိန်းမ။ တစ်ထောင်တန်ကို အကြွေလဲပေးရာမှာ အကောင်းတစ်ခုမှမပါအောင် လဲပေးသွားခဲ့တာ။ သူမရဲ့ လူမသုံးချင်စရာ ပိုက်ဆံအစုတ်အပြဲတွေဟာ အခုထက်ထိတောင်မှ ယောမင်းရဲ့အိတ်ထဲမှာ ရှိနေသေးသည်။

သူမကတော့ ယောမင်းကို မှတ်မိဟန်မရှိ။ (ဘယ်မှတ်မိပါ့မလဲလေ။ သူမဟာ အဲဒီအချိန်တုန်းကတည်းက ယောမင်းအနားမှာရှိနေတာကို သတိတောင်ထားမိမှာမဟုတ်။ သတိထားမိလျှင်တောင်လမ်းသွားရင်းကြုံသည့်ဖြတ်သွားဖြတ်လာတစ်ယောက်လို့သာ သဘောထားမှာ။ ခုထက်ထိ စွဲမြဲမှတ်မိနေစရာအကြောင်းကတော့ ဘယ်လိုမှ မရှိချေ။)

"ရပြီ ... ရပြီ ... စပါယ်ရှယ်ကို ချန်ထားတာ ... အောင်မယ်လေး ဒါတောင် မနည်းရှာယူရတာနော် ... မချစ်က ကိုယ့်ဖောက်သည်ဆန္ဒပြည့်ဝပါစေဆိုပြီး မနည်းကြိုးစားရတာ ... "





"ကျေးဇူးပါပဲရှင် ... သော်က,က အဲဒီအဆင်လေးကိုမှ ခရေဇီဖြစ်နေတာ ဟင်း ... ဟင်း ... "

ဆိုင်ရှင် မခင်ချစ်ချစ်ချိုက ပါတိတ်ပုံ ဟိုးအောက်ဘက်ကနေ သီးသန့်ဖယ်ထားသော ပါတိတ်တစ်ထည်ကိုထုတ်ပေးလိုက်သည်။ ယောမင်းကလည်း လိုချင်သည့်သူက မနည်းမှာကြားထားရပြီး ရှာပေးသည့်သူကလည်း မနည်းရှာဖွေယူရသည်ဆိုသောအဆင်ကို စောင်းငဲ့ကြည့်လိုက်သည်။

ဟာ ... ဟာ။ ထူးမခြားနားပါပဲ ခင်ဗျ။ အရောင်ကတောင်မှ မစိုမပြည်၊ ခြောက်ခြောက်သွေ့သွေ့နဲ့ တန်းခနဲ ကြည့်လိုက်လို့မှ မျက်စိထဲ မစွဲချင်စရာ။

"ဪ ... ရော့ ... ရော့ ... ဒီမှာ ရှင့်အတွက် ပါတိတ် နှစ်သောင်းသုံးထောင်ကျတယ် ... မိတ်ဖြစ်ဆွေဖြစ် ငါးရာလျှော့ပေးလိုက်မယ်နော် ... နှစ်သောင်းနှစ်ထောင့်ငါးရာပဲပေးပေါ့ ... "

ပြတ်ကရောပဲ ... ။ ဝယ်သူအသစ်ရောက်လာတော့ (လိုအသစ်ကလည်း အမျိုးသမီးလည်းဖြစ်၊ ဝယ်နေကျဖောက်သည်လည်းဖြစ်ကာ ကိုယ့်ဆီကထက်အကျိုးအမြတ်ပိုရနိုင်စရာအကြောင်း

ရှိတာမို့)ဈေးသည်ဆန်လှတဲ့ ထိုအမျိုးသမီးဟာ ယောမင်းကို လှည့်လို့တောင်မှ မကြည့်တော့ချေ။

"အဆင်ဆန်းတွေရောက်လာတာ ရှိသေးတယ် ... ကြည့်ဦးမလား ... "

သော်ကဆိုသည့် အမျိုးသမီးက ယောမင်းရဲ့ပါတိတ်လုံချည်ဆင်ကို မသိမသာ စောင်းငဲ့ကြည့်လိုက်ပြီးမှ ...

"ကြည့်တာပေါ့ ... ဒီတစ်ခါ အလှူနှစ်ခုလောက် ဆက်တိုက်သွားစရာရှိနေတာနဲ့ အသစ်နှစ်စုံလောက်တော့ ချုပ်ဦးမယ်လို့ စဉ်းစားထားတာ ... "

"နှစ်စုံတည်းလား ... နည်းတာပေါ့ ... အဆင်ကောင်းလေးတွေရောက်တုန်း များများဝယ်ထားလေ ... အောင်မယ်လေး ညီမတို့လို အလုပ်ကြီးအကိုင်ကြီးသမားတွေအတွက်က သွားစရာတစ်ချိန်လုံးပေါ်နေမှာပါ ... "

"အမြဲတမ်းတော့လည်း ပါတိတ်မဝတ်ချင်ဘူးလေ ... သိတယ်မို့လား ... ကိုယ့်ပုံစံက ဒါ ... ဒါပဲဖြစ်နေမှာစိုးလို့ ... ဒီဇိုင်းကို မကြာခဏ ပြောင်းပေးရတယ် ... "





သူတို့နှစ်ယောက် စကားပြောနေတာကို ယောမင်းက ဘေးကနားထောင်ရင်း မိန်းမဆိုတာ ဘယ်လိုလူတန်းစားမျိုးလဲလို့ တဖြည်းဖြည်းသဘောပေါက်လာသလိုရှိသည်။

သို့သော် ဘာပဲဖြစ်ဖြစ် ... အပြစ်မြင်စရာရှိလျှင် ခင်ချစ်ချစ်ချိုဆိုသည့် မိန်းမကိုသာ မြင်မိပြီး သော်ကဆိုသည့် တစ်ယောက်ကိုတော့ အဆိုးမြင်မျက်လုံးနဲ့ မကြည့်မိတာက ဘာ့ ထူးဆန်းချေသည်။

"ကိုယောမင်း မသွားရသေးဘူးကိုး ... ဘာအဆင်ကြည့်ချင်သေးသလဲ ... အားမနာနဲ့နော် ... မဝယ်ဖြစ်လည်းကြိုက်တာလေးတွေ့ရင် ကြည့်ထား ... "

ယောင်လည်လည်လုပ်နေသော ယောမင်းကို ခင်ချစ်ချစ်ချိုက အငုမှသတိထားမိသွားသလို တစ်လှည့်ပြန်လာသည်။

"ရပါတယ် လောလောဆယ်တော့ မကြည့်သေးပါဘူး ... နောင်ကျမှပဲ ... "

"နောက်ကျ ပါတိတ်လက်ဆောင်ဝယ်ပေးစရာလူတွေ ထပ်တွေ့လာလည်း အချိန်မရွေးလာခဲ့နော် ... "

ဈေးသည်ပီသစွာ အခုမှ နှုတ်ချိုဖော်ရွှေနေသော ခင်ချစ်ချစ်ချိုကို ယောမင်းက မျက်စောင်းမထိုးရုံတမယ်ကြည့်ကာ ခပ်သွက်သွက်ထွက်သွားလျှင် နေဇော်ခမျာ အစ်မဖြစ်သူကို အားနာပါးနာနှုတ်သက်ပြီး လိုက်ပါသွားရလေသည်။

❧ ---- ❧





"ပယ်စရင်းကများလာပြီဗျာ ... ကိုယောတော့ ဒီပုံဆိုရင် အဖေပေးစားတဲ့မိန်းမနဲ့ပဲ အာဝါဟ ဝိဝါဟရလိမ့်မယ်ထင်ပါရဲ့ ..."

"ဟော့ကောင်နေဇော် ... ဒီစကားမျိုးတော့ လုံးဝမပြောနဲ့ကွ ... ဒီမှာ ရုပ်ကိုကြည့်ထား ... အဖေပေးစားတဲ့မိန်းမကို ယောင်ချာချာနဲ့ယူပြီး ဘဝကို ထူးမခြားနားဖြတ်သန်းသွားမဲ့ကောင်စားမျိုး မဟုတ်ဘူးကွ ..."

ရင်ကော့ ခေါင်းမော့ပြီးတော့သာ ပြောလိုက်ရသည် အားကတော့ တဖြည်းဖြည်းလျော့လာပြီ။

ဟုတ်တယ်လေ။ အားနာပါးနာကြားကပဲ မိန်းကလေး အတော်များများကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ သင့်မသင့် လော့လာအကဲခတ်ကြည့်ပြီးပြီ။ တစ်ယောက်မှ အဆင်မပြေ။

ရုပ်ကိုတော့ အချောစား၊ အလှစားလေးတွေပဲ ရွေးကြည့်ထားတာမို့ ရုပ်မချောလို့ ပယ်တယ်ဆိုတာမျိုးတော့မရှိ။ တချို့ကျတော့ အပြောအဆို ရင့်သီးပြီး ခပ်ကျောကျောနိုင်ချင်တာမျိုးရှိသည်။ တချို့ကျတော့ မိဘတွေကနေရာတကာဝင်စွက်ချင်တာမျိုးရှိသည်။ တစ်ယောက်ကတော့ အစားအသောက် မက်လွန်းလို့။ ခေါက်ဆွဲကြော်၊ ဒံပေါက်၊ ဘာဂါ၊ မစ်လ်စ်ရှိတ်၊ ချောကလက် စတာတွေကို ဒီလောက်တစွတ်စွတ်စားနိုင်နေမှတော့ အသက်လေးငယ်တုန်းမို့လို့သာ ခံသာတာ၊ သုံးဆယ်ကျော်သွားလျှင် ဘုတ်ထိုင်းဖြစ်တော့မည်။ ဒီအရေးကလည်း ကြိုတွေးစရာ။

ယောကျ်ားတစ်ယောက်ကို ... ပါတိတ်တစ်ထည်လောက်တောင် စိတ်မဝင်စားသည့် စီးပွားရေးဆန်လွန်းသော မမချစ်ကတော့ ပယ်စာရင်းထဲမှာထိပ်ဆုံးက ... ။

"ဒီလောက်တော့ ချေးမများသင့်ဘူးထင်တာပဲ ... ကိုယော





ရော စံချိန်စံညွှန်းတွေ ဒီလောက်များလွန်းတော့ ... စိတ်ကြိုက်တွေ့မှာကို မဟုတ်တော့ဘူး ... "

"ဟော့ကောင် ဒါမိန်းမကွ ... မိန်းမ ... ကိုယ်တစ်သက်လုံးပေါင်းဖို့ အိမ်ထောင်ဖက်ရှာတာ ... ပေါ့တီးပေါ့ရှန်ဖြစ်ကတတ်ဆန်းလုပ်လိုက်ရင် လတ်တလောအဆင်ပြေသွားပေမဲ့ တစ်သက်လုံးကျတော့ ကောင်းပါ့မလား ... တီဗွီကြော်ငြာထဲမှာ မတွေ့ဘူးလား ... ကော်ဖီဈေးဝယ်တာတောင် စိန်ဝယ်တာထက် ပိုပြီးဂရုစိုက်ကြည့်ရသေးတာ ... မိန်းမတစ်ယောက်ယူတာကတော့ ... ကော်ဖီဈေးဝယ်တာထက်ပိုပြီးအမှားခံလို့ မဖြစ်တာ သေချာပါတယ်ကွာ ... "

"စိန်တို့ကော်ဖီဈေးတို့ဆိုတာ ရွေးစရာပေါ်မှာပေါ ... မိန်းမဆိုတာက အစုလိုက်အပုံလိုက် ချပေးပြီး ကြိုက်ရာရွေးယူလို့မှမရတာ ... မှန်ဘီလူးနဲ့ကြည့်ဖို့နေနေသာသာ ဒီအတိုင်းတောင် အချိန်ကြာကြာ ကြည့်ဖို့မသင့်ဘူး မဟုတ်လား ... ဒီတော့ ကိုယ်လက်လှမ်းမီသလောက် ရွေးခွင့်ရသလောက်ကလေးထဲကပဲ လိုတိုးပိုလျှော့လုပ်ပြီးကြည့်ရမှာ ... "

ဟန်ဇော်ကလည်း တစ်မျိုး။ ဒီဇော်နှစ်ကောင်ဟာ သူတို့ မိန်းမယူတဲ့အလှည့်ကျလျှင်တော့ ဘယ်လိုပုံစံမျိုးနဲ့ ယူဖြစ်သွားမလဲသိ။ သူများအလှည့်မှာတော့ ဖြစ်ချင်ရာဖြစ် မြန်မြန်ကိစ္စပြတ်ဖို့ပဲ အဓိကထား တိုက်တွန်းနေကြတော့တာ။

"တကယ်တမ်းစဉ်းစားကြည့်တော့ ... ငါ မိန်းမလည်း မလိုချင်သေးဘူးကွ ... ရည်းစားမထားဘဲနဲ့ မိန်းမယူတာကြီးကို ငါ ထောက်ကိုမထောက်ခံတာ ... "

"ကိုယောရာ ... စာတွေ့တွေတော်စမ်းပါဗျာ ... ခုခေတ်မှာ နောက်ဆုံးအဖြေရောက်ဖို့ပဲ အရေးကြီးတော့တယ် ... စတက်ပ်ဘိုင်စတက်ပ်သွားနေဖို့ မလိုအပ်ဘူး ... "

"အေး ... ဒါဖြင့် မင်းဟိုတစ်နေ့က စားသောက်ဆိုင်မှာတွေ့တဲ့ကောင်မလေးမဟုတ်ဘဲ ... တခြားတစ်ယောက်နဲ့ အိမ်ထောင်ပြုရမယ်ဆိုရင် ဘယ်လိုလဲ ... "

"ဘာဆိုင်လို့လဲ ကိုယောရ ... ကျွန်တော်တို့ကိစ္စက လူငယ်ချင်းကိစ္စ မဖြစ်မနေအိမ်ထောင်ချပေးမဲ့ အဖေတစ်ယောက်လည်း ရှိမနေဘူး ... နောက်ပြီး ကျွန်တော်ကလည်း ကောင်





မလေးကို သဘောကျတယ် ... ကောင်မလေးကလည်း ကိုယောမြင်တဲ့အတိုင်းပဲ နှစ်ဦးနှစ်ဖက်အဆင်ပြေနေတာ"

"မင်း သူများကိုပြောမနေနဲ့ ... မင်းဘာသာ စောစောစီးစီး အတွယ်အတာမရှာဘဲ အရေးကြုံမှ အရပ်ကယ်ပါလူဝိုင်းပါ လာလုပ်နေပြီးတော့ ... "

ဟန်ဇော်တစ်ယောက်ကလည်း တော်တော်လေး အမြင်ကတ်နေပုံနဲ့ ခပ်ဆတ်ဆတ်ဝင်ပြောသည်။

"နေဦး ... အခုမှ သတိရတယ် ... ကျွန်တော့်ကောင်မလေး အဟဲ ... ယင်းမာမှာ အဒေါ်တစ်ယောက်ရှိတယ် ... ဟိုတစ်ခါ ဆိုင်မှာတွေ့တုန်းကတောင် ပါလာသေးတယ် ... သတိမထားလိုက်မိလို့ ... "

"အဲဒါ ငါက ဘာလုပ်ရမှာလဲ ... "

"ကျွန်တော် ကြဲဖန်မိတ်ဆက်ပေးရမလားလို့ ... "

"မင်းတော့ ကြောက်ပါပြီကွာ ... မင်းအစ်မဆိုတာပဲကြည့်၊ ငါ့ကို ပါတိတ်လောက်တောင် အရေးမထားဘူး ... ဒီတစ်ခါ ဆိုရင်တော့ ... တရုတ်ပိတ်တို့ စပန့်သားတို့ထက်တောင် ဈေးကျသွားနိုင်တယ် ... "

ယောမင်းဇာတ်လမ်းကိုသိကြပြီးဖြစ်သော ဇော်နှစ်ကောင်က တဝါးဝါး တဟားဟား။

"ယင်းမာ လှတာ ကိုယောမြင်တယ်နော် ... သူ့အခေါ်ဆိုရင် ပိုတောင်လှဦးမလားပဲ ... "

"လှတာနဲ့ လာမဆွယ်နဲ့ကွ ... လှရုံသက်သက်ဆိုရင်တော့ မန္တလေးကနေ ရန်ကုန်အထိ ဆင်းလာစရာအကြောင်းကို မရှိဘူး ... "

"တကယ်ပါဗျာ ... ယင်းမာအန်တီလေးနဲ့ ကိုယောအဆင်ပြေသွားတော့လည်း ... ကျွန်တော့်ဘက်က အမာခံတစ်ယောက်ရတာပေါ့ ... "

"အဲဒီယင်းမာ ... ငါ့တူမဖြစ်သွားတဲ့အခါကျ ငါက မင်းလိုကောင်မျိုးနဲ့ ဘယ်သဘောတူတော့မှာလဲကွ ... "

"ဒီကောင့်ကြည့်ရတာ အခေါ်ရော တူမပါ ကြံတော့မဲ့ပုံထင်တယ် ... "

"ဟုတ်ပ့ါ အစ်ကိုရာ ... ကူညီရကျိုးမနပ်လိုက်တာ ... "

နေဇော်က ရှုံ့မဲ့တွန့်လိမ်သွားသည်။ လူတွေများ





ရယ်စရာ။ ကိုယ့်အကျိုး ထိခိုက်မှာကျတော့ စကားအဖြစ်နောက်တာလေးတောင် မခံနိုင်။

"မင်းတို့ ပေါက်ကရတွေလုပ်မှာစိုးလို့ ပိတ်ပြောထားရတာကွ ... ယင်းမာဆိုတာတောင် ဘာလေးမှန်းမသိသေးတာ သူ့အခေါ်ဆိုတော့ ... အကြောင်းသိဖို့က ပိုဝေးပြီ ... အဲဒါကို ဗွက်ကြီးအောင်သွယ်မယ်ဆိုတော့ ဘယ်လောက်အနေခက်မလဲ ... "

"အောင်သွယ်ဖို့အထိလည်း မပြောသေးဘူး ... လေ့လာကြည့်ဦးမှာ ... ယင်းမာအခေါ်ဆိုတော့ ပြောစရာကတော့ ရှိမှာမဟုတ်ဘူး ... တစ်ခုပဲရှိတယ် ... အိမ်ထောင်ရှိ မရှိသာ"

"အိမ်ထောင်မရှိသေးရင်တောင် ဖိတ်စာရိုက်ပြီးသားလား ဘာလား ... ဒါတော့ စုံစမ်းရမယ် ... "

အရေးထဲ ဟန်ဇော်က ဝင်နှိပ်နေသေး။ မေမိုးသက်နဲ့တုန်းက ခံခဲ့ရတာကို အခွင့်သာတိုင်း ဒီကောင်က ထည့်ထည့်ပြီး ဆော်တတ်တာ။

သူတို့တွေပြောချင်တာ လျှောက်ပြောနေကြတာကို

နားထောင်ရင်း ယင်းမာရဲ့အခေါ်ဆိုတာကို စိတ်ဝင်စားသလိုတော့ ရှိလာသား။

ဒီတစ်ယောက်မှ အဆင်မပြေလျှင်လည်း ကိုယ့်ဘာဝ က ဖေဖေရေးတဲ့ဖူးစာဇာတ်လမ်းမှာ ဝင်က,ဖို့ပဲရှိတော့တာလေ။

---





"ထူးထူးဆန်းဆန်းပဲ အန်တီလေးရေ ... နေဇော် သိတယ် မဟုတ်လား ... ဟိုတစ်ခါ ဦးယောမင်းနဲ့ဆိုင်မှာ အတူတွေ့တဲ့တစ်ယောက်လေ ... "

"သိတယ်လေ ... ဘာလဲ ... အဲဒီကောင်လေးက မာမာ့ကို ရည်းစားစကားပြောလို့လား ... "

"ဘယ်ကသာ ... သူမာမာ့ကို ကြိုက်နေမှန်းတစ်ကျောင်းလုံးသိတာပဲဟာ ... အဲဒါအတွက်တော့ မထူးဆန်းပါဘူး"

"ဒါဖြင့် ... "

"သူက မာမာ့ဆီမှာ အန်တီလေးအကြောင်းတွေ စုံစမ်းနေတယ် ... "

"ကေန္တ မာမှာကိုကျော်ပြီး အန်တီလေးကိုများ စိတ်ဝင်စား သွားပြီလား မသိဘူး ..."

"စကားရယ် ... မဟုတ်တဲ့စကားတွေ မပြောစမ်းပါနဲ့ ..."

စကားပန်းနာမည်ကို စကားလို့ပဲ အဖျားဆွတ်ခေါ်နေကျမို့ စကားပြောတာနဲ့ သူ့နာမည်ကိုတွဲပြောလျှင် တော်တော်လေးအခက်တွေ့သည်။

"အဲဒီလို မဟုတ်ဘူးဟဲ့ ... သူမေးနေတဲ့ပုံစံ ကြည့်ရတာ တစ်ယောက်ယောက်က မေးနိုင်းလို့မေးရတာမှန်း သိပ်သိသာတာပဲ ... မေးခွန်းတွေမေးနေတဲ့ပုံက အလိုက်သင့် အလျားသင့်မဟုတ်ဘူး၊ ကျောင်းသားတစ်ယောက်အလွတ်ကျက်လာတဲ့စာတွေ ပြန်ဆိုနေသလိုပဲ ..."

"ဒါဆိုရင် ... သေချာပါတယ် ... ဟိုလူ ဦးယောမင်း စုံစမ်းနိုင်းတာပဲဖြစ်မယ် ... သူတို့က တစ်ဆောင်ထဲနေကြတာ မဟုတ်လား ..."

"ဒါပေမဲ့ ... ဦးယောမင်းက အန်တီလေးနဲ့ငါ့ကို တွဲသိတဲ့ပုံမရပါဘူး ... ဟိုနေ့ကလည်း ငါတို့ကသာမြင်တာ သူကမြင်မှ မမြင်တာ ..."





"စကား စပ်မိရင်းနဲ့ရော ..."

"စကားစပ်ရအောင် ဦးယောမင်းက အန်တီလေးဘယ်သူဆိုတာ သိလို့လား ... နောက်ပြီး နေဇော်ကလည်း အန်တီလေးကို သေသေချာချာမှ မသိတာ ..."

"ဒါနဲ့များတောင် ..."

"ကြည့်ရတာတော့ ... ဦးယောမင်းဟာ မိန်းမလိုချင်လို့ အသည်းအသန်စစ်ဆင်ရေးလုပ်နေတာပဲ ဖြစ်ရမယ် ... သူ့ပတ်ဝန်းကျင်မှာရှိသမျှ သင့်တော်မဲ့မိန်းမတွေ အကုန်လုံးကို လိုက်စုံစမ်းနေတာ ..."

စကားပန်းက မျက်နှာလှလှလေးကို အရုပ်ဆိုးသွားအောင် ရှုံ့မဲ့ပစ်လိုက်ကာ ...

"လွန်လွန်းပါတယ်ဟယ် ... တကယ်သာ အဲဒီလိုဆိုရင်တော့ ... ဦးယောမင်းဆိုတဲ့လူကြီးကို ငါတို့အန်တီလေးနဲ့ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်တော့ဘူး ..."

"ဒီကလေးနှစ်ယောက် ဘာတွေစိတ်ကူးယဉ်ပြီး လျှောက်ပြောနေကြတာလဲ ... ညည်းတို့ဟာလေ ... သူများကိစ္စဆို

သိပ်စိတ်ဝင်စားတယ်... လာဦးမယ် ကြာကြာတစ်ယောက် ရှေ့အပတ်ထဲ ရန်ကုန်ဆင်းလာမှာဆို ... "

"ဟုတ်တယ်လေ ... "

"ညည်းတို့သုံးယောက်ပေါင်းနဲ့ ငါတော့ ခေါင်းကျိန်းပါသေးတယ်ဟယ် ... လက်ရှိဓာတ်လမ်းကြီးလည်း ဘာဆက်လုပ်ရမယ်မှန်းတောင် မသိ ... "

"ဒီအတိုင်းထားလိုက်ပေါ့ ... "

"နေဦး ... ကြာကြာက ပြောသေးတယ် ... အန်တီလေးကို ဒီအတိုင်းပဲမထားနဲ့တဲ့ ... ဆင်ထားတဲ့ဓာတ်ကွက်အတိုင်း လှုပ်ရှားပါစေဦးတဲ့ ... "

"အို ... ပေါက်တီးပေါက်ရှာ ... "

"ကြာကြာကတော့ အလေးအနက်ကိုပြောတာပဲ ... အန်တီလေးရဲ့ရှေ့ရေးသာယာဖို့ မသာယာဖို့ဟာ ဒါ အဓိက[illegible]လားပဲ ... "

ခက်တော့ ခက်နေပါပြီ။ တူမလေးသုံးယော[illegible] (အဝေးကနေ လိုက်စွက်ဖက်ချင်နေသေးသော သစ္စာပါပေါင်း[illegible] လေးယောက်)ဟာ သော်ကပန်းကိုပဲ အရုပ်တစ်ရုပ်လို သူတို့[illegible]





မည့် ဓာတ်ကားထဲက မင်းသမီးတစ်ယောက်လိုထင်ရာတွေ ဓာတ်ကွက်ဆင်ပြီး နိုင်းချင်ရာနိုင်းနေကြတော့တာ။

သော်က,ကလည်း သူတို့အစီအစဉ်အတိုင်း စိတ်ဝင်စားသလိုလိုတော့ရှိသား။ ဒီထက်အသက်လေးငါးနှစ်လောက်သာ ပိုငယ်လိုက်လို့ကတော့ ... သော်ကဟာ ဒီအစီအစဉ်မှာ ၁ရှ့ဆုံးက အတက်ကြွဆုံးပါဝင်မည့်သူ ဖြစ်ကောင်းဖြစ်နေနိုင်သည်။

"မာမာ အတည်မေးတာနော် ... တကယ်လို့ နေဖော့ဘက်က အန်တီလေးနဲ့ဦးယောမင်းကို ဘာညာ ဘာညာဆိုရင် ဘယ်လိုလုပ်ရမလဲ ... "

"လုံးဝစိတ်မဝင်စားဘူးလို့ ပြောလိုက်ပေါ့ ... "

"မဟုတ်သေးဘူး ... ဒါ သူ့ကိုအနီးကပ်လေ့လာဖို့ အခွင့်အရေးကောင်းပဲ ... အလိုက်သင့်လေးဝင်ပြီး စုံစမ်းကြည့်ပေါ့ ... "

"ဒါလည်း ကောင်းသားပဲ ... နေဦး ... ကြာကြာဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ မသိဘူး ... "

"ဟဲ့ ... ကာယကံရှင်တစ်ယောက်လုံးလည်း ထိုင်နေပါသေးတယ်ဟယ် ... နင်တို့လုပ်ပုံက ငါ့ကိုနင်တို့ပိုင်တဲ့ အရုပ်လို

သမဘောထားနေတာလား … ဒါမှမဟုတ် … နင့်တို့ထက် အသက်အများကြီးငယ်တဲ့ ကလေးလို့များ ထင်နေတာလား …"

"အန်တီလေးက စကားတို့ရဲ့အန်တီလေးပဲဟာ … ကိုယ့်တူမလေးတွေက ကောင်းရာကောင်းကြောင်း စီစဉ်တာကို က,ဖျက်ယ,ဖျက်လုပ်မှာ မဟုတ်ပါဘူးနော် … "

ခက်တော့တာပဲ။ ဒီတူမလေးတွေဟာ အမြင်လည်း ကတ်ချင်စရာ၊ သနားလည်း သနားချင်စရာ။

အဒေါ်အတွက် … အကောင်းဆုံးဖြစ်စေချင်သည့် စေတနာလည်း သူတို့လောက်ထက်သန်တာ မရှိ … ။ ပေါက်ကရ တီထွင်ပြီးလက်တည့်စမ်းချင်တာလည်း သူတို့အပြင်မရှိ။

သော်ကပန်းတစ်ယောက်ကတော့ လူကြီးစိတ်မွေးပြီး … ဣန္ဒြေဆည်ရကောင်းနိုးနိုးကလေးတွေ မြှောက်ပေးသည့် အတိုင်း စိတ်ထင်ရာလျှောက်လုပ်ရကောင်းနိုးနိုး … ။





ဂျေဒီးနပ်ဆိုင်ထဲဝင်လိုက်ကတည်းက ဘယ်လို ဘယ်လို မျက်စိတည့်သွားသည်မသိ။ ယောမင်းတန်းခနဲမြင်လိုက်သူမှာ ဆိုင်ထောင့်ကျကျစားပွဲမှာ တစ်ယောက်တည်းငုတ်တုတ်လေးထိုင်နေသောပုံစံတုံးတုံး မိန်းမကိုပင်။

ဒီနေရာမှာ ထိုင်နေတယ်လို့ ရိုးရိုးမသုံးနှုန်းဘဲ ငုတ်တုတ်လေးဆိုသည့် ကြိယာဝိသေသနကို တမင်တကာထည့်သုံးထားရခြင်းမှာ သူမထိုင်နေသည့်ပုံစံဟာ အ,လွန်း၊ တုံးလွန်းလို့ ရောက်ရှိ နေသည့်နေရာ၊ ထိုင်နေသည့်ခုံနဲ့ ဘယ်လိုမှ သဟဇာတ မဖြစ်ဘဲ ကို့လို့ကန့်လန့်ကြီး။ ဒီတော့ သူမပုံစံဟာ ခုံမှာခြေထောက် နှစ်ချောင်းအောက်ချထိုင်နေတာဖြစ်သည့်တိုင် … ထိုင်ခုံပေါ်ခြေ

ထောက်တင်ကာ ငုတ်တုတ်ကြီးထိုင်နေတာနဲ့သာ ... တူနေတော့သည်။

သူမဟာ တစ်စားပွဲလုံးမှာ တစ်ယောက်တည်း။ ပြီးတော့ ရှေ့မှာလည်း ဘာစားသောက်စရာမှ ချမထား။

ယောမင်းက ဒိုးနပ်နှစ်ခုနှင့် ကော်ဖီတစ်ခွက်မှာပြီး သူမနောက်ကျောတည့်တည့်ကခုံမှာ နေရာယူလိုက်သည်။

မုန့်တစ်ခုနဲ့ ကော်ဖီတစ်ဝက်လောက်ကုန်သွားသည်အထိ မရွှေချောက မလှုပ်သေး။

သူမကိုကြည့်ရင်း ကြည့်ရင်း ယောမင်း သဘောပေါက်လာသည်။ သူမဟာ တစ်စုံတစ်ယောက်ကိုစောင့်နေတာမျိုးလည်းမဟုတ်၊ စားပြီးသောက်ပြီးသွားလို့ အေးအေးဆေးဆေးအနားယူနေတာမျိုးလည်း မဟုတ်။ သူမလိုချင်သည့် စားသောက်စရာကိုယူပေးမည့်စားပွဲထိုးတစ်ယောက်ယောက် အနားရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေသည့်ပုံ။

ဒီဆိုင်ဟာ ကိုယ်တိုင်ငွေရှင်း၊ ကိုယ်တိုင်ယူစနစ်ဆိုတာ သူမ,မသိဘူးထင်သည်။

အသည်းယားလိုက်တာနော်။ သူမနဲ့ ကိုယ်နဲ့ဘာမှ





မဆိုင်ပေလို့သာ၊ နောက်တစ်ကြိမ်ပတ်သက်ရမှာစိုးလို့သာ ဒီအတိုင်းထိုင်ကြည့်နေရတာ။ သူမသာ ကိုယ်နဲ့တစ်ခါမှ မဆုံဖူးသော သူစိမ်းပြင်ပြင်တစ်ယောက်ဖြစ်နေမည်ဆိုလျှင် ဘာလုပ်ရမည်ဆိုတာ သွားပြောလိုက်မိမှာ အမှန်။

သူမနဲ့တော့ ဘယ်လိုမှ ပတ်သက်လို့မဖြစ်ပါဘူးလို့ ကိုယ့်ဘာသာ နေနိုင်အောင် ကြိုးစားကြည့်ပေမဲ့မရ။ ပါးစပ်ထဲထည့်ဝါးနေသော မုန့်အရသာပင် ဘာတွေဘယ်လိုဖြစ်နေမှန်းမသိ။

တော်ပြီကွာ။ စကားလေးတစ်ခွန်းလောက်ပဲ ဘယ်လောက်မှအပန်းမကြီးပါဘူး။ သွားပြောလိုက်ပါတော့မယ်။

ယောမင်းက စိတ်ကိုဒုံးဒုံးချကာ စားလက်စမုန့်နဲ့ ကော်ဖီပန်းကန်ကိုပါသယ်လျက် (ချထားခဲ့လျှင် ပြီးပြီထင်ပြီး သိမ်းသွားမှာစိုးလို့)အကြောင်းကြောင်းအမျိုးသမီးရှိရာ စားပွဲဆီသို့ကူးသွားလိုက်ကာ ...

"ဒီမှာ ဒီဆိုင်က ကိုယ်စားချင်တဲ့မုန့်ကို ကိုယ်တိုင်သွားယူရတယ်ဗျ ... "

ယောမင်းက ရုတ်တရက်ကြီး ရောက်လာတာဖြစ်

ပေမဲ့ အမျိုးသမီးက အံ့သြသွားပုံတော့ မရချေ။ ခပ်အေးအေးပဲမော့ကြည့်ကာ ...

"ဒီဆိုင်မှာ စားပွဲထိုးမရှိဘူးလား ... "

"သူတို့က စားပြီးသားသိမ်းဖို့နဲ့ စားပွဲတွေရှင်းလင်းသုတ်သင်ဖို့ပဲ တာဝန်ယူတာလေ ... ကိုယ်စားချင်တာကို ကိုယ်တိုင်ယူတော့ မှားစရာလည်းမရှိဘူး ... ကြိုက်တာရွေးယူလို့လည်းရတယ် ... ငွေလည်း တစ်ခါတည်းရှင်းပြီးသားဖြစ်ရော ... "

"ဒါဆို ... "

အမျိုးသမီးက ယောမင်းကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ဒီအထိလည်း ခပ်ညံ့ညံ့ ယောမင်းက သဘောမပေါက်သေး။

"ကျွန်မအတွက် သွားမှာပေးပါလား ... "

ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုသလို တည့်တည့်ပြောလိုက်မှပဲ ယောမင်းတို့ တွန့်ခနဲဖြစ်သွားကာ ...

"အာ ... ဘာလို့မှာပေးရမှာလဲ ... "





"သွားပါရှင် ... ကျွန်မ ဘယ်လို မှာရမယ်မှန်းမသိလို့ပါ ... ရှင်က မှာတတ်တာပဲဟာ ... "

"ခင်ဗျား ဘာစားချင်မှန်းမှ မသိတာ ... ဒီဆိုင်မှာ မုန့်ကအမျိုးစုံပုံစံစုံရှိတာ ... ကိုယ့်မျက်စိနဲ့ကြည့်မှ ကိုယ်ကြိုက်တာရွေးလို့ရမှာပေါ့ ... "

အမျိုးသမီးက စဉ်းစားသလို မျက်တွေသွားပြီးတော့မှ ...

"အဲဒါမျိုး ... အဲဒါမျိုး ကြိုက်တယ် ... "

သူမ လက်ညှိုးထိုးပြလိုက်သည့်အရာကား ဘေးနားက ဖြတ်သွားသည့်ကောင်မလေးရဲ့ဗန်းထဲမှာပါသွားသည့် မုန့်တစ်ခု။

မုန့်ပုံစံကလည်းကြည့်စမ်းပါဦးဗျာ။ ချောကလက်နဲ့လုပ်ထားသည့် ဒိုးနပ်ကွင်းမို့ အရောင်ကမဲဖျော့ဖျော့။ အပေါ်ကသကြားမှုန့်တွေဖြူးထားလိုက်သေးသည့်အခါ ခွေးချေးမှိုတက်နေတာနဲ့တူလေသည်။

"ခင်ဗျားဥစ္စာကလည်းဗျာ ... ကြိုက်ပဲကြိုက်တတ်လွန်း ... "

"ဘာလဲ ... ဘာဖြစ်လို့လဲ ... အဲဒါချောကလက်နဲ့လုပ်ထား

တာ မဟုတ်လား ... ကျွန်မက ချောကလက်အရသာဆို သိပ်ကြိုက်တာရှင့် ... ”

“ဒါပြောတာမဟုတ်ဘူးခင်ဗျ ... အရောင်မည်းညစ်ညစ်မှာ အဖြူမှုန့်တွေကပ်နေတော့ ... အုတ်မှိုတက်နေတယ်လို့ ...”

ဒီတော့မှ ... မချောက ယောမင်းရဲ့ဆိုလိုရင်းကို သဘောပေါက်သွားကာ ...

“ကြည့်စမ်း ... ရှင် ယုတ်မာလှချည့်လား ... သူများစားမဲ့ အစာကို ဒီလိုပဲပြောရလားဟင် ... ”

“ပုံစံကိုက ဖြစ်နေတာပဲဟာ ... ”

“တော် ... တော် ... ရှင်သွားမှာမလား မှာမပေးဘူးလား”

“မှာပေးပါ့မယ်ခင်ဗျာ ... အဲဒါပဲစားမှာ သေချာလား ... အင်းလေ ... ကိုယ့်အကြိုက်ဆိုတော့လည်း တားရခက်သား လား ... ”

အမျိုးသမီး ဝူးဝူးဝါးဝါးတွေ ဖြစ်ကျန်ခဲ့သည်။ ယောမင်းကတော့ သူမကို လှုပ်လှုပ်ရှားရှားဖြစ်အောင် လုပ်နိုင်ခဲ့တာမို့ မုန့်သွားယူပေးရတာကို နစ်နာတယ်လို့မထင်မိတော့ချေ။





မုန့်တစ်ခု၊ ကော်ဖီတစ်ခွက်နဲ့ ယောမင်းပြန်ရောက်လာတော့ လားလား၊ မချောကဘာတွေလုပ်နေသလဲသိပါသလား။

ယောမင်းချန်ထားခဲ့သည့် မုန့်ဗန်းထဲက မုန့်တစ်ခုကို ခပ်တည်တည်ကောက်စားနေတာခင်ဗျ။

“ဟော့ ... ဟော့ ... အဲဒါ ဘာလို့စားလိုက်ရတာလဲ ... ဒါ ကျွန်တော်စားဖို့ယူထားတာ ... ”

“ဗိုက်ဆာလို့ ... ”

“အောင်မယ်လေး ဆိုင်ထဲမှာ တစ်နာရီလောက်ငုတ်တုတ်ထိုင်နေတုန်းကတော့ မဆာဘူး ... အခုကျမှပဲ ... ”

“ဆာကာပေါ့ ... ဆာလို့ မုန့်စားဖို့လာတာပဲဟာ ... စားပွဲထိုးတစ်ယောက်ယောက်ကတော့ ဘာစားမလဲလာမေးမှာပဲဆိုပြီး စောင့်ရင်းစောင့်ရင်း ဒီလောက်ကြာသွားတာ ...”

ပြောနေပုံလေးကတော့ သနားစရာပါပဲ။ သူမသာ အခုထက်နည်းနည်းလောက်ပိုပြီး ကြည့်ပျော်ရှုပျော်ရှိလိုက်မည်ဆိုလျှင် စိတ်ပါလက်ပါ သနားလို့ကောင်းမည်။ အခုတော့ အုန်းဆီတွေရွှဲနေသည့် ဆံပင်ကို ခပ်ပိပိဖြီးသင်လျက် ကလစ်နဲ့နောက်ကျောမှာ ညှပ်ထားသည့် ခပ်ရိုးရိုးပုံစံကြီးနဲ့ ပါတိတ်ဝမ်းဆက်ဝတ်ထားသည့်

မိန်းမတစ်ယောက်ဟာ ... ယောမင်းရဲ့နှလုံးသားထဲက သနားကရုဏာတွေကို ဘယ်လိုမှ ခြေမချနိုင်ချေ။

"ရှင်လည်း ဆာနေတယ်ဆိုရင် ကျွန်မအတွက် မှာလာပေးတဲ့ မုန့်ကိုယူစားလိုက်လေ ..."

"အောင်မယ်လေးဗျာ ... မစားပါဘူး ... ပုံစံကြီး ကြည့်ကတည်းကျ အော်ဂလီဆန်လွန်းလို့ ကိုယ့်ဘာသာပဲ စားစမ်းပါ ..."

"ရှင့်အတွက် မုန့်ရော ..."

အောင်မယ် ... အခုမှ လာပြီး သိတက်နေသေးတယ်။ စားတုန်းကဖြင့် စားလိုက်ပြီးတော့။

"ကျွန်တော်က တစ်ခုစားထားပြီးပြီ ... ထပ်စားဖို့လည်း စိတ်မပါတော့ဘူး ... ကော်ဖီသောက်ပြီးရင် သွားတော့မှာ"

ယောမင်းက အေးစပြုနေပြီဖြစ်သော ကော်ဖီကို တစ်ကျိုက်တည်းမော့သောက်ကာ ထ,ပြေးတော့ဖို့ ကြံသည်။

သို့သော် ...

"ခဏလေးနေပါဦးလား ... ကျွန်မစားတာသိပ်မကြာပါဘူး။ စောင့်ပေးမယ် မဟုတ်လားဟင် ..."





တွေ့လား။ လုပ်ပြကွာ ... မျက်နှာထားကအသက်အရွယ်နဲ့မလိုက်အောင်ဘဲ ပသီနားမလည်တဲ့ပုံစံလေး ချိုးထားပြီးတော့ သနားအောင် လာလုပ်နေပြန်ပြီ။

ယောမင်းဟာလည်း အကြင်နာတရားရှိတဲ့နှလုံးသားကို ပိုင်ဆိုင်ထားတဲ့သူပါပဲ။ လူတစ်ယောက်က ကိုယ့်ကိုအားကိုးတကြီး အကူအညီတောင်းလာသည့်အခါ ဘယ်လိုမှ ဥပေက္ခာမပြုနိုင်ပါ။

"ကဲဗျာ ... စောင့်ပေးမယ် ... မြန်မြန်တော့စားနော် ... ကျွန်တော်က အချိန်သိပ်ရတာ မဟုတ်ဘူး ..."

ပါးစပ်ကအကျင့်ပါနေလို့ ကန့်ကန့်သတ်သတ်လုပ်လိုက်ပေမဲ့လည်း တမင်များရွဲ့နေသလားထင်ရလောက်အောင် မုန့်ကို နပ်သေးသေးအဖွဲ့လေးတွေ ဖွဲ့လျက် တအိအိစားကာ ကော်ဖီကို အငုံသေးသေးလေးတွေ တစ်ငုံချင်းသောက်ခနေသောမမကို နာရီဝက်လောက်တော့ စိတ်ရှည်လက်ရှည် စောင့်ပေးလိုက်ရပါသေးသည်။

စားလို့လည်းပြီးရော ...

"စားလို့တော့ ကောင်းတယ် ... ဒါပေမဲ့ ဘွားစရာရှိသေး

တယ် ... ရှင် ဘားလမ်းကိုသိတယ်မဟုတ်လားဟင် ... ”

“ဘားလမ်းများ ဘာမသိစရာရှိသလဲ ... ”

“သိရင် အဲဒီကိုကျွန်မကို လိုက်ပို့ပေးပါလား ... ”

မြတ်စွာဘုရား။ လာပြန်ပြီ ...

ဒီမိန်းမ ရှိုးပုံရှိုးလက်နဲ့ တော်တော်တင်စီးတာပါလား။ သူ့အစားစားတော့လည်း စောင့်နိုင်းလိုက်သေးသည်။ သွားချင်သည့်နေရာကိုလည်း လိုက်ပို့နိုင်းသေးသည်။ အဲ ... ပြီးတော့ သူမစားသည့်မုန့်နဲ့ ကော်ဖီဖိုးကိုလည်း ခုထက်ထိ ရှင်းမပေးသေး။ သူမကြည့်ရတာ ဒီဆိုင်ကစတုဒီသာကျွေးနေတယ်များ ထင်နေသေးသလား။ ဒါမှမဟုတ် ကိုယ်တိုင်ယူစနစ်ဖြစ်လို့ ကျသင့်ငွေပေးစရာမလိုဘူးလို့များ အတွေးတော်ပေါက်နေသလား။

ထောင်ဂဏန်းမပြည့်သောကျသင့်ငွေလေးကို ဘယ်လောက်ကျပါတယ်ပြန်တောင်းဖို့ကလည်း အခက်မို့ ယောမင်းမှာ အောင့်သက်သက်နဲ့ ခံနေရလေသည်။

“ခင်ဗျားက မအူမလည်နဲ့ ဘားလမ်းတစ်ယောက်တည်းသွားပြီး ဘာလုပ်မလို့လဲ ... ”

“ပစ္စည်းလေးတစ်ခု ကြည့်စရာရှိလို့ပါ ... ”





“ဘာကြည့်မှာလဲ ... ”

“ဒီဗီဒီပလေယာ ... ”

အောင်မာ ...။ ပုံကြည့်တော့ တောဂိုက်နဲ့ ဒင်းက ဒီဗီဒီပလေယာဆိုပါလား။

ပုံစံကတော့ ဆိုင်တွေသာတစ်ယောက်တည်းလိုက်မေးနေလျှင် ဟိုလူတွေကအချဉ်ဆိုပြီး ဈေးတင်တာတို့၊ ပစ္စည်းအညံ့အဟောင်းတွေထိုးသိပ်ထည့်ပေးတာတို့ လုပ်လို့ကောင်းတော့မည်။

တတ်နိုင်ပါဘူးလေ ...။ သွားပတ်သက်မိပြီးမှတော့ ကိုယ့်တာဝန်ကိုယ်ဆက်ယူမှ ဖြစ်တော့မည်။

နောက်ဆုံးတော့ ယောမင်းဟာ သူမကို ဒီဗီဒီစက်တစ်လုံးလိုက်ဝယ်ပေးပြီး စိတ်ချရမည့် တက္ကစီတစ်စီးပါငှားပေးလိုက်ရသေးသည်။

----

"အဲ့ဒါပေါ့ ကိုယော ... မာမာ့အန့်တီလေးသော်ကပန်းဆိုတာ ... "

နေခော်ကောင်မလေးရဲ့ အခေါ်ဆိုသဖြင့် ကိုယ်ထက်တော့အသက်ကြီးမှာပါပဲလို့ ထင်ထားမိသော ယောမင်းမှာ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် တော်တော်ပဲ အံ့သြသွားရလေသည်။

ဟိုအမျိုးသမီး။ ဂျာနယ်သမားဆီမှာ အကြွေလဲတုန်းက တစ်ခါ၊ ပါတိတ်ဆိုင်မှာတစ်ခါ တွေ့ဖူးထားတဲ့ ချောချောလှလှ၊ ထက်ထက်မြက်မြက်ပုံစံနဲ့ တစ်ယောက်လေ။





သူမထိုင်နေတာက ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်းက ပိုးထည်တိုက်တစ်ခုအတွင်းမှာ။

သူမရဲ့ဆိုင်ဟာ ရှင်းလင်းကျယ်ပြန့်ပြီး မီးတွေထိန်ထိန်ညီးအောင် ထွန်းထားတာမို့ အထည်ဆိုင်နဲ့တောင်မတူ။ လက်ဝတ်လက်စားရောင်းသည့်ဆိုင်နဲ့ တူနေသေးသည်။

ဆိုင်ထဲမှာ မှန်ဗီရိုရှည်ရှည်ပုပုလေးတွေ၊ နံရံကပ်ဗီရိုတွေထဲ စီကာရီကာ လှပအနုပညာမြောက်စွာ ခင်းကျင်းပြသထားတာက ပိုးထည်၊ ချိတ်ထည်နဲ့ ပဝါတွေ။

ဆိုင်အခင်းအကျင်းကောင်းလို့လားတော့မသိ။ သူမဆိုင်က ချိတ်ဆင်တွေဟာ တခြားဆိုင်က အဆင်တွေထက်ပိုပြီး ခေတ်မီလှပနေကြသလိုပင်။

"ဘယ်လိုလဲ ... ဝင်ဝယ်မလား ... "

နေခော်က ယင်းမာဆီက တစေ့တစောင်းသတင်းစုံစမ်းလာပြီး ယောမင်းကိုခေါ်ကာ လိုက်ပြတာမို့ နှစ်ယောက်သားဆိုင်အပြင်ဘက်မှာ ကုတ်ချောင်းချောင်းကလေး။

"ဝင်ဝယ်ရအောင် ဈေးကသေးမှာမဟုတ်ဘူးကွ ... "

"ကိုယောကလည်း ကိုယ့်အမေကို ဒီလောက်လေးတောင် မသဒ္ဒါဘူးလား ..."

"မသဒ္ဒါတာမဟုတ်ဘူး ... မင်းစဉ်းစားကြည့်ကွာ ... ငါတို့က မန္တလေးအဆက်တွေ ... ငါ့အမေဆိုရင် အမရပူရက ရက်ကန်းရုံတစ်ခုနဲ့ အရမ်းရင်းနှီးတာ ... အဲဒီရက်ကန်းရုံမှာပဲ သူကြိုက်တဲ့ဒီဇိုင်းကို ကိုယ်တိုင်ရက်နိုင်းတာ ... အဲဒီလို စိတ်တိုင်းကျလုပ်ထားဲ့အဆင်မှဝတ်တာ မေမေ့အကြောင်း သိလျက်နဲ့ ... ဒီဆိုင်က ဝယ်သွားရင် ဘယ်ဖြစ်မလဲ ..."

"ဒါဆိုလည်း ကိုယ့်အတွက်ဝယ်ဗျာ ..."

"ဟော့ကောင် ... ဟော့ကော်င် ... ချောက်မတွန်းနဲ့နော် ... ငါက သတို့သားလုပ်မှာလည်း မဟုတ်ဘူး ..."

နေဇော်ကပျောက်ခနဲ လက်ဖျစ်တစ်ချက်တီးလိုက်ကာ ...

"ကြည့်စမ်း ... အခုမှအကြံရတယ် ... ပိုးထည်တစ်စုံဗျာ မိန်းမဝတ်နဲ့ယောကျ်ားဝတ် ... အန်တီလေးကို စိတ်ကြိုက် ရွေးခိုင်းလိုက် ... သူရွေးပြီးမှ ကျွန်တော်မင်္ဂလာဆောင်တဲ့ အခါဝတ်ဖို့ပါလို့ပြော ... ကွက်တိပဲ ..."





"မင်းဉစ္စာကကွာ ... ငါ့ကိုငွေကုန်ခံပြီး ... ကြောင်တဲ့ကောင်လို့ ထင်ချင်စရာကြီး ..."

"ထင်တော့ ပိုကောင်းတာပေါ့ ... ဒီအတိုင်းသွားရင် ဘာကြောင့်လာတာလဲဆိုတာမသိရဘူး ... ဟော ... သိသွားတော့ပြီးရော ..."

"ငါ သိက္ခာကျတာပေါ့ကွ ..."

"မိန်းမပိုးတာများ သိက္ခာဆည်စရာလိုသေးသလား ... အစကတည်းက သိက္ခာကိုဘေးချပြီး လုပ်ရမဲ့အလုပ်မျိုးမဟုတ်ဘူးလား ..."

"မင်းတို့ကတော့ ကလေးတွေကိုးကွ ..."

"ကိုယောလည်း လူကြီးမဖြစ်သေးပါဘူးဗျာ ... အသက်သုံးဆယ့်နှစ်,နှစ်ဆိုတာ ဗွတ်အတင်းကြီးကလေးတန်းဝင်ထိုင်လို့ရသေးတဲ့အရွယ်ပါ ..."

"တွေ့လား ... မင်းစကားထဲမှာကိုက ပါသွားပြီ ... ဗွတ်အတင်းကြီးဆိုတာ ... ဗွတ်လုပ်တယ်ဆိုတာ အရှက်မရှိတဲ့ သူတွေရဲ့အလုပ်ကွ ... ကိုယ်ဖြစ်ချင်တာဖြစ်ရပြီးရော ...

ဘယ်သူဘာဖြစ်ဖြစ် ... ဘယ်သူတွေဘယ်လိုပြောပြောလို့ သဘောထားနိုင်တဲ့သူတွေမှ လုပ်တာ ... ”

နေဇော်က ယောမင်းကို စကားကြီးစကားကျယ် ပြောလာတဲ့လူကြီးဆိုသည့် အကြည့်မျိုးနဲ့ စောင်းရွဲ့ကာကြည့်သည်။

ထိုအခိုက်မှာပဲ ... ”

“ဟဲ့ နေဇော် ... ဒီမှာ ဘာလာလုပ်နေတာလဲ ... ”

အဲ ... ။ နေဇော်မျက်နှာတွေ နီရဲကာ ထူပူသွားရသည်။

သူ့အဒေါ်ကိုလာချောင်းတာ တူမနဲ့တည့်တည့်တိုးတယ်ဆိုတော့ အထိတ်တလန့်မဖြစ်ဘဲ နေပါ့မလား။ တူမမှ တစ်ယောက်တည်းမဟုတ်။ မာမာ့အစ်မဝမ်းကွဲလို့သိထားသော နောက်တစ်ယောက်တောင် ပါလိုက်သေးသည်။

“ဘာလဲ ... ချိတ်တွေပိုးတွေဝယ်ဖို့လား ... အတော်ပဲ ဒါ အန်တီလေးဆိုင်လေ ... ဖွင့်ထားတာမကြာသေးဘူး ... အရင်ကတော့ မန်း ... နယ်မှာပဲဆိုင်ရှိတာလေ ... အခု ရန်ကုန်ကိုဈေးကွက်ချဲ့တာ ... ”





“ဟုတ်လား ... အရင်ကဘယ်မှာ ... ”

“နယ်မှာပါဆို ... ဟိုအထိလည်းလိုက်မဝယ်နိုင်ပါဘူးကွာ ... ရောက်တုန်းရောက်ခိုက် ရန်ကုန်ကဆိုင်ကိုပဲ အားပေးစမ်းပါ ... ”

ယင်းမာစကားပြောပုံကြည့်ရတာ သူမတို့ဘယ်နယ်ကလာသလဲဆိုတာ သိသွားမှာစိုးလို့ ဖုံးဖိထားသည့်ပုံမျိုးပဲဟု ယောမင်းက ထင်သည်။ ဒါပေမဲ့ ကိစ္စမရှိပါ။ မြန်မာပြည်မှာ ချိတ်တို့ ပိုးတို့ အဓိကထွက်သည့်အရပ်ဒေသဆိုလို့ ဘယ်လောက်များများရှိလို့လဲ။

“ကြည့်ရတာ ... နင်တော့ ဝယ်မှာဟုတ်ပုံမရဘူး ... ဒီက ဦးလေးကြီးဝယ်ဖို့ပဲဖြစ်ရမယ် ... မင်္ဂလာဆောင်အတွက်လား ဦးလေး ... ”

အွတ် ... ။

ပါးစပ်က တကယ် အသံမထွက်သော်လည်း ယောမင်း ဖြစ်သွားပုံမှာ အရိုက်ကို ပစ်ဆောင့်ခံလိုက်ရသည့် လက်ဝှေ့သမားတစ်ယောက်ရဲ့ပုံစံမျိုးပင်။

ယောမင်းအသက်က သုံးဆယ့်နှစ်,နှစ် ကောင်မလေးက နေဇော်နဲ့ရွယ်တူလောက်ရှိမှာဆိုတော့ အလွန်ဆုံးဆယ့်ကိုးနှစ်လောက်မို့ ဆယ့်သုံးနှစ်လောက်တော့ အနည်းဆုံးကွာခြားတာ ဟုတ်ပါရဲ့။ ဒါပေမဲ့ ... အရွယ်ချင်းတော့ ဒီလောက်ကြီးမကွာလှဘူးထင်သည်။

ယောမင်းဟာ လူကောင်ခပ်သေးသေးနဲ့ လူငယ်ပုံစံပဲ နေထိုင်တတ်သူမို့ ပေါ့ပါးတက်ကြွကာ ရှိရင်းစွဲအသက်ထက် တောင် ငယ်ပုံရတာပါ။ ပူပင်သောက မရှိ၊ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းနိုင်ခဲ့သူမို့ ရုပ်ရည်ကလည်း အိုစာကျမနေ။ တအားကြီး နုဖတ်ပြီးကလေးပုံပေါက်မနေဘူးဆိုလျှင်တောင် ကိုယ့်အသက်အရွယ်နဲ့ လိုက်ဖက်သော နုနယ်မှုတော့ရှိပါသည်။

ပြီးတော့ ... သူမနဲ့ရွယ်တူ နေဇော်တို့ကတောင်မှ ကိုယောလို့ပဲ ခေါ်သေးတဲ့ဟာ။ အစ်ကိုရိုက်ရာမှာ ထားသေးတဲ့ဟာ။ သူမက ဘာလို့ ချိုးချိုးဖွဲ့ဖွဲ့ ဦးလေးကြီးလို့ ပစ်ခေါ်ထည့်လိုက်ရတာလဲ။

ကြည့်ရတာ သူ့အခေါ်ကိုလာပြီး နောက်ပိုး,ပိုးတာ မှန်းသိလို့ တမင်တကာ နာမ်နှိမ်ပစ်လိုက်တာလား။





နောက်တစ်ခု တွေးစရာရှိသေးတာက ကောင်မလေးဟာ သူ့အခေါ်ကို အနိုင်လေးခေါ်ရလို့များ ... ယောမင်းကိုလည်း ... အစ်ကိုကြီးတွေဘာတွေမခေါ်ဘဲ သူ့အခေါ်နဲ့တန်းညှိပြီး ဦးလေးကြီးလို့ ပစ်ခေါ်ထည့်လိုက်တာများလား။

အဲဒီလိုဆိုလို့ကတော့ ကျေနပ်စရာပေါ့။ ကောင်မလေးဟာ ယောမင်းကို သူ့အခေါ်အတွက် ဖူးစာဖက်ရယ်လို့ မျက်စိကျထားသည့်သဘောပေါ့။

ကိုယ့်ဘာသာ စိတ်ချမ်းသာစရာဘက်က လှည့်တွေးကာ ယောမင်းက သဘောတကျတွေ ဖြစ်သွားရပြန်သည်။

"လာပါ ... ဘာအတွက်ပဲဝယ်ဝယ် ဆိုင်ထဲတော့ ဝင်ကြည့်ဦးပေါ့ ... မကြိုက်ရင်အားမနာနဲ့ မယူနဲ့ ... တခြားဆိုင်တွေနဲ့ ပစ္စည်းချင်းဈေးနှုန်းချင်း အရင် ယှဉ်ကြည့်လိုက်ဦး ... ကြိုက်မှဝယ် ... "

ယင်းမာက အတင်းခေါ်နေသည် ... ။ နေဇော်တစ်ယောက်ကလည်း နဂိုထဲက ဝင်ချင်ချင်မို့ ခြေလှမ်းကဆိုင်ဘက်ကို ဦးတည်နေပြီ။

မတတ်သာတော့။ ယောမင်းကိုယ်တိုင်လည်း ဝင်ချင်သည့်စိတ်က ငါးဆယ်ရာခိုင်နှုန်း၊ မဝင်ရဲသည့်တွန့်ဆုတ်မှုက ငါးဆယ်ရာခိုင်နှုန်းဖြစ်နေတာမို့ တိုက်တွန်းမည့်သူရှိလာသည့်အခါ ဝင်ဖြစ်သွားတော့သည်။

ဆိုင်ထဲဂင်ဝင်ချင်း ... ယင်းမာက သော်ကပန်းကို မျက်စိမှိတ်ပြလိုက်သည်။ သောကပန်းကတော့ အပျိုကြီးမမတို့ရဲ့ စတိုင်အပြည့်နဲ့ မျက်နှာကခပ်မော့မော့၊ ခပ်တင်းတင်း။

"ဘာများအလိုရှိလို့ပါလဲရှင် ... "

အကူကောင်မလေးတစ်ယောက်က ယောမင်းတို့နား ကပ်လာပြီး မေးလိုက်တာပင်။

"ချိတ်ထဲက အဆင်ဆန်းတာလေး ... "

နေခေါ်က ဝင်မေးလိုက်တာမို့ ယောမင်းက ခြေထောက်ကို ခပ်ဖိဖိနင်းပြီး သတိပေးလိုက်တာ။ သူကဖြင့် ဘာမှ ဝယ်ဖို့ စိတ်ကူးရှိတာမဟုတ်ဘဲ ဟိုဟာကြည့် ဒီဟာကြည့်နဲ့၊ နောက်ဆုံး မဝယ်ဖြစ်လျှင် အားနာစရာကောင်းတော့မည်။

"ဟုတ်ကဲ့ ... ရှိပါတယ်ရှင် ... ယောကျ်ားဝတ်ထဲကလိုချင်တာလား ... မိန်းမဝတ်ထဲက လိုချင်တာပါလား ... "





အောင်မယ်လေးဗျာ ချိတ်ဆင်ကြီးကို ယောကျ်ားဝတ်တဲ့။ သေသာသေလိုက်ပါတော့။ ဓာတ်မင်းသားကြီးဖြစ်တော့မှာပဲ။

ယောမင်းက စိတ်ထဲကနေ ရေရွတ်နေမိသည် ...။ ပါးစပ်ကတော့ ...

"အမျိုးသမီးဝတ်ပဲ ... "

"ဘယ်အမျိုးအစားထဲကပါလဲရှင် ... ချိတ်လား ... ပွင့်ထိုးလား ... ပွင့်ထိုးလေးတွေက အဆင်ဆန်းတွေရောက်လာတာ မကြာသေးပါဘူး ... ဒူးနားလေးတွေဆိုရင် ဘယ်ဆိုင်မှာမှ မရှိသေးတဲ့ ဒီဇိုင်းတွေပါ ... "

"ဘယ်လိုဟာမျိုးလဲ ... "

"ဒီမှာပါရှင့် ... အသားကလည်းအကောင်းစား ... အဆင်ကလည်း အသစ်ပါ ... ဒီအစိမ်းလေးဆိုရင်ကြည့် ... အရောင်ကလည်း ရှားရှားပါးပါး အရောင်ပါ ... ဟောဒီဗေဒါလေးကလည်း ... "

"ဝယ်သူ ဘယ်အရောင်ထဲကရွေးချယ်ဆိုတာလည်း အရင်

မေးလိုက်ဦးလေ ... ဘယ်အရွယ်လောက်ဝတ်ဖို့ဆိုတာလည်း မေးဦးပေါ့ ... ”

အောင်မယ် ... ။ ဆိုင်ရှင်မမဆီက အသံလေးဘာလေးထွက်လာလို့ပါလား။

သူမထံကအသံတစ်ချက် ကြားလိုက်တာနဲ့ အညှံ့စားကြီးထဲက မဟုတ်လှသောယောမင်းက အဲဒီဘက်သို့ မျက်ခနဲလှည့်သွားကာ ...

“ကျွန်တော်က ဘာရယ်မဟုတ်ပါဘူး ... လှတဲ့အရောင်ဆိုအကုန်ကြည့်ချင်တာပါ ... ”

“ဟုတ်ကဲ့ ... ဘယ်အရွယ်ဝတ်ဖို့ပါလဲရှင် ... ”

“ဟိုဒင်း ... သုံး ... သုံးဆယ်ဝန်းကျင်လောက် ... ”

နေဇော်ထံက ... ပြန်ကြားရသောစကားတွေအရ ယင်းမာတို့ရဲ့အန်တီလေးဟာ ဘယ်လောက်ပဲနုဖတ်ပျိုမျစ်နေသည်ဆိုဆို အသက်သုံးဆယ်ဝန်းကျင်တော့ ရှိပြီဆိုတာ ယောမင်းက သိထားသည်။

ယောမင်းရဲ့ ရည်ရွယ်ချက်ကိုပဲ မရိပ်မိလိုက်တာ





လား ဈေးသည်မို့ ဒါမျိုးကြုံနေကျဖြစ်ကာ အရည်ထူနေတာလား၊ နဂိုကတည်းကိုက ... ဟန်ဆောင်ကောင်းတာလား၊ မသိနိုင်သော အမျိုးသမီးကား မျက်နှာပေါ်ကအသားမျှင်ကလေးတစ်မျှင်တောင် တွန့်ကွေးလှုပ်ရှားမသွားဘဲ ပုံမှန်မျက်နှာသေဖြင့်ပင် ...

“ဒါဆိုရင်တော့ ... ဒီဇိုင်းကိုအရမ်းကြီးတုံးစရာမလိုဘူး ... တအားကလက်ပြီးကလေးဆန်တာမဟုတ်ရင်ပြီးရောပေါ့... သဉ္ဇာရေ ... ဟိုဗီရိုအပေါ်ဆုံးထပ်မှာ ထည့်ထားတာလေးတွေလေ ... အပြာနုရယ် ... ခရမ်းရယ် ... ဘေဘီပင်ခ်လေးရယ် သုံးမျိုးထုတ်ခဲ့ ... ”

အကူကောင်မလေးတစ်ယောက်က ... ပွင့်ကိုးအစသုံးစကို ယူလာပေးလျှင် သော်ကပန်းက ခပ်မြန်မြန်ဖြန့်ကာ ...

“ဒီမှာပါရှင် ... အဆင်လေးတွေက ဆန်းလည်းဆန်းတယ်၊ ယဉ်လည်းယဉ်တယ် ... ဒါအသစ်ဝင်ကာစမို့ လူသိပ်မသိသေးတာ ... နောက်ဆိုရင် ဒါမျိုးဒီဇိုင်းတွေ အရမ်းခေတ်စားလာတော့မှာ ... စောစောစီးစီးဝယ်ပြီး စောစောဝတ်ထားလိုက်ရင် ကိုယ်ကရှေ့ပြေးတောင် ဖြစ်သွားမှာပါ ... ”

စကားပြောကတော့ အတော်သွက်တာပဲ။ ဟိုတစ်ခါတွေ့ဖူးသည့် နေဇော်အစ်မဝမ်းကွဲ ခင်ချစ်ချစ်ချို့တို့လိုပဲ အရောင်းအဝယ်ကိစ္စဆိုလျှင် နှုတ်သွက်ချက်ချောပြီး တခြားနေရာတွေမှာကျ မာနတစ်ခွဲသားနဲ့ တည်တံ့လွန်းမည့်ပုံ။ အပျိုကြီးစတိုင်ဆိုတာ ဒါမျိုးထင်ပါရဲ့ဗျာ။

"တစ်စုံလောက်တော့ ဝယ်လိုက်ပါလား ဦးလေးကြီးရဲ့ ... ယင်းမာတို့ဆိုင်ကို အားပေးတဲ့သဘောပေါ့ ... ပြီးရင် ဘယ်သူ့ပဲ လက်ဆောင်ပေးပေး မကြိုက်မရှိစေရဘူး ..."

ယင်းမာက ... နေဇော်နဲ့ စကားပြောနေရာကနေ လှည့်လာပြီး ဝင်တိုက်တွန်းနေပြန်သည်။ ယောမင်းကတော့ ဇောချွေးပျံချင်ပြီ။

ဒီပိုးပွင့်ထိုးထဘီတစ်ထည်ဟာ ဈေးလည်းသေးမှာမဟုတ်။ မိန်းမဝတ်ဖြစ်နေတော့ ကိုယ့်အတွက်လည်း ဘယ်လိုမှအသုံးမတည့်။ အမေ့ကိုပေးရအောင်ကလည်း ကိုယ့်အမေက ပိုးထည်ကွေ့ထွက်ရာ ဒေသမှာနေတာ။ ဝတ်ပြီဆိုလည်း သူ့စိတ်တိုင်းကျ ဒီဇိုင်းရွေးပြီး ရက်ခိုင်းပြီးမှ ဝတ်တတ်တာ။ ကြုံရာဆိုင်က ဝယ်





ပေးလိုက်လျှင် ကြိုက်သည်ပဲဖြစ်ဖြစ် မကြိုက်သည်ပဲဖြစ်ဖြစ် အပြောအဆိုကတော့ ခံရဦးမည်။

လက်ဆောင်ပေးရအောင်ကလည်း ... ကိုယ့်မှာ ဒီလောက် တန်ဖိုးကြီးကြီးပစ္စည်းတစ်ခု လက်ဆောင်ပေးရလောက်အောင် ရင်းနှီးသည့် မိန်းကလေးမိတ်ဆွေမရှိ။

"တစ်ထည်တော့ ရွေးလိုက်လေ ... ဒီပန်းရောင်ဖျော့လေး မကောင်းဘူးလား ... ဘယ်သူဝတ်ဝတ်အဆင်ပြေမဲ့ပုံပဲဗျ"

အရေးထဲ ... အသားထဲကလောက်ထွက် ကိုယ့်လူ နေဇော်တစ်ယောက်ကလည်းဝင်ပြီး ချွန်တွန်းလုပ်နေသေးသည်။

ပါးစပ်ကပြောရုံတင်မက တံတောင်နဲ့လည်းတွက်၊ ခြေထောက်ကိုလည်းလာတို့၊ သူလုပ်ပြနေပုံက မသိမသာအချက်ပေးတာနဲ့မတူဘဲ လူမသိ၊ သိအောင်တမင်လုပ်ပြနေတာနဲ့တောင် တူနေသေးသည်။

ဒီကောင် လုပ်တာကို ရှက်တာနဲ့ပဲ ယောမင်းမှာ အားလုံးကပိုင်းကိုက်တွန်းကြသော ဘောဘီပင့်ခ် ဒူးနား ပန်းထိုးအစ တစ်စကို ဝယ်ခဲ့ရလေသည်။

"ဟူး ... ဘယ်လိုလူကြီးမျိုးများပါလိမ့်နော် ..."

ယောမင်းထွက်သွားလျှင် ... မာမာက ဗီရိုပေါ် တံတောင်ထောက်လျက် ခပ်ဖွဖွဆုပ်ထားသော လက်သီးဆုပ်တွေပေါ် မေးလေးပြန်ထောက်ကာ ပြောလေသည်။

"အေးဟယ် ... မလည်မဝယ်နဲ့ ..."

စကားက ပါဝင်ထောက်ခံသော်လည်း သော်ကပန်းကတော့ ဒီလူ့ကို အ,သည်လို့မထင်ပါ။ သူ့ဘာသာစိတ်မပါလို့ ရှေ့မတိုးလာတာ။

ယောက်ျားတစ်ယောက်ဟာ မိန်းကလေးတွေကို မပတ်သက်ရဲတာလား၊ မပတ်သက်ချင်တာလား သော်ကပန်းက ခွဲခြားတတ်ပါပြီ။

"နေစမ်းပါဦး ... ညည်းတို့ကချိန်းလာကြတာလား ..."

"မဟုတ်ပါဘူး ..."

"ဒါဆို ဘာလို့ အချိန်ကိုက်ရောက်လာကြတာလဲ ... တိုက်ဆိုင်တာတော့ ဟုတ်ပုံမရပါဘူး ..."

"အဟီး ... ဒီလို အန်တီလေးရဲ့ ... နေ့ဖော်က မာမာ့ဆီမှာ





အန်တီလေးအကြောင်းမေးမေးနေတော့ မသင်္ကာဖြစ်နေတာလေ ... မနေ့ကတော့ အန်တီလေး ဆိုင်အကြောင်းအတင်းမေးပြီး အသေအချာ မှတ်နေပုံဆိုတော့ ... သိပ်မသင်္ကာချင်တော့ဘူး ... ဒီနေ့ စနေဆိုတော့ သူတို့ အားမှာပဲ ဈေးကိုရောက်လာနိုင်တယ်လို့တွက်လိုက်တာ ..."

"အချိန်ကိုက်ရောက်လာတာကရော ..."

"အချိန်ကိုက်တော့ မဟုတ်ဘူး ... မာမာနဲ့ စကားက ဟိုရှေ့က စကားသူငယ်ချင်းရဲ့ ရွှေချည်ထိုးဆိုင်ထဲမှာ ထိုင်စောင့်နေတာကြာပြီ ... သူတို့ဆိုင်ရှေ့မှာ ဝင်သင့် မဝင်သင့်ဖြစ်နေကတည်းကတွေ့တာ ... ခဏစောင့်ပြီးမှ ဝင်ဖမ်းတာလေ ..."

"လူလည်မ,ကလေးတွေ ..."

"ဒီကိစ္စမျိုးက ဘေးတီးပေးနိုင်မှ အန်တီလေးရဲ့ ..."

"နင်တို့တွေကလည်းဟယ် ... စိတ်ပျက်ဖို့ကောင်းလိုက်တာ ..."

သောကပန်းက တကယ်ပဲစိတ်ရှုပ်မိတာပါ။ နေရာ

တကာ စပ်စုဝင်စွက်ချင်ကြသည့် တူမတွေကိုရော၊ သူတို့မြှောက်ပေးသမျှ လိုက်လုပ်နေမိသော ကိုယ့်ကိုယ်ကိုရော၊ ပြီးတော့ ဘာစိတ်ကူးရှိနေမှန်းမသိသည့် ဟိုလူ့ကိုရောပေါ့။





"ဟော့ကောင် ... "

"အောင်မယ်လေးဗျ ... "

ဖုန်းခွက်ကို နား,နားကပ်လိုက်တာနဲ့ ဖုန်းထဲကနေ အသံတင်မက လူပါခုန်ထွက်လာမတတ် ကျယ်လောင်လှသော အသံကြီးကို ကြားလိုက်ရတာမို့ ယောမင်းက လန့်အော်မိမတတ် ဖြစ်သွားရလေသည်။

အဖေ ... အဖေ ... ။

အခုတလော ... အလုပ်ကိစ္စတွေများနေတာရယ်၊ ကိုယ့်ကိစ္စကလည်း အဆင်မပြေလှတာရယ်ကြောင့် ယောမင်းက အဖေ့ကိုတောင် မေ့နေမိတာ။

သူက မေ့နေပေမဲ့ အဖေကတော့ မမေ့။ နှစ်ပတ်တစ်ခါ ဖုန်းဆက်ပြီး အခြေအနေတိုးတက်မှုကို မေးနေကျအတိုင်း။ ဟော အခုလည်း အချိန်ကျလို့ ဖုန်းဆက်ပါပြီ ... ။

အဖေ့ဆီကဖုန်းလာတိုင်း ယောမင်းမှာ ရင်တထိတ်ထိတ်။ အဖေက 'အခြေအနေဘယ်လိုလဲကွ'လို့မေးလာလျှင် သူမှာ ဘာယ်တော့မှ ဖြေစရာမရှိဘူးလေ။

"ဘာလဲကွ ... မင်းက ပြန်တောင်မထူးတော့ပါလား ..."

"ထူး ... ထူးမှာပါအဖေရ ... လည်ချောင်းကပ်နေလို့"

"အခြေအနေ ဘယ်လိုလဲ ..."

ဟော ... လာပြီ။ သိပ်စိတ်ရှည်သွယ်ဝိုက်မနေတတ်သောအဖေဟာ စကားတစ်ခွန်းစပြီးတာနဲ့ သိချင်တာကို တန်းခနဲမေးချတော့တာပဲ။

ယောမင်းခမျာမှာလည်း အဖေမေးလိုက်လေတိုင်း စိုင်းထီးဆိုင်ရဲ့ သီချင်းတစ်ပုဒ်ကိုဆိုပြရမလိုဖြစ်နေသည်။ 'မေးရန်လွယ်ပေမဲ့ အဖြေခက် သိသလိုမသိသလိုပါပဲ'ဆိုတာလေ။

"ဟိုဒင်း ... ထူးကာတော့နီး ..."





"ပြောစမ်း ... ပြောစမ်း ... ထူးကာနီးပြီဆိုတာ ဘာကိုပြောတာလဲ ... ဘယ်လိုမျိုး ထူးမှာလဲ ..."

ယောမင်းက နားအေးပြီးရောဆိုပြီး အလွယ်ပြောလိုက်ပေမဲ့ အဖေက ပြီးမသွားချေ။ အတင်းကိုပဲ အစဆွဲကာမေးနေတော့တာ။

"ဟို ... ကျွန်တော်နဲ့သင့်တော်မဲ့ အမျိုးသမီးပ၁စ်ယောက်ကို တွေ့ ... တွေ့ ..."

"တွေ့ရုံတွေ့တာကို စာရင်းထဲထည့်ပြောမနေနဲ့ ... အခုနေ မင်းအဆောင်ကထွက်ပြီး လမ်းပေါ်လျှောက်လိုက်တာနဲ့ မင်းနဲ့ သင့်တော်မဲ့မိန်းကလေး ... သုံးလေးယောက်ထက်မနည်း တွေ့ရမှာပဲ ... မင်းဘက်ကတွေ့ရုံသက်သက်နဲ့တော့ အခြေအနေထူးပြီတွေဘာတွေ လာမလုပ်နဲ့ ..."

ဘယ်သူကလုပ်လို့လဲ။ သူပဲအတင်းမေးနေလို့ ဖြေရတဲ့ဟာကို။

"အချိန်သိပ်မကျန်တော့ဘူးဆိုတာလည်း သတိရဦးနော် ... မဖြစ်နိုင်ရင်လည်း စောစောစီးစီးက လက်လျှော့ထားလိုက်

အချိန်ကို အလဟဿဖြုန်းမပစ်နဲ့ ... မင်းအသက်က ငယ်တော့တာ မဟုတ်ဘူး ... ”

“သေမင်းကြားအောင် အော်အော်မနေပါနဲ့ အဖေရာ ... ယောက်ျားလေးတစ်ယောက် အသက်သုံးဆယ်ကျော်တာ ဘာဖြစ်သေးလဲ... ဒီခေတ်က စီးပွားရေးကြီးပွားရေးအတွက်ပဲ ဦးစားပေးနေကြတာ ... စောစောစီးစီး အိမ်ထောင်ပြုပြီး ဘဝကိုမြှုပ်နှံ အဆုံးသတ်ပစ်ကြတဲ့ခေတ် မဟုတ်တော့ဘူး”

“အောင်မာ ... ငါ စောစောစီးစီးအိမ်ထောင်ပြုပေမဲ့ ဘဝအဆုံးသတ်သွားတာတော့ မဟုတ်ဘူးကွ ကိုယ့်အိမ်ထောင်အတွက် ပိုကြိုးစားချင်တဲ့စိတ်နဲ့ ကြိုးစားလိုက်တော့ ... ချက်ချင်းပဲ အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာတာ၊ မင်းလို စီးပွားရေးလည်း သာမန်ပဲ စိတ်ဝင်စား ... အိမ်ထောင်ပြုရမှာလည်းကြောက် ... လူမှုရေးလည်း မအောင်မြင် ... ဘယ်နေရာမှ ထွန်းထွန်းပေါက်ပေါက် မဖြစ်တဲ့လူစားမျိုး မဟုတ်ဘူး ... ”

ဟာ ... တယ်ဆော်ပါလား။





အဖေဟာ ဘယ်တုန်းကများ အငြိုးတွေကြီးနေခဲ့သလဲ မသိ။ ပြောစရာလမ်းပွင့်တာနဲ့ စက်သေနတ်အတွဲလိုက် ပစ်သလို ဆက်တိုက်ပြောချလိုက်တာများ။

ခက်နေတာက ... အဖေ ပြောတာတွေဟာလည်း ဟုတ်သင့်သလောက်တော့ ဟုတ်နေ၍ ယော[illegible]းမှာ ပြန်ပြောစရာစကားမရှိတာပင်။

“ငါက အဖေဆိုတော့ ကိုယ့်သားရှေ့ရေး ကိုယ်စိတ်ပူရတယ်ကွ ... ဒီခေတ်ထဲမှာ ခပ်ပေါ့ပေါ့ ကောင်မလေးတွေကလည်း အများကြီး ... မင်းကိုတောင် အထင်တကြီးနဲ့ လိုက်ကပ်နေတာ ဘယ်နှစ်လောက်ရှိသလဲ ... အဲဒီထဲက တစ်ယောက်ယောက်နဲ့များ ... အောင်မယ်လေး ... မတွေးရဲစရာကွာ”

“အဖေကလည်း ... သူတို့ကိုသာ ကျွန်တော်သဘောကျရင် ဖေဖေပြောကတည်းက ကောက်ခနဲလက်ဆွဲပြီး ခေါ်လာတော့မှာပေါ့ ... ရန်ကုန်အထိ အပင်ပန်းခံပြီး ဆင်းလာတော့မှာ မဟုတ်ဘူး ... ”

"ဟိုကဟာတွေကို မင်းမကြိုက်တာက မြင်ဖူးနေကျမို့လို့ပါ ကွာ ... ရန်ကုန်မှာ အဲဒီလိုမျိုး ဆက်ကော့လက်ကော့လေး တွေတွေ့ရင် အသစ်အဆန်းဖြစ်ပြီး ပါချင်ပါသွားမှာပါ ..."

ဟီဟိ ... ။ ငါ့အဖေကတော့ မိန်းကလေးငယ်ငယ်၊ လက်ရဲ ဇက်ရဲကလေးတွေက လာပတ်သက်လျှင် ဘယ်ယောကျ်ား သားမဆို ပါသွားမှာပဲဆိုတဲ့ သီအိုရီကြီးကို လက်ကိုင်ပြုနေပြီ ... ။ ဒီစကားကို ... အမေ့ကိုသာ သွားပြောလိုက်လို့ကတော့ ပွဲကြည့် ကောင်းတော့မည်။

"အရှေ့အပတ်ထဲ ငါ ရန်ကုန်ဆင်းလာမယ် ..."

အဲ ... ပြဿနာ။ ဒါကတော့ သိပ်ကြည့်ကောင်းမှာ မဟုတ်ဘူးထင်သည်။

"ဘာ ... ဘာလို့ ဆင်းလာမှာလဲအဖေရာ ... ဒီမှာလည်း အားလုံးအဆင်ပြေနေတာပဲဟာ ... အဖေအပင်ပန်းခံပြီး လာမနေပါနဲ့ ..."

"ဟေ့ကောင် ... မင်းက ငါမသိအောင် ဘာတွေခြေပုန်းခုတ် ထားသေးလို့ ငါ့ကို မလာစေချင်ရတာလဲ ..."





"မလာစေချင်တာ မဟုတ်ပါဘူးဗျာ ... ရန်ကုန်ကိုတစ်ခါ တစ်ခါဆင်းလာရတာ အဖေ ပင်ပန်းလို့ပါ ... ကိစ္စအထွေ အထူးမရှိဘဲ ..."

"ငါ့ဘာသာကိစ္စရှိလို့ ဆင်းလာမှာကွ ... မင်းနဲ့မဆိုင်ဘူး"

"ဒါဆိုလည်း အဖေနိုင်းစရာရှိရင် ... လှမ်းနိုင်းလိုက်လေ ... ကျွန်တော်လုပ်ပေး ..."

"တော် ... တော် ... ငါ့ကိစ္စက မင်းကိုကိုယ်စားလွှဲလို့ရတာ မျိုးမဟုတ်ဘူး ... နောက်ပြီး ငါလာရင် မင်းအခြေအနေကို သေသေချာချာ အကဲခတ်ရမယ် ... ဟန်ပုံမပေါ်ရင်တော့ ငါ့အစီအစဉ်ကို ရှေ့ရွှေ့သင့်ရွှေ့ရမှာပဲ ..."

ဘုရား ... ဘုရား ... ။ အတင်းအဓမ္မ အစီအစဉ်တွေ တော့ ပါလာတော့မည်။ ကိုယ့်မှာကလည်း အခြေအနေတိုးတက်ဖို့ နေနေသာသာ အရောင်းအဝယ်စကားကလွဲလို့ အာလာပသလ္လာပ စကားတွေ ပြောခွင့်တောင်မရသေး။

သူလုပ်ချင်တာတစ်ခုအတွက်ဆို ဘယ်သူ့ကိုမှငဲ့ညှာ ထောက်ထားခြင်းမရှိတတ်သော အဖေကတော့ သူ့စိတ်နဲ့မတွေ့

တာနဲ့ (မတွေ့ဖို့ကလည်း ကိုးဆယ့်ငါးရာခိုင်နှုန်း)ဖွတ်စီစဉ်စရာရှိတာတွေ စီစဉ်လိုက်တော့မှာ။

ကြီးစွာသောဒုက္ခကြီးတော့ မကြာခင်မှာပဲ ဆိုက်ရောက်လာတော့မည်။

---





"ဟယ် ... ကိုယောမင်း ... မန္တလေးပြန်တော့မလို့လား"

"ကျွတ် ... ဒီအချိန်မန္တလေးရထားရှိလို့လားဗျာ ကျွန်တော်က ဧည့်သည်လာကြိုတာ ... "

"ဧည့်သည် ... ရှင့်ကောင်မလေးလားဟင် ... "

"ဟုတ်တယ် ... ကျွန်တော့်ကောင်မလေး ... နှုတ်ခမ်းမွေးနဲ့ပုဆိုးကြီးနဲ့ ... "

"ဘာရယ် ... "

"သြော် ... ကျွန်တော့်ကောင်မလေးက နှုတ်ခမ်းမွေးလည်းရှိတယ် ... ပုဆိုးလည်းဝတ်ထားတယ်လို့ပြောတာ ... "

ဒီလောက်ပြောနေတာတောင် အူသည့်သူက အူတုန်း ... ။ မျက်မှန်ထူထူနောက်က မလည်မဝယ်မျက်လုံးတွေက

ယောမင်းကို ကလယ်ကလယ်ကြည့်ကာ ...

"ကျွန်မ နားမရှင်းဘူး ..."

"အခုလာမှာ ကျွန်တော့်အဖေဗျာ ... ခင်ဗျားက ကောင်မလေးလားဆိုလို့ တမင်တကာရွဲ့ပြောလိုက်တာ ..."

တချို့လူတွေများ အရိပ်ပြလျှင်အကောင်ထင်သတဲ့။ သူမကတော့ အကောင်လိုက်ကြီးပြထားပြီး ဘာကောင်ပါလို့ ဆိုင်းဘုတ်ထိုးပေးထားလျှင်တောင်မှ ... အရိပ်ကိုခပ်ရေးရေးလေးထင်တတ်သူမျိုးပါ။ ယောမင်းက ဒီလောက်အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြနေတာတောင် ... မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နဲ့ တော်တော်စဉ်းစားနေရပြီးမှ ...

"သြော် ... သဘောပေါက်ပြီ ... ရှင်က ကျွန်မကို ရွဲ့ပြီးပြောလိုက်တာ မဟုတ်လား ..."

"အောင်မယ်လေးဗျာ... ဒီလောက်ရှင်းပြမှပဲ သဘောပေါက်တော့တယ် ဟုတ်လား ... ကောင်းပ့ါ ... သိပ်ကောင်း"

"ကျွန်မဘာလာလုပ်တာလဲဆိုတာရော ပြောပြရဦးမလား"

"အာ ... နေပါစေ ... နေပါစေ ... သူများကိစ္စကြီး မသိချင်ပါဘူး ..."





ကိုယ့်ကိစ္စ သူမ ဝင်စပ်စုနေတာကိုတောင် မကြိုက်ရှိလှပြီဥစ္စာ။ သူမကိစ္စများတော့ ကိုယ်ကစိတ်ဝင်တစားဝင်ပြီး စွက်ဖက်ဖို့ဝေးစွ။

သို့သော် ယောမင်းက ဝင်မစွက်ချင်ပေမဲ့ အူတူတူမိန်းမက ...

"ကျွန်မက လူကြုံပေးလိုက်တဲ့ပစ္စည်းတစ်ခု လာယူတာပါ... ဖိုလူက ဘယ်မှာနေမယ်မှန်း မသေချာသေးတော့ ... သူ့လိပ်စာလိုက်ရှာနေရရင် ပိုရှုပ်မှာစိုးလို့ ဘူတာရုံကပဲ လာစောင့်နေလိုက်တာ ..."

"မန္တလေးကပဲလား ..."

"ဟုတ်တယ် ..."

"အခုဆိုက်မဲ့ရထားနဲ့ပါလာမှာပေ့ါ ..."

"ဟုတ်တယ် ..."

သွားပါပြီဗျာ ...။ ဒါဆိုရင်တော့ ဒီမိန်းမဟာ အဖေရောက်လာတဲ့အထိကို သူ့ဘေးနားမှာ ရှိနေတော့မှာပေ့ါ။

ရထားဆိုက်ချိန်မှာ သူမအရင်ထွက်သွားပါစေလို့ ဆုတောင်းခဲ့ပေမဲ့ မချောက ဘာစိတ်ကူးပေါက်သည်မသိ၊ ထွက်မသွား

သေးဘဲ ယောမင်းရဲ့နံဘေးမှာရပ်ကာ ရထားပေါ်ကဆင်းလာသူတွေကို တမျှော်မျှော်သာ စောင့်နေသည်။

ဒုက္ခပဲ ... ။ အဖေရောက်လာလို့ တွေ့သွားရင်တော့ တစ်မျိုးထင်တော့မှာပဲ။

သူမနဲ့ ယောမင်းကို အဖေက တလွဲထင်သွားလျှင် အကျိုးဆက်က နှစ်မျိုးဖြစ်လာနိုင်သည်။

ပထမတစ်မျိုးက ဒီလိုပုံတုံးတုံး၊ ရုပ်ဆိုးဆိုးမိန်းကလေးနဲ့တော့ ငါ့သားကို သဘောမတူနိုင်ဘူးဆိုပြီး သူသဘောတူမဲ့ တစ်ယောက်နဲ့ အတင်ကြီးကောက်ပေးစားပစ်တာ။

ဒုတိယတစ်မျိုးက ဒီလိုခပ်ရိုးရိုး၊ ခပ်အေးအေးမိန်းကလေးမျိုးကမှ ... ငါ့သားအတွက် တစ်သက်တာစိတ်ချရမဲ့အိမ်ထောင်ရှင်မကောင်းဖြစ်နိုင်တာဆိုပြီး ... သဘောတွေကျသွားကာ အမြန်ဆုံးပေးစားဖို့စီစဉ်တာ။

ဘယ်တစ်မျိုးမှ ကောင်းကွက်မမြင်ပါဘူးဗျာ ... ။ ပထမတစ်မျိုးက ပိုမကောင်းဘူးလား ... ဒုတိယတစ်မျိုးကပိုဆိုးသလား ဝေခွဲလို့ကိုမရနိုင်။

"ခင်ဖျားတွေ့ရမဲ့လူကို သွားမရှာသေးဘူးလား ..."





"သူက ဘယ်တွဲမှာ ပါလာမယ်မှန်းမသိတော့ တစ်တွဲချင်းလိုက်ကြည့်နေရင်လွတ်သွားမှာစိုးလို့ ခပ်ဝေးဝေးက စောင့်ကြည့်နေလိုက်တော့ ... တစ်ခါတည်းမြို့ကြည့်လို့ရတာပေါ့"

ဟုတ်သလား၊ မဟုတ်ဘူးလားတော့ မသိ။ သူမအကြောင်းပြချက်နဲ့ သူမဖြစ်နေတာကိုလည်း ဘယ်လိုမှ ဝင်ရောက်တားဆီးလို့မရလေရကား ယောမင်းက အသည်းတယားယားနဲ့ပဲ ဆက်စောင့်နေရလေသည်။

သူမကာ မရွေ့တော့ ... ကိုယ်ကရွေ့ပါလားပြောရအောင်ကလည်း ယောမင်းကိုယ်တိုင် အဖေဘယ်တွဲမှာစီးလာမယ်ဆိုတာ မသိ။ ဒီတော့ ခပ်ဝေးဝေးကစောင့်ကြည့်မှ မြို့ငုံပြီး မြင်နိုင်မှာလေ။

သူမစောင့်နေသည့်သူ အရင်ရောက်လာရင်ကောင်းမှာပဲလို့ တွေးမိနေခိုက်မှာပဲ ကိုယ့်အတွေးနဲ့ အမြဲဟာမ်းလွဲချော်စွာဖြစ်ရသည့် ယောမင်းရဲ့ ကံတရားအတိုင်း အဖေကအရင်ရောက်ချလာလေသည်။

ဒါတောင် အဖေတစ်ယောက်လုံး အနားရောက်လာသည်အထိ ယောမင်းက မမြင်သေး။ ကိုယ့်အပူနဲ့ကိုယ် သူမနဲ့ဝေး

အောင် ဘယ်လိုရှောင်ထွက်ရမလဲဆိုတာကိုသာ တွေးနေငေးနေမိတာ။

"ဟဲ့သား ... ဒီမှာအဖေရောက်ပြီလေ ..."

ယောမင်းတို့များ ... ဘယ်လောက်အတွေးလွန်နေလိုက်သလဲဆိုလျှင် အဖေတစ်ယောက်လုံးကြီး ကိုယ့်ရှေ့ဘွားခနဲဆိုက်ရောက်လာတာတောင် မမြင်ဘဲ အနီးကပ်အသံကြားတော့မှတွေ့ရသတဲ့။

အဖေကတော့ ယောမင်းသူ့ကို မြင်တာမမြင်တာကို သိပ်စိတ်ဝင်စားပုံမရတော့ပါ။ အဖေ အရေးတကြီးစိတ်ဝင်စားနေတာက ယောမင်းဘေးမှ ကုတ်ကုတ်လေးရပ်နေသော အမျိုးသမီးကိုပင်။

"သူက ဘယ်သူလဲကွ ..."

အဲ ... လုပ်ပါချေပြီ။ အဖေဟာ သူ့ရဲ့စိတ်မြန်လက်မြန် ဟောဟောဒိုင်းဒိုင်းအကျင့်ကြီးကို ဖျောက်ကိုမဖျောက်နိုင်။ မေးသင့် မမေးသင့်ချိန်ဆမနေတော့ဘဲ သူသိချင်တာဆို ကောက်ခနဲ မေးချပစ်လိုက်တော့တာပဲ။





"သူက ... ဟို ... သူ့အသိတစ်ယောက်ကိုလာစောင့်နေတာပါ ..."

ကျွန်တော်နဲ့ဘာမှမဆိုင်ဘူးလို့ ပြောလျှင်ရလောက်သော်လည်း သူမနဲ့ကိုယ်က အသိအကျွမ်းလိုဖြစ်နေရကာ ထိုစကားကြီးဟာ နားထောင်လို့မကောင်းလှတာမို့ ယောမင်းကခပ်ရောရောပဲ ပြောချလိုက်ရတာပင်။

"ဒီက အန်ကယ်က ကိုယောမင်းရဲ့အဖေလား ... အရမ်းခန့်တာပဲနော် ..."

အဲ ... တော့်မက ခုလိုကျတော့ သွက်သွက်လက်လက်နဲ့ စကားဝင်ပြောတယ်ခင်ဗျ။ ပြောပါဆိုရင်တော့ ပြောမှာမဟုတ်ဘူး။

"ဟုတ်တယ် ... သမီးက ယောမင်းရဲ့မိတ်ဆွေလား ..."

"အဖေ ... ဘာပစ္စည်းတွေပါသေးလဲ ... ဒီအိတ်တစ်လုံးတည်းပဲလား ..."

"အေး ... ငါ သိပ်ကြာကြာနေမှာမဟုတ်ဘူးဆိုတော့ ပေါ့ပေါ့ပါးပါးအိတ်တစ်လုံးတည်းပဲပေါ့ ... ဒါတောင် မင်းအမေက မင်းအတွက်ဆိုပြီး ထည့်ပေးလိုက်တာတွေရှိသေးတယ် ...

အိတ်နဲ့မဆန့်လို့ အကုန်တောင် မသယ်နိုင်ဘူး ... တချို့ တစ်ဝက်ကို ချန်ထားခဲ့ရသေးတာ ... "

သေပါလေရော ... ။ အမေကထည့်ပေးလိုက်တာဆိုလျှင် ယောမင်းအကြိုက် စားကောင်းသောက်ဖွယ်တွေပဲ ဖြစ်ရမည်။ ရန်ကုန်မှာနေလာတာကြာပြီဆိုတော့ အမေ့လက်ရာ အစားအသောက်တွေကို တမ်းတနေသော ယောမင်းအတွက်ကတော့ အကုန်မသယ်နိုင်လို့ တချို့တစ်ဝက်ချန်ခဲ့ရတယ်ဆိုသည့် စကားဟာ အတော်ကြေကွဲစရာကောင်းသည်။

"အဖေက ရက်စက်တယ်ဗျာ ... ဒီမှာ ကျွန်တော် ငတ်နေတာကိုသိရက်နဲ့ ... "

"ရန်ကုန် ဒီလောက်ဆိုင်စုံတာ ... ဗိုက်ဆံလည်းရှိသားနဲ့ ဘာမှငတ်စရာအကြောင်းမရှိဘူး ... "

"အစားမရှိလို့ ငတ်တာတော့ မဟုတ်ဘူးပေါ့ ... အသစ်အဆန်းတွေ စားရဖန်များတော့ ရိုးအီလာပြီ ... အမေ့လက်ရာကတော့ မစားရတာကြာပြီဆိုတော့ ... သိပ်စားချင်နေတာ ... "

"ပါတယ်လေ ... မင်းအကြိုက် မြေပဲထောင်းကြော်တို့





သံပရာသီးသနပ်တို့ ... ငါးခြောက်ပြုတ်ထောင်းကြော် ... အဲဒါတွေပါတယ်လေ ... ကြက်သားအစပ်ကြော်ရယ် ... မှိုခြောက်ကြော်ရယ်ကတော့ ... "

"အဖေရာ ... သံပရာသီးသနပ် မထည့်လာရင်နေပေါ့ ... ကြက်သားနဲ့မှိုတော့ ပါအောင်ယူလာတာ မဟုတ်ဘူး ... "

"ဟေ့ကောင် ... အခုမှတွေ့တာကို တဖျစ်တောက်တောက်လုပ်မနေနဲ့ ... သယ်လာရတဲ့အဖေလည်း အားနာဦး ... လာ ... လာ ... သွားမယ် ... "

ယောမင်းက အဖေ့အိတ်ကိုကောက်ယူပြီး ရှေ့ကထွက်သွားဖို့အလုပ်မှာ ...

"လာလေ သမီး ... သွားကြရအောင် ... "

"အဖေ ... ဘာလုပ်တာလဲ ... သူက သူ့ကိစ္စနဲ့သူဟာ ... "

ငါ့အဖေတို့ကတော့ လုပ်ချလိုက်ပြန်ပြီကွာ ... ဟု တစ်ယောက်ကို မဆီမဆိုင် သွားခေါ်နေပြန်ပြီ။

ယောမင်းက ... အသည်းတယားယားဖြစ်နေသော်လည်း ခပ်အူအူအမျိုးသမီးကား ဘယ်လောက်အထိ အူဖို့စဉ်းစားထားသေးသလဲမသိ။ ဘူတာရုံအပေါက်ဝရောက်သည်အထိ နောက်

ကနေ တကောက်ကောက်လိုက်ပါလာလေသည်။

"လူကြုံစောင့်ဦးမယ်ဆို ... "

"မလာတော့ဘူးထင်တယ် ... ခုနကကြည့်နေတာပဲ ... လူကုန်သလောက်ရှိပြီ တွေ့မှမတွေ့သေးတာ ... "

လူကုန်သလောက်ရှိပြီတဲ့။ ဟုတ်မှတ်ဟုတ်ရဲ့လား။ ရထားတစ်စင်းမှာ ခရီးသည်မနည်းမနောပါလာမဲ့ဟာ။ အခု ဆင်းလာတဲ့လူဦးရေလောက်နဲ့တော့ 'ကုန်သလောက်ရှိပြီ'လို့ မဆုံးဖြတ်သင့်ပါဘူး။

သူမကြည့်ရတာ လူကြုံဆိုသည့်သူကိုတကယ်စောင့်ပုံလည်းမရ။ ရှာဖွေပုံလည်း မရ။ အိုးစွပ်ခွက်စွပ် စွပ်စွဲတတ်သူသာဆိုလျှင် သူမဟာ ဒီနေ့ဒီအချိန်မှာ ယောမင်းတစ်ယောက် ဒီနေရာမှာ ရှိနေမယ်ဆိုတာသိလို့ တမင်တကာလိုက်လာတာလားလို့တောင် စွပ်စွဲချင်ဖွယ်။

"ဒါဆိုလည်း ... ကိုယ့်ဘာသာပြန်လေ ... "

"ရှင်တို့က ဘယ်ကိုပြန်ကြမှာလဲ ... "

"ကားငှားရမှာပေါ့ ... "

"ပြန်လိုက်ပို့ပေးမယ်လေ ... ကားငှားဘာငှားနဲ့ အဆင်





မပြေပါဘူး ... အန်ကယ်လည်းစောင့်နေရဦးမယ် ... ခရီးပန်းလာတာ စောစောစီးစီးနားပါစေ ... "

"ခင်ဗျားက ကိုယ့်ကားနဲ့ကိုယ်လာတာမို့လို့လား ... "

"ဟုတ်တယ်လေ ... အဒေါ်အိမ်ကကားနဲ့လာတာပေါ့ ... အန်ကယ် ကျွန်မကား ဟိုဘက်အခြမ်းမှာရပ်ထားပါတယ်"

"ဟော ... သမီးကားနဲ့လိုက်ရမှာလားကွ ... ဟုတ်လား... ကားငှားပြန်မှာမဟုတ်ဘူးလား ... "

"အန်ကယ် ပင်ပန်းပါတယ် ... ကျွန်မအတွက်က လိုက်ပို့ရတာ အပန်းမကြီးပါဘူး ... လိုက်သာလိုက်ခဲ့ပါရှင် ... "

သွက်နေလိုက်တာ သွက်နေလိုက်တာ ... ။ အခုနေ သူမဟာ ခပ်အူအူ၊ ခပ်ထုံထုံပါလို့ပြောလျှင် ဘယ်သူကမှ လက်ခံမှာမဟုတ်။ ပြောသည့်သူပဲ အရူးဖြစ်ရမည်။

ယောမင်းက ဝင်ရောက်တားဆီးပိတ်ပင်ဖို့ ကြံရွယ်လိုက်စဉ်မှာပဲ အဖေက သူမနောက် ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။

❧ ---- ❧

"အဖေ ... ဝတ်လို့စားလို့ ပြင်လို့ဆင်လို့ ... ဘယ်သွားမလို့လဲ ... "

"ငါ့ဘာသာ ဘယ်သွားသွား မင်းအပူလား ... "

"ကိုယ့်အဖေကိစ္စကိုယ်မှ မပူရင် ဘယ်သူပူပေးမှာလဲ ... "

"အပိုတွေပြောမနေစမ်းပါနဲ့ကွာ ... မင်းလိုကောင်မျိုး မိဘကို ပူရပင်ရမှန်းလည်း မသိပါဘူး ... အခုမှသာ ငါ့ဘာလုပ်မလဲ ချက်ကင်လိုက်ချင်လို့ လာမေးနေတာ ... "

"အဖေ့ကိစ္စများ မသိချင်ပါဘူးဗျာ ... ကျွန်တော်သိချင်တာက ကျွန်တော်လိုက်ပို့ရမှာလား ... အပြန်လာကြိုရမလား၊ ထမင်းစားစောင့်ရမလား ... အဲဒါတွေပဲ သိချင်တာ ... "





"မင်းလိုက်ပို့စရာမလိုဘူး ... အပြန်လည်းလာကြိုစရာမလိုဘူး ... ထမင်းစားစောင့်မစောင့်ကတော့ မင်းသဘောပဲ၊ ငါကတော့ ပြန်ချင်တဲ့အချိန်မှ ပြန်လာဖြစ်မယ် ... "

မြတ်စွာဘုရား ... ။ ဒီလောက်တောင် အဆုံးအစမရှိဖြစ်နေလျှင် ဘယ်သွားဦးမလို့ပါလိမ့်။

ယောမင်းက ... စိတ်ထဲထိတခနဲ ပူပင်သွားသော်လည်း အပူရုပ်ကို ဟန်လုပ်ဖုံးဖိလိုက်ကာ ...

"ဒါဆိုလည်းပြီးတာပါပဲအဖေရာ ... အဖော်တော့ပါမယ် မဟုတ်လား ... ရန်ကုန်ကို အဖေမရောက်တာကြာပြီဆိုတော့ ... လမ်းတွေအိမ်တွေဆိုင်တွေပြောင်းလဲသွားတာဂါ မသိဘဲ လမ်းမှားနေမှာစိုးလို့ ... ကျွန်တော့်အဆောင်လိပ်စာကိုရော မှတ်မိရဲ့လား ... "

"ယောမင်း ... ဟောကောင် ... ငါ အဖေကွ ... မင်း ဆုံးမစရာမလိုဘူး ... မင်းအဆောင်လိပ်စာ ငါအမြဲစာထည့်ပစ္စည်းပို့ ငွေပို့လုပ်နေရတာ မသိဘဲနေမလား ... မင်းထက်တောင် မှတ်မိသေးတယ်၊ ရန်ကုန်က လမ်းတွေများ ရောက်တုန်းရောက်ခိုက်ဆိုရင် မွှေနှောက်ပြီး ... သွားရလွန်းလို့

ရန်ကုန်သားထက်တောင် ကျွမ်းသေးတယ် ... "

"အဖေတစ်ယောက်တည်းသွားမှာလား ... "

"လာခေါ်မဲ့လူရှိတယ် ... "

တော်သေးတာပေါ့ ...။ လာခေါ်မည်ဆိုလျှင်တော့ လမ်းများမှာတို့ ရှာလည်နေမှာတို့၊ ပူနေစရာမလိုတော့။

"ဟော ... ကားသံကြားတယ် ... လာပြီထင်တယ် ... "

အဖေက တက်ကြွစွာ ထွက်သွားလျှင် ယောမင်းလည်း ယောင်တောင်ပေါင်တောင်နဲ့ နောက်ကလိုက်သွားသည်။

အဆောင်ရှေ့ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားကိုမြင်လျှင် ...

"ဟင် ... "

အံ့သြစရာပါပဲလား။ အဆောင်ရှေ့မှာရပ်ထားသည့် ကားဟာ ဟိုအရူတူတူမိန်းမရဲ့ကား။ သေချာပါတယ်။ မလွဲနိုင်ပါဘူး။ တစ်နေ့ကမှ လတ်လတ်ဆတ်ဆတ်ကြီး တွေ့ထားသေးတဲ့ဟာ။

ပိုပြီးသေချာသွားတာက ကားနောက်ခန်းမှာ သူမ ကိုယ်တိုင် ထိုင်လျက်ပါလာတာပင်။

"စောင့်နေရတာကြာပြီလား မသိဘူး ... ကားကို ဓာတ်ဆီ





ဝင်ဖြည့်တာ ဆီဆိုင်မှာ နည်းနည်းကြာသွားလို့ပါ အန်ကယ်"

အောင်မယ်လေး။ သွက်တယ် ခင်ဗျ၊ သွက်တယ်၊ ဒီမိန်းမလောက် သွက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိပါဘူး။ လွန်ခဲ့တဲ့နှစ်ရက်လောက်ကသာ ဒင်းဟာ သွက်ချင်သည့်အခါ ခပ်သွက်သွက်ပြောတတ်ပါတယ်လို့ တစ်စုံတစ်ယောက်က လာပြောလျှင် အဲဒီလူက အရူးလို့တောင် စွပ်စွဲမိမှာ။ အခုတော့ မျက်မြင်ကိုယ်တွေ့။

နောက်ပြီး ... သူမနဲ့ အဖေဟာ ဘူတာရုံကနေ အဆောင်ကိုပြန်ပို့သည့် တစ်ခါကလေးပဲ တွေ့ဖူးကြတာ မဟုတ်ဘူးလား။ အဲဒီတုန်းကလည်း ယောမင်းရှေ့မှာပဲ ပြောကြဆိုကြတာ။ နောက်တစ်နေ့ အပြင်ထွက်ဖို့ချိန်းဆိုသည့်စကားရယ်လို့ တစ်ခွန်းမှ ပြောသံမကြားမိပါဘူး။

"ရတယ်သမီး ... အန်ကယ်လည်း အိပ်ရာထနည်းနည်း နောက်ကျသွားတော့ အခုမှပြင်ပြီးဆင်ပြီးလောက်ရှိတာပါ"

မဟုတ်ပါဘူးဗျာ။ အဖေပြင်ဆင်ပြီးစောင့်နေတနာ ဖြင့် ကြာ့ကြာလှပြီဥစ္စာ။

"အဖေ ... ဟိုလေ ... "

အမှန်က ဘာမှပြောစရာမရှိတော့ပါ။ သို့သော် ယောမင်းကိုမြင်လျက်သားကြီးနဲ့ တစ်ချက်ကလေးမှ နှုတ်ဆက်ဖော်မရသော မရွှေချောကိုရော၊ ကိုယ့်သားအရင်းကိုတောင် မေ့လျော့နေပုံရသောအဖေ့ကိုရော စိတ်တိုတာနဲ့ပဲ ယောမင်းက တစ်ခုခု ဝင်ပြောဖို့ ကြိုးစားလိုက်ဟာ။ ကိုယ်ရှိပါသေးကြောင်း သတိထားမိသွားစေချင်သည့် သဘော။

"ဘာလဲကွ ... "

"ဒီနေ့အလုပ်ထဲကို လာဦးမှာလားလို့ ... "

"မလာပါဘူး ... အလုပ်ကိစ္စစစ်ဆေးဖို့လာတာမှမဟုတ်တာ၊ တခြားအကြောင်းနဲ့လာတာပဲဟာ ... အလုပ်ကိစ္စ မင်းဘာသာကြည့်လုပ်ထားလိုက်တော့ပေါ့ ... "

"ဟုတ် ... ဟုတ်ကဲ့"

"ငါ သွားမယ်သိလား ... "

"ဟုတ်ကဲ့ ... ဒါနဲ့ ... ဟိုဒင်းလေ ... "

ကားရှေ့ခန်းမှာ ဝင်ထိုင်လုဆဲ အဖေက ဘာဖြစ်ရပြန်ပြီလဲဆိုသည့် စိတ်မရှည်သောမျက်နှာနဲ့ ပြန်လှည့်ကြည့်လာသည်။





"အမေ ဖုန်းဆက်ရင် ဘာပြောလိုက်ရမလဲလို့ ... "

"ဘာပြောရမှာလဲကွ ... ငါ အပြင်သွားတယ်ပေါ့ ... မင်းက ဘာပြောချင်သေးလို့တုန်း ... "

"မဟုတ်ပါဘူး အဖေ ... အဖေ ဘာများအထူးအထွေ မှာစရာရှိသေးလဲလို့ ... "

"မရှိဘူး ... မရှိဘူး ... ငါ အိမ်ကထွက်လာတာ ဒီနေ့မှ သုံးရက်မြောက်ပဲ ရှိသေးတယ် ... ဒီလောက်အရေးတကြီး ပြန်မှာစရာ ဘာစကားမှမရှိဘူး ... "

ပြောပြောဆိုဆို အဖေက ကားထဲဝင်ထိုင်ပြီး တံခါးကို မြန်မြန်ပဲပိတ်ပစ်လိုက်သည်။ နောက်ထပ် အနှောင့်အယှက်မခံတော့ဘူးဆိုသည့်သဘော။

ကဲ ... နောက်ဆုံးတော့ ယောမင်းတစ်ယောက်သာ ယောင်ချာချာ ... ။

----

"အန်တီလေး ... တစ်နေကုန်လျှောက်သွားနေရတာ တော်တော်မှ မောရဲ့လား ... "

"ကားနဲ့သွားရတာပဲဟာယ် ... မောတော့ မမောပါဘူး ... အဲ ... စိတ်ကတော့ မောတာပေါ့ ... "

"အဘိုးကြီးနဲ့ အတော်ပြေလည်နေပြီပေါ့ ... "

"အဘိုးကြီးကတော့ ငါ့ကို စွတ်စက် သဘောကျနေတော့တာပဲ ... သူ့သားနဲ့များတော့ တခြားစီ ... "

"သူ့သားကလည်း ... အန်တီလေးကို အန်တီလေးမှန်း မသိသေးလို့ပါ ... "

"အို ... သိတော့ရော ဘာထူးလဲ ... ဆိုင်ကိုလာလိုက်၊ ဟို





ဟာဒီဟာလေးကြည့်လိုက် ... ပြီးတော့ ပြန်သွားလိုက်"

"အန်တီလေးက မကြည်ဘူးပေါ့လေ ... "

"အသည်းယားတာပါဟာ ... ညည်းတို့ပဲ စဉ်းစားကြည့် ... သူ့ပုံစံက မိန်းမတစ်ယောက်ကို ကြိုက်လို့ ချဉ်းကပ်တာမဟုတ်ဘဲ ... ဒီပစ္စည်းဝယ်ရကောင်းမလားလို့ ကြည့်ပြီး တအားလည်း မကြိုက်သေးတာနဲ့ ဆုတ်သာတက်သာရှိအောင် အခြေအနေကြည့်နေတဲ့ပုံ မပေါက်ဘူးလား ... "

"ကြောက်လို့ မစရဲတာဖြစ်မှာပါ ... "

"သူ့ပုံစံက ကြောက်တတ်တဲ့ပုံမဟုတ်ပါဘူး ... မိန်းကလေးတွေနဲ့ အဆက်အဆံအပတ်အသက်မရှိဘူးတဲ့ပုံလည်းမဟုတ်ဘူး ... တအားလူလည်ကြီးမဟုတ်တောင် ... ခပ်ညံ့ညံ့တော့ မဟုတ်တာသေချာတယ် ... နောက်ပြီး သူက အန်တီလေးတစ်ယောက်တည်းကိုပဲ လာကြည့်တာလည်း မဟုတ်ဘူး ... တခြားမိန်းမတွေကိုလည်း ကြံစည်ဖူးတာပဲ ... "

"ဟုတ်ရဲ့လား ... အန်တီလေးက ဘယ်လိုလုပ်သိသလဲ ..."

"ဟိုတစ်ခါ ... ယောမင်း အန်တီလေးဆိုင်ကိုရောက်နေတုန်း ... ဈေးထဲကပါတိတ်ဆိုင်က မချစ်ရောက်လာတယ်

လေ ... သူပြောမှ အန်တီလေးလည်း မှတ်မိတာ ... တစ်ခါ အန်တီလေး မချစ်ဆိုင်မှာ ပါတိတ်သွားဝယ်တုန်းက သူနဲ့ဆုံဖူးတယ် ... အဲဒီတုန်းကလည်း သူ့ကိုအကဲခတ်ဖို့လာတဲ့ပုံစံပဲလို့ မချစ်ကပြောတယ် ... ”

“တကယ်ပဲလား ... သူက ဘယ်လိုပုံးအိပ်လဲ ... ”

“အို ... တို့တွေတောင် သူ့ပုံစံကြည့်ပြီး အကဲခတ်မိကြသေးတာ ... မချစ်ကဖြင့်အန်တီလေးဘက် အဆတစ်ရာလောက်ပိုအတွေ့အကြုံများသေးတယ် ... သူပြောတာကတော့ မမှားနိုင်ပါဘူး ... ”

“နောက်ထပ်ကော ဘာတွေဖြစ်သေးလဲ ... ”

ရန်ကုန်ရောက်နေတာ မကြာသေးသော ကြာကြာကဝင်မေးသည်။ ညီအစ်မတွေထဲမှာ ကြာကြာကအလည်ပတ်ဆုံးမို့ သူကမေးမြန်းစုံစမ်းပြီး ထင်မြင်ချက်ပေးပြီဆိုလျှင် တခြားလူတွေက ငြိမ်သက်စွာ စောင့်ကြည့်နေကြမြဲပင်။

“ဘာမှထပ်ဖြစ်တာတော့ မရှိတော့ဘူး ... ”

“နောက်ထပ်ရော လာသေးလား ... ”





“မလာတော့ဘူးထင်တယ် ... နောက်ထပ်ဘာညာဆိုတဲ့ အကြောင်းတော့ မပြောတော့ဘူး ... ”

“ဒါဆိုရင်တော့ ... သူ့အလွန်မဟုတ်လောက်ဘူးလို့ ထင်တာပဲ ... ”

“ဘာဖြစ်လို့လဲ ... ”

“အန်တီလေး စဉ်းစားကြည့်လေ ... ယောကျ်ားလေးတစ်ယောက်ဟာ သူ့အတွက်သင့်တော်တဲ့ အိမ်ထောင်ဖက်တစ်ယောက်ကို မဖြစ်မနေရှာရတော့မယ်ဆိုရင် ... ဟိုလူဒီလူတော့ လိုက်ရှာမှာပဲ ... ဒါ အပြစ်မရှိဘူး ... တစ်ခါတွေ့ဖူးပြီးတော့ စိတ်မဝင်စားလို့ နောက်ဆုတ်သွားတယ်ဆိုရင် ဒါ အမှားလို့ ပြောလို့မရဘူး ... ”

“အောင်မယ်လေး ... ရှေ့နေတွေ ဘာတွေများ ရှယ်ထားသေးလား ကြာကြာရယ် ... ”

“ကြာကြာက သူ့ဘက်ကနေတာ မဟုတ်ပါဘူး ... အန်တီလေးအတွက်ပြောတာ ... အားလုံးအဆင်ပြေမဲ့ကိစ္စတစ်ခုမှာ ဘာမဟုတ်တဲ့ ကတ်ဖွဲ့တိုက်ချင်တဲ့စိတ်ကလေးကြောင့်တော့ ... အထစ်အငေါ့ မဖြစ်စေချင်ဘူး ... ”

"ဆိုလိုတာက ငါက သူ့ကိုခွင့်လွှတ်လက်ခံပေးရမယ်ပေါ့ ..."

"အားလုံး ဆင်ပြေဖို့ ..."

"အောင်မယ်လေး ... လေး ... ပြောရတာလည်း ရှက်စရာကောင်းပါတယ် ... ငါက လက်ခံတယ်ဆိုရင်တောင် ငါ့ကို စိတ်မကူးသေးဘူးဟဲ့ ... ဘယ်လိုပုံစံကိုမှမကြိုက်သေးတာ"

"ဩော် ... ရထားပေါ်မှာ တွေ့လာတဲ့ပုံတုံးတုံး ... မအူမလည်မိန်းမဒီဇိုင်းကိုတော့ ဘယ်ယောက်ျားကမြင်မြင်ချင်းကြိုက်မလဲ ..."

"မာနကြီးကြီး ထက်ထက်မြက်မြက် အပျိုကြီးမမကျတော့လည်း ရုပ်ရည်ကိုသဘောကျရင်တောင် ချဉ်းကပ်ရခက်နေဦးမှာ ..."

"ဒါဆိုလည်း ဟိုပုံတုံးဒီဇိုင်းကြီး ဘာလို့လုပ်နိုင်သေးလဲ ..."

ဒီနေ့ဒီရက်မှာ ယောမင်း ရန်ကုန်ဆင်းလိမ့်မည်ဆိုတာ သတင်းရတာနဲ့ အဒေါ်လုပ်သူကို တောဆန်ဆန်၊ ပုံတုံးတုံးကြီးဖြစ်အောင် ဝတ်ဆင်စေလျက် ... ယောမင်းနဲ့ ခုချဉ်းကပ်လျက်ရအောင် အတင်းစီစဉ်လွှတ်လိုက်သည့် ကြာကြာ့ရဲ့စိတ်ကူးကို ကြာလေ နားမလည်လေ။





ယောက်ျားတစ်ယောက်ဟာ ဒီလိုပုံစံမျိုးကိုသဘောကျလောက်စရာအကြောင်းမရှိဘူးဆိုတာလည်း သူကိုယ်တိုင် သိထားသားနဲ့။

"အဲဒါက မေတ္တာစစ်မေတ္တာမှန်ကို ရှာဖွေတာလို့ ခေါ်တယ်၊ ကြာကြာတို့ အန်တီလေးက ချောလည်း တအားချော ... ချမ်းလည်းချမ်းသာ ... ထက်လည်းထက်မြက် ... ပညာလည်းတတ် အဘက်ဘက်က ပြောစရာမှမရှိတာ ... အဲဒီလောက် ပြည့်စုံတဲ့မိန်းမမျိုးရလို့ကတော့ ဘယ်ယောက်ျားမဆို ဖျတ်ဖျတ်လူးလိုချင်မှာချည်းပဲ ..."

"အဲဒီလောက်တော့လည်း မဟုတ်ပါဘူးဟယ် ..."

ကိုယ့်တူဝရီးချင်းဖြစ်နေတာတောင်မှ အကောင်းတွေပဲ အပြောခံလိုက်ရသည့်အခါ စိတ်ထဲက ကျေနပ်မိသွားသေးလျက် ပြုံးမိတော့မလို ဖြစ်သွားသည့် မျက်နှာကို မနည်းဖုံးဖိထားလိုက်ရသည်။

"ဟုတ်ပါတယ် ... အန်တီလေးရဲ့ပင်ကိုယ်ပုံစံအတိုင်းဆိုလို့ကတော့ အသေရရ အရှင်ရရ ယူမှာပဲ ... ဒါကအစစ်အမှန်မှ မဟုတ်တာ ... ကြာကြာတို့က အန်တီလေးကို ကိုယ့်အပေါ်

ဘာအကြောင်းကြောင့်မှ မဟုတ်ဘဲ ... ဘယ်လိုတွက်ချက်မှုမျိုးမှမပါဘဲ မေတ္တာစစ်နဲ့ချစ်နိုင်တဲ့ ယောက်ျားမျိုးနဲ့မှ ရစေချင်တာ ... ”

“ထားပါတော့ ... အခုပုံတုံးကြီးနဲ့မိန်းမကို ယောမင်းက ကြိုက်သွားပြီဆိုပါတော့ ... နောက်မှ သူကြိုက်မိတာဟာ သောကပန်းဆိုတဲ့ ငါပုံစံအစစ်နဲ့မိန်းမဖြစ်နေရင် သူသာတစ်ယောက်တည်းကို စွဲမြဲတတ်တဲ့ယောက်ျားဆိုရင် ... ဘယ်သဘောကျပါတော့မလဲ ... ”

“အောင်မယ်လေး ... ဘယ်ယောက်ျားမဆို ကိုယ့်ရည်းစားမချောလာလှလာရင် သဘောကျကြမှာချည်းပဲ ... ”

“ဒါပေမဲ့ ... ရုပ်ရော အမူအကျင့်ရော ရုတ်တရက်ကြီး လုံးဝပြောင်းလဲသွားတာမျိုးကျတော့ ဘယ်သူမှ လက်ခံနိုင်မှာမဟုတ်ဘူး ... ”

“ကိုယ်ကြိုက်မိတဲ့သူဟာ ချောလည်းချော ... လူကြီးမိဘတွေကလည်း သဘောတူတဲ့သူဖြစ်မယ်ဆိုရင် ဘယ်သူမဆိုလက်ခံကြမှာပဲ ... ”

ကလေးတွေကတော့ သူတို့စိတ်ကူးနဲ့သူတို့ ဟုတ်





လို့။ သော်ကပန်းမှာသာ ကိုယ်လုပ်မိသည့် အလုပ်ကြီးဟာ သိပ်အဓိပ္ပာယ်မရှိလှဘူးလို့ အကြိမ်ကြိမ်အဖန်ဖန်တွေးနေမိကာ ရင်ထဲလေးလံနေရတာ။

ပြဿနာရဲ့အစက တခြားလူမဟုတ်။ မေမေ ...

အမရပူရမှာ နာမည်ကျော်ကြားလှသော ရက်ကန်းရုံတစ်ခု။ မန္တလေးမှာ မသိသူမရှိသည့် ပိုးထည်တိုက်တစ်တိုက်ကို ပိုင်ဆိုင်ထားသည့်မေမေဟာ အကောင်းစားဝတ်ချင်၊ ချေးကလည်းများလှသော ဖောက်သည်သစ်တစ်ယောက်ရခဲ့သည်။

အထွေအထူး စဉ်းစားနေစရာတော့ မလိုပါဘူး။ အဲဒီဖောက်သည်ကတခြားမဟုတ်။ ယောမင်းရဲ့အမေပဲလေ။

ပိုးထည်တိုက်တစ်တိုက်လုံးက ကောင်းမေ့ညွှန်မှုမေ့ဆိုသည့် အဆင်ဒီဇိုင်းတွေကိုတောင် မကြိုက်နိုင်သော ယောမင်းရဲ့ဖမေမေဟာ အမရပူရက ရက်ကန်းရုံအထိ လိုက်ကာ သူ့စိတ်ကြိုက်အဆင်ဒီဇိုင်းတွေမှာတတ်သည်။ မေမေကလည်း ဝယ်သူစိတ်ကြိုက်လုပ်ပေးတတ်သောအခါ နှစ်ယောက်သား ပုလဲနဲ့ပသင့်ကုန်ကြပြီး ရာသက်ပန်ဖောက်သည်တွေအနေနဲ့ ရင်းနှီးသွားပါရော။

တစ်နေ့ စကားစပ်မိလို့ ပြောကြသည့်အခါ သူတို့

ဘက်မှာ သားတစ်ယောက်၊ ဒီဘက်က သမီးတစ်ယောက်ရှိနေပြီး ရည်ရွယ်ထားသူတွေလည်းမရှိ အသက်ချင်းကလည်း မတိမ်းမယိမ်း ဆိုတော့ သိပ်ကိုသင့်တော်လိုက်ဖက်သည်လို့ အကြံတွေရကြပါရော။

တိုက်တိုက်ဆိုင်ဆိုင် သော်ကပန်းဘက်မှာကလည်း အချိန်မရွေး ဒုက္ခပေးနိုင်သော ဘမှန်ရဲ့အန္တရာယ်ကရှိနေပြန်သေးရာ ယောကျ်ားလေးဘက်က စကားတောက်လာတာနဲ့ မေမေတို့က သဘောတူပါတယ် ဖြစ်လာရော။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိ၊ လူကိုတောင် မမြင်ဖူးသေးဘဲနဲ့ စွတ်ရွတ်လက်ခံလိုက်ဖို့ရာ ခက်ခဲနေခဲ့တာက သော်ကပန်းပင်။

တစ်ဘက်ကလည်း မေမေ့စကားဆိုတော့ မပယ်ရှားချင်။ ဘမှန်နဲ့ပတ်သက်ပြီး ကိုယ်ကြောက်တာထက် ဆယ်ဆပိုကြောက်ကာ အစိုးရိမ်ကြီးစိုးရိမ်နေသော မေမေ့ကိုလည်း စိတ်ချလက်ချနဲ့ စိတ်ချမ်းသာစေချင်သည်။ တစ်ဘက်လူဟာလည်း ကိုယ်က လက်ခံနိုင်သူဖြစ်ရဲ့လား၊ ကိုယ့်ကို လိုလိုလားလားရှိသူဟုတ်ရဲ့လားဆိုတာတွေကို သိချင်သေးသည်။

အဲဒီအချိန်မှာပဲ အကြံကြီးကြလေသော တူမတော်





တွေက ပေါက်ကရအစီအစဉ်ကို တင်ဆက်လာကြပါလေရော။

သူတို့ပြောတုန်းကတော့ (ကိုယ်ကလည်း စိတ်လှုပ်ရှားတက်ကြွနေခိုက်မို့) ဟုတ်နိုးနိုးနဲ့ လက်ခံမိတာပဲ။

တဖြည်းဖြည်းကြာလာတော့ 'ငါလုပ်နေတာ ဘာကြီးပါလိမ့်' လို့ ကိုယ့်ဘာသာ ပြန်တွေးမိလာသည်။ အသက် သုံးဆယ်အရွယ်မိန်းမတစ်ယောက်အနေနဲ့ မလုပ်သင့်သောအလုပ်တွေလို့ မြင်လာသည်။

သို့သော် ... လွန်တာတွေကလွန်ပြီးပြီ။ နောက်ပြန်ဆုတ်ဖို့ဆိုတာက ခက်ခဲသော အခြေအနေကို ရောက်နေပြီ။

ဒီနေ့ဆိုလျှင်ပဲ ယောမင်းရဲ့ အဖေကြီးကို သူ့သားရန်ကုန်မှာ အခြေတကျလေးနေနိုင်ဖို့အတွက် သင့်တော်မည့်ငှားဖို့ အိမ်တစ်လုံး လိုက်ပြခဲ့ရပြီးပြီ။ တစ်နေကုန် လျှောက်သွားနေသမျှ အဘိုးကြီးကလည်း မလေးခင်ဟု ခပ်တုံးတုံး အမည်ခံထားသော သော်ကပန်းကို သဘောတွေကျနေခဲ့ပြီ။

ဒီအချိန်မှာ 'ကျွန်မနာမည် မလေးခင်မဟုတ်ပါဘူး၊ ခပ်အ,အအညာသူလည်းမဟုတ်ပါဘူး၊ ကျွန်မဟာ အန်ကယ့်ဇနီးက

သူ့သားနဲ့သဘောတူထားတဲ့ သော်ကပန်းပါပဲ'လို့ ဖွင့်ပြောလိုက်လျှင် ...

"လူကြီးတွေကိုပါ ထည့်လိမ်ဖို့ ဖြစ်လာတာကတော့ ... မကောင်းဘူးဟာ ... ငါလည်း ကလေးမဟုတ်တော့ဘူး၊ ဒီအရွယ်ကြီးနဲ့ ဆယ်ကျော်သက်ကလေးတွေ လုပ်သလို ပြောင် ချော်ချော်လျှောက်လုပ်နေရင် အထင်သေးခံရလိမ့်မယ် ... "

"အဘိုးကြီးကြည့်ရတာ ခေတ်မီပါတယ် ... ပျော်တတ်ပုံလည်းရတယ် ... မလေးခင်နဲ့သော်ကပန်းဟာ တစ်ယောက်တည်းဖြစ်သွားလို့တော့ စိတ်ဆိုးမဲ့ပုံမပေါ်ပါဘူး ... "

"စိတ်တော့မဆိုးဘူးပေါ့ ... စိတ်ထဲခုခံသွားမှာကို ပြောတာ"

"ဒီလောက်ကတော့ ရှိမှာပေါ့ အန်တီလေးရာ ... "

"အခုနေမှာတော့ နောက်ဆုတ်ချင်တယ်ဆိုရင်လည်း လူမသိသူမသိ နောက်ဆုတ်လို့ရတော့မှာမဟုတ်ဘူး ... ဖွင့်တော့ပြောရတော့မှာပဲ ... ပြောမဲ့အတူတူတော့ အဆုံးရောက်မှပြောတာ ပိုကောင်းမှာပေါ့ ... "

"ငါ့ကိုက မှားတာပါ။ နင်တို့စကားနားထောင်ပြီး ယောင်၊





အဖေကြီးရောက်မဲ့နေ့မှာ ဘူတာရုံလိုက်သွားမိတာမှားတာ၊ မဟုတ်ရင် သူ့အဖေကြီးအထိ ပတ်သက်နေရမှာ မဟုတ်ဘူး"

"ဒါဆိုလည်း မံနေ့ကအဘိုးကြီး ဖုန်းဆက်ပြီးအိမ်ငှားချင်လို့ အဆက်အသွယ်ရှိလားမေးတုန်းက မသိဘူး ... မရှိဘူးဆိုပြီး ဖြတ်ချခဲ့ပါလား ... "

"အားနာတာကိုးဟဲ့ ... အသိကလည်း တကယ်ရှိနေတာ"

ကြာကြာတို့ခမျာလည်း သော်ကပန်းကို အမျိုးမျိုးဖြေသိမ့်အားပေးနေရပေမဲ့ သူတို့လုပ်ရပ်က သိပ်မလွယ်ကူဘူးဆိုတာ သိနေတာမို့ စိတ်ပူနေကြရှာသား။

ခက်နေတာက သူတို့ပြောသလိုပဲ ဇာတ်လမ်းတစ်ခုဟာ အစ,လုပ်လိုက်ပြီးမှတော့ ဘယ်သူမှမသိဘဲ၊ ဘာမှမဖြစ်လိုက်ဘဲ နောက်ဆုတ်လို့မှ မရတော့တာ။

နောက်ဆုံးတော့ သော်ကပန်းဟာ ကျားမြီးဆွဲမိသူတစ်ယောက်လို နောက်ဆုတ်လက်လွှတ်လို့မရသော အခြေအနေကြီးမှာ ဆက်လက်လှုပ်ရှားရတော့မှာပါပဲ။

--- --- ---

ဒီမိန်းမ ငါ့ကိုများ ကြိုက်နေတာလား။

ယောက်ျားကောင်းတစ်ယောက်အနေနဲ့ မိန်းမသား တစ်ယောက်အပေါ် မတွေးသင့်သောအတွေးဆိုတာ သိပေမဲ့လည်း အဖြစ်အပျက်တွေက မတွေးဘဲမနေနိုင်အောင် တွန်းပို့လာသည်။

အဖေ့ကို အိမ်ရှာဖို့ လိုက်ပို့ပေးရတာနဲ့၊ ဘုရားပို့ရတာ နဲ့၊ ထမင်းစားဖိတ်ရတာနဲ့။ ဘာအကြောင်းနဲ့မှ သက်ဆိုင်ပတ်သက် မနေပါဘဲ လိုသမျှအကုန်လုပ်ပေးနေတာတွေဟာ တွေးကြည့်တော့ ဒီအဖြေပဲထွက်ချင်စရာ။

ဒါမှမဟုတ်လျှင်တော့ နောက်ထပ်အတွေးက ပို...





ရက်စက်ရာကျမည်။ သူမဟာ သားကိုသဘောကျတာမဟုတ်လျှင် အဖေကို ... ။

အဖေကလည်း ယောမင်းအဖေလို့ မပြောရ ... ။ အသက် ငါးဆယ့်ငါးနှစ်ရှိနေတာတောင် ထိပ်မပြောင်သေး၊ ဆံပင် က တချို့တစ်ဝက်လောက်ပဲ ဖြူသေးသည်။ ဗိုက်လည်းသိပ်မထွက် ဘဲ သူ့အရပ်အမောင်းနဲ့ဆို ကြည့်ကောင်းခန့်ညားသည့်ဆင့်မှာသာ ရှိသည်။ မျက်နှာကတော့ ယောမင်းရှေ့ရောက်လျှင် ထားတတ် သလိုမျိုး တည်တည်ပုတ်ပုတ်ကြီးမဟုတ်လို့ကတော့ အတော်ကြည့် ကောင်းတာ။

ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ တော်တော်လေးပဲ မနှစ်မြို့နိုင်အောင် ဖြစ်သွားရသည်။

ယောမင်းဟာ အဖေကိုတိုထွာတတ်သူတစ်ယောက် မဟုတ်ပါ။ ယောက်ျားချင်းလည်းဖြစ်သည့်အပြင် အဖေဟာ အမေ့ တစ်ယောက်တည်းကိုပဲ့ စွဲစွဲမြဲမြဲနှစ်လိုသစ္စာရှိလှတာကို သိထား တာမို့ စိတ်ချထားသည့်အပြင် တစ်ခါတလေ (အဖေစိတ်ကြည်လင် နေချိန်မျိုးမှာ) အမေ မခံချင်အောင် ကောင်မလေးတွေနဲ့တွဲပြီး စ,ခဲ့ နောက်ခဲ့တာမျိုးပင် ရှိပါသေးသည်။

ကိုယ့်အဖေဘက်ကို မယုံတာ၊ တိုထွာတာမဟုတ်ရပါဘဲ မလေးခင်နဲ့အဖေ တွဲသွားနေတာကို ဘာကြောင့်မလိုမလား ဖြစ်နေမိရတာလဲ။

အဖေ့ကို တိုထွာတာမဟုတ်လျှင် ... မလေးခင်ကို များ။

အာ ... အမိပွားယ်မရှိလိုက်တာ။ ဒီလိုမျိုး လူတစ်ယောက်ကို အနှောင့်အယှက်၊ ဒုက္ခပေးဖို့သက်သက် လူဖြစ်လာသော မိန်းမကို တိုထွာရအောင် ယောမင်းက အရူးမို့လို့လား။

အောင်မယ် ... ။ ကိုယ့်အဖေက လေလေးတချွန်ချွန်နဲ့ မှန်ရှေ့မှာ ခေါင်းဖြီးနေလို့ပါလား။

ယောကျ်ားကို ခုအရွယ်တိုင်သဝန်တိုတတ်ဆဲဖြစ်သည့် အမေ့ကိုသာ ခေါ်ပြလိုက်လို့ကတော့ ပြဿနာကြီးလိုက်မဲ့ အမျိုး။

"အဖေ ရန်ကုန်ရောက်ကတည်းက ... ဟိုထွက် ဒီထွက်နဲ့ တစွတ်စွတ်ထွက်နေတာ ကျွန်တော့်ကိုလည်း ဘယ်တော့မှ ခေါ်မသွားဘူး ... "

"မင်းက မင်းအလုပ်နဲ့မင်းပဲကွာ ... "





"ဒီနေ့က စနေဆိုတော့ ... ကျွန်တော် အားနေတယ်လေ"

"အားတုန်း အနားယူချင်ယူ ... ကိုယ်လုပ်စရာရှိတာလုပ်ချင်လုပ်ပေါ့ကွာ ... ငါ့နောက် တကောက်ကောက်လျှောက်လိုက်နေရင် ပင်ပန်းတာပဲ အဖတ်တင်မှာပေါ့ ... "

အဖေ ... အဖေ ... ဘယ်တုန်းကများ ကိုယ့်သားလေးအတွက်ရယ်လို့ ငဲ့ငဲ့ညှာညှာ တွေးတတ်သွားတာလဲ။

သိပ်တော့ မဟုတ်သေးဘူး။ ဒီအဖြစ်အပျက်ဟာ သံသယဝင်ကောင်းစရာ မဟုတ်ပေမဲ့ သဘာဝမကျတာကတော့ အမှန်ပဲဖြစ်နေသည်။

"အဖေနဲ့ ဟိုမိန်းမက ဘာလို့ဒီလောက်တောင် အပေါင်းအသင်းတည့်သွားရတာလဲ ... "

"ဘယ်မိန်းမလဲကွ ... "

"မလေးခင်ပေါ့ဗျာ ... ဘယ်သူရှိရဦးမလဲ ... "

"သူက သဘောကောင်းပြီး ရိုးသားတာကိုးကွ ... ငါ့ကိုလည်း အတော်ရိုသေရှာတာ ... တော်တော်ချစ်ဖို့ကောင်းတဲ့ မိန်းကလေးပဲ ... "

အဖေကတော့ ဒီအရွယ်နဲ့ဒီအရွယ်သားအဖလောက်

ရှိတာမို့ 'ချစ်ဖို့ကောင်း'ဆိုသည့်စကားလုံးကို သွေးရိုးသားရိုး လွယ်လင့်တကူ သုံးလိုက်တာပင်။

ယောမင်း နားထဲမှာတော့ … ထိုစကားလုံးကြီးက ကန့်လန့်ကြီး တိုးဝင်သွားသည်။

မဟုတ်သေးပါဘူး။ ငါ ဘာဖြစ်နေတာလဲ။ တစ်ခုခုတော့ဖြစ်နေပါတယ်။

ကိုယ့်ကို … မသိနားမလည်သော မျက်လုံးကြောင်ကြောင်တွေနဲ့ မော့ကြည့်တတ်သည့် မျက်နှာတစ်ခု။ ပြီးတော့ ကမ္ဘာပေါ်မှာ ကိုယ်မှတစ်ပါး အားကိုးရာမရှိတော့သလို အားကိုးတကြီးရှိတတ်သည့် ဟန်ပန်ကလေး။

နှမြောတသ သလိုလို။ မခံချင်ဘဲ ဖြစ်မိမိသလိုလို။

ယောမင်း … ရှုးများရှူးနေပြီလားကွာ။ ကိုယ့်အဖေကိုလည်း အထင်မလွဲကောင်းတာ။ အဖေ့ကြောင့် မဟုတ်ရင် … တောင် မလေးခင်ဆိုသည့် မိန်းမဟာ နှမြောစရာမှ မဟုတ်တာ။

"နောက်တစ်ခါ အပြင်ထွက်ရင်တော့ သူများကို ဒုက္ခမပေးပါနဲ့တော့ … ကျွန်တော်ပဲ လိုက်ပို့ပါ့မယ် … "





"အောင်မာ … တယ်ဟုတ်လာပါလားကွ … ငါ့သားက အဖေ့အပေါ် သိတတ်လာပါလား … "

"မကောင်းတတ်လို့ပါ အဖေ … ပြီးတော့ ကျွန်တော်ကလည်း အလုပ်တွေအများကြီး ရှိနေတာမှ မဟုတ်တာ"

"အဖေက … ကောင်မလေးကို အနီးကပ်လေ့လာရတာကွ"

"ခင်ဗျာ … လေ့လာပြီးတော့ အဖေက ဘာလုပ်မလို့လဲ"

"မင်းနဲ့ ပေးစားဖို့လေ … "

သေ … သေ။ ဒီအချိုးပဲ ချိုးလာမယ်ဆိုတာ သိသိကြီးနဲ့ သွားမေးမိတာ။

"အဖေပဲ ကျွန်တော်ကို သဘောတူထားတာ ရှိတယ်နော်"

"ဒါက မင်းအမေ စိတ်ကြိုက်ပါကွာ … ငါကတော့ ဘယ်သူ ဘယ်ဝါမှန်း မသိရသေးဘဲနဲ့ ဇွတ်ဆက်မစီစဉ်ချင်ပါဘူး … ဒါကြောင့်လည်း မင်းကို စိတ်ကြိုက်ရှာခွင့် ပေးထားတာပေါ့ … အခု မင်းက စိတ်ကြိုက်တွေ့ပြီဆိုတော့ … "

"ဘာလဲ အဖေရ … ဘာကို တွေ့ရမှာလဲ … "

"မလေးခင်လေ … ကောင်မလေးက ရုပ်ကလေး မလှပေမဲ့ သွက်သွက်လက်လက် ချက်ချက်ချာချာလေး … စိတ်

သဘောထားလည်း ကောင်းတယ် ... အသက်အရွယ်က လည်း စိတ်ကစားတတ်တဲ့ လူပ်ခက်ခက်အရွယ် မဟုတ်တော့ တည်ငြိမ်တဲ့ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်လာနိုင်တယ် ... ”

တကယ့်ပုံရိုးပုံတုံး စိတ်ပျက်စရာကြီးကို အမေက “ရုပ်ကလေးမလှပေမဲ့” ဆိုတဲ့ ခပ်ပေါ့ပေါ့ စကားလုံးနဲ့ ကျော်ချသွားတာပါလား။

“ရုပ်မလှသလို ရှုကလည်း ခပ်အ, အရယ် ခင်ဗျ ... ”

“မအ, ပါဘူးကွာ ... သူပြောပုံဆိုပုံ တွေးပုံခေါ်ပုံတွေကြည့်ရတာ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပါတယ်၊ ဉာဏ်ရည်ဉာဏ်သွေးလည်း ထက်မြက်မဲ့ပုံပါ ... ”

အမေ ... အမေ။ ဘာဆေးတွေစားမိသွားလို့များ မလေးခင်ကို အကောင်းမြင်တတ်သွားတာလဲ။

“ကောင်မလေးကို ... လှမ်းတွေ့လိုက်တုန်းကတော့ အမေလည်း ဒီလိုပဲ တွေးမိတာကွ ... ငါ့သားတော့ ဘယ်လိုဟာကိုများ သွားကြိုက်လာမိသလည်းလို့ ... မရေ့ ရရာဆွဲကြိုက်ထားရတာပဲ ဖြစ်ရမယ်ဆိုပြီး ... အဲ ... ကားပေါ်ရောက်လို့





စကားပြောကြည့်လိုက်တော့မှ မခေဘူးဆိုတာ သိရတာ၊ ဒါကြောင့် ရှေ့ဆက်အကဲခက်လို့ရအောင် စီစဉ်ရတာပေါ့”

“သူက ကျွန်တော့်ရည်းစား မဟုတ်ဘူးအမေ ... ”

“အေးပါကွ ... ငါ သိပါတယ် ... မင်းလိုကောင်လား ... ရည်းစားရမှာ ... နီးတော့ နီးစပ်နေပြီလို့ မင်းပြောထားတာမှ မကြာသေးတာ ... ဒီရက်ပိုင်းအတွင်းတော့ ဒီလောက်ကြီး မတိုးတက်နိုင်သေးတာသိတယ် ... ”

အမေတို့ကတော့ ဇွတ်ဆိုဇွတ်ပဲ။ သူ့စိတ်ထဲမှာ ဟိုမိန်းမဟာ ယောမင်း ရည်ရွယ်ထားသူပါလို့ တကယ်ပဲ ထင်နေတာလား။ မဟုတ်မှန်းသိပေမဲ့ ဖြစ်စေချင်စိတ်နဲ့ ဇွတ်တိုးပြောနေတာလား ဆိုတာတော့ မသိနိုင်ပေ။

“ဒီမှာသား ... အမေဟာ ဘယ်တော့မှ ကိုယ့်သားသမီးကို မတရား မလုပ်တတ်ဘူးဆိုတာသိတယ် မဟုတ်လား ... အမေ့မှာ ... သဘောတူထားတဲ့သူ ရှိပြီးပြီဆိုပေမဲ့ ငါ့သား သဘောကျတဲ့ မိန်းကလေးရှိလို့ကတော့ သားစိတ်တိုင်းကျပဲ ဖြစ်စေရမယ် ... ”

ကောင်းပါပေ့။ပြောတတ်ပါပေ့။ သူ့သဘောတူနိုင်

သည့် မိန်းမမျိုးဖြစ်သွားတော့ စကားကို ကွန့်နေညွှန့်နေအောင် ပြောပြီပေါ့။

တကယ်လို့များ ... ယောမင်း ရှာတွေ့ထားတာဟာ အဖေမျက်စိဆံပင်မွေးစူးသော အသက်ငယ်ငယ်၊ ပျာတာတာ၊ ပေါ့ရှပ်ရှပ် ကောင်မလေးမျိုးဖြစ်နေလို့ကတော့ ဒီစကားကို အငွေ့အသက်တောင်ကြားရမှာ မဟုတ်။

"သား စိတ်တိုင်းကျတော့လည်း ... "

"ရတယ် သား ... ဟိုကိစ္စက ငါ့သားမှာ ဘာရည်ရွယ်ချက်မှ မရှိမှ လုပ်ရမဲ့ကိစ္စ ... အခုသားက ... "

"အဖေ ... အဲဒီတစ်ယောက်ဟာ ... "

"သိတယ် ... အဖေသဘောပေါက်တယ် ... ကောင်မလေး ပုံစံကြည့်ရတာလည်း စေတနာ သက်သက်နဲ့ ကူညီနေတဲ့ပုံပါ ... ပိုင်ပိုင်နိုင်နိုင် ရဲရဲရင့်ရင့်မှမရှိတာ ... သားကလည်း သူ့ကို တရင်းတနှီး မပြောရဲမဆိုရဲသေးဘူး ... အဲဒီကတည်းက သားတို့အခြေအနေကို အဖေ ခန့်မှန်း ကြည့်လို့ရပြီး သား ... "





ယောမင်းက လက်လျှော့လိုက်ပြီ။ အဖေဟာ အခြေအနေကို မသိတာတော့မဟုတ်။ သိရက်နဲ့ သူလုပ်ချင်တာ တစ်ခုမို့ ဖွတ်အတင်းမဖြစ်၊ ဖြစ်အောင်လုပ်နေတော့တာ။ ဒီလောက်သိသာနေသောကိစ္စကြီးမှာ ဘာပဲညာပဲဆိုပြီး ဖြေရှင်းချက်တွေ ဝင်ပေးနေလျှင်လည်း အကျိုးထူး အရာထင်မှာမဟုတ်။

ဟိုတစ်ယောက်ရှေ့မှာရော ... အဖေဟာ ဘယ်လို ဖွတ်ဆန်တဲ့ စကားတွေပြောပြီး ဘာတွေများ ဖွတ်လုပ်နေသလဲ မသိ။ အဖေကသာ "သွက်သည် ... လည်ပတ်သည်" ပြောနေပေမဲ့ တကယ်တမ်းကျတော့ ခပ်အအ၊ အသာလျှင် ဖြစ်ပုံရသောအမျိုးသမီးဟာလည်း မအူမလည်နဲ့ အဖေပြောသမျှ စီစဉ်သမျှ ခံနေရမှာပင်။

မဖြစ်သေးပါဘူး။ သူမဘက်က ကိုယ့်အပေါ် ရိုးရိုးသားသားပဲ သဘောထားတယ် ဆိုလျှင် ဒီအခြေအနေကြီးဟာ မိန်းကလေးတစ်ယောက်အတွက် အတော် နစ်နာချင်စရာ။

တစ်ခါလောက်တော့ ... သေချာတွေ့ပြီး ရှင်းပြတောင်းပန်ဦးမှပါပဲ။ '

--- 

"ဒီမိတ်ကပ်တွေ လိမ်းရ ... မျက်မှန်ထူကြီးတပ်ရတာတွေကို စိတ်ညစ်လှပါပြီဟာ ... "

နဂိုက ... ဖြူဖွေးကြည်စင်နေသော သော်ကပန်းရဲ့ လက်မောင်းသားလေးတွေကို ညိုမှောင်မှောင်အရောင်ဖြစ်သွားအောင် ဂရုတစိုက် မိတ်ကပ်လိမ်းပေးနေသော စကားပန်းက အဒေါ်ဖြစ်သူရဲ့ ရှုံ့တမဲ့မဲ့ မျက်နှာကိုကြည့်ပြီး ပြုံးသည်။

"ခဏလောက်တော့ ... သိမ်ငယ်ခံလိုက်ပါဦး အန်တီလေးရယ် ... "

"အောင်မယ် ... တရုတ်ကားထဲက စကားတွေနဲ့ ငါ့လာပြောနေပြန်ပြီ ... "





"ဒါပဲ ပြောစရာရှိတာကိုး ... အန်တီလေးကလည်း အရင်တုန်းကတော့ အေးဆေးပါ ... ဒီနေ့မှ ပွစိကိုထိုးနေတာပဲ၊ ကြည့်ရတာ အားကိုးရှိနေတဲ့ပုံပဲ ... "

"ဘာလဲ ... ဘာအားကိုး ရှိရမှာလဲ ... "

"အန်တီလေးလူကြီးက စ,ချိန်းလာပြီ မဟုတ်လား ... ဒါသူ့ဘက်က ရှေ့တစ်လှမ်းတိုးလာတဲ့ သဘောဆိုတော့ တို့အန်တီလေးတစ်ယောက် ... "

"တော်စမ်း ... တော်စမ်း ... ငါ့ကို မဟုတ်တမ်းတရားတွေ လာစွပ်စွဲမနေနဲ့ ... "

သော်ကပန်းက ရှက်စနိုးနဲ့ ပါးပြင်လေးတွေ နီရွေးသွားရသည်။ တော်သေးတာက မျက်နှာကိုလည်း အသားညိုသွားအောင် မိတ်ကပ်ညိုညိုတွေ လိမ်းထားနိုက်မို့ မသိသာလိုက်တာ။

ကလေးတွေရှေ့မှာမို့ စိတ်မပါလေဟန် ခပ်တည်တည်လုပ်နေခဲ့ရသော်လည်း မနေ့က ယောမင်း ဖုန်းဆက်ကတည်းက သော်ကပန်းမှာ စိတ်တွေလှုပ်ရှားနေခဲ့ရတာပါ။

ဒိတ်လှုပ်ရှားတယ်ဆိုလို့ တလွဲတော့မထင်လိုက်နဲ့

ဦး။ သော်ကပန်းက အဲဒီလူကို ကြိုက်တယ်လည်း မဟုတ်။ မကြိုက်ဘူးလည်း မဟုတ်။ နှလုံးသားခံစားချက်နဲ့ ပတ်သက်လာလျှင်တော့ တအား လှုပ်လှုပ်ရှားရှားကြီး မဟုတ်ပါ။ ဒါပေမဲ့ ကိုယ်က မရိုးမသားဇာတ်လမ်းထွင်မိထားတာလေ။ ဒီဇာတ်လမ်းကြီး တစ်နည်းတစ်ဖုံအဆုံးသတ်ဖို့ရာ ဟိုဘက်ကလှုပ်ရှားမှုတစ်ခုခုရှိမှ ဖြစ်မည်။ အခုလိုမျိုး လမ်းတွေ့ချိန်သာ စကားပြောပြီး နောက်ထပ်ဘာပတ်သက်မှုမှ ရှိမလာသော အနေအထားမျိုးနဲ့သာ နေသွားရမည်ဆိုလျှင် ဧရှည်ပင်ပန်းရမည့်ကိစ္စကြီး။

ဒီနေ့ သူကစချိန်းတယ်ဆိုတော့ သူ့ဘက်မှာ သော်ကပန်းနဲ့ ပတ်သက်ပြီး (အဲ ... မှားလို့ ... မလေးခင်နဲ့ပတ်သက်ပြီး) ပြောစရာတစ်ခုခုရှိလာတာ သေချာပြီ။ အဲဒါဟာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် အပြောင်းအလဲတစ်ခုဆီကိုတော့ ဦးတည်လာနေတာပဲ။

"ရှေ့ ... အန်တီလေး ... ခါးမှာပတ်ဖို့ ..."

သေးသွယ်ကျစ်လျစ်သော ခါးကလေးကို ပျော့တုတ်တုတ်ဖြစ်နေအောင် စပါယ်ရှယ်တီထွင်ထားသော ခါးပတ်ကို





ပတ်လိုက်ပြီးလျှင် အသင့်ရွေးချယ်ထားသော ပါတိတ်ဝမ်းဆက်ကို ကောက်ဝတ်လိုက်သည်။ ပါတိတ်အကျႌက ပါတိတ်ကြော်ငြာထဲက မော်ဒယ်လှလှကလေးတွေ ဝတ်သလိုပုံဆန်းဆန်း၊ ခန္ဓာကိုယ်နဲ့အတိအကျတော့မဟုတ်။ ကိုယ်လုံးထက် အနည်းငယ်ပွကာ ခါးမှာ သိမ်သွားတာမျိုးမဟုတ်ဘဲ ချိုင်းအောက်လက်ငါးလုံးလောက်က စ,ကာ တစ်ချက်သိမ်သွားပြီးမှ အောက်ကိုပြန်ကား ထွက်သွားလျက် ... အရှည်ကလည်း ခါးတို၊ ခါးတင်တွေမဟုတ်ဘဲ တင်ပါးဖုံးလောက်အောင် ရှည်လျားသည့် ပုံမကျ ပန်းမကျပုံစံ။ လည်ပင်းကို အချွန်ဖောက်ကာ ကော်လံချွန်းချွန်းရှည်ရှည်ကြီး တပ်ထားလိုက်သေးသည်။

ထဘီကို ခပ်တိုတိုနှင့် အောက်ပိုင်းကားသွားအောင်ဝတ်လိုက်ပြီး မျက်မှန်ဝိုင်းဝိုင်းကြီး တပ်လိုက်သောအခါ အတော်ပုံမလာပန်းမလာသည့် မိန်းမတစ်ယောက်ဖြစ်သွားပါလေရော။

သော်ကပန်းတို့မှာ ... ရုပ်ဖျက်တာ ဘယ်လောက်တော်သလဲဆိုလျှင် သော်ကပန်းအဖြစ်နဲ့ရော မလေးခင်အနေနဲ့ပါ တွေ့ဖူးသည့်သူတောင်မှ ဒီနှစ်ယောက်ရုပ်ချင်းတူပါလားရယ်လို့ သံသယမဝင်။

အင်း ... ကြည့်ရတာ ယောမင်းဟာ သော်ကပန်းကိုကျတော့လည်း အားနာတာ၊ ကြောက်တာနဲ့ပဲ မကြည့်ရဲ၊ မချောမလှသည့် မလေးခင်ကျတော့လည်း စိတ်ကုန်တာနဲ့ပဲ မကြည့်ချင်။ ဒါနဲ့ နှစ်ယောက်စလုံးရဲ့ရုပ်တွေကို သေသေချာချာမမှတ်မိတာဖြစ်လိမ့်မည်။

"အန်တီလေး ... ဘာတွေ စဉ်းစားနေတာလဲ ... ဆံပင်စည်းရဦးမယ်လေ ... "

"စိတ်ရှုပ်လိုက်တာဟာ ... ဘယ်တော့များမှ ဒီဝဋ်ကကျွတ်မလည်း မသိပါဘူး ... "

သော်ကပန်းက စိတ်တိုတိုနဲ့ ရေရွတ်လိုက်ပေမဲ့ စကားက ဆံပင်ကို စည်းနှောင်ပြင်ဆင်ပေးတော့လည်း ငြိမ်ငြိမ်သက်သက်ခံယူသွားပင်။

"အုန်းဆီနံ့က ကြာတော့ ခေါင်းမူးလာတယ်ဟာ ... ဆံပင်ကို တအားပိနေအောင် ဖြီးပြီးတင်းတင်းကြီးဆွဲစည်းထားပြန်တော့လည်း ခေါင်းကိုက်ချင်သလိုလို ဆံပင်ရင်းက အရေပြားတွေပဲ နာသလိုလို ဖြစ်လာပြန်ရော ... "





"သိပ်ဂျီးများမနေနဲ့ အန်တီလေး ... ဒီနေ့ဟာ ဒီလိုပြင်ရတာ နောက်ဆုံး ဖြစ်ချင်တောင်ဖြစ်မှာ ... ဦးယောမင်းက ဒီနေ့ပဲ ဖွင့်ပြောလိုက်ရင် အန်တီလေးကလည်း ကိုယ့်ရဲ့သရုပ်အမှန်ကို ပြောချလိုက်ယုံပဲ ... "

"အို ... သူက ဘာလို့ ဖွင့်ပြောရမှာလဲ ... ဒီလောက် စောစောစီးစီးကြီး ... "

"မစောတော့ဘူးလေ ... သူ လေ့လာအကဲခတ်နေတာပဲ ဘယ်လောက်ကြာပြီလဲ ... လူချင်းတွေ့တဲ့ အကြိမ်ရေကသာနည်းနေတာ ... တွေ့ဖူးမြင်ဖူးကြတာကြာပြီ ... "

ကလေးတွေကတော့ သူတို့ စိတ်နဲ့နှိုင်းကာ ရှေ့ကိုမတရားကျော်ပြီး တွေးနေကြပြီ။ သော်ကပန်းကတော့ ဒီနေ့ပြောဖြစ်ကြမည့် စကားဝိုင်းဟာ ဘာဖြစ်မလဲ ဆိုတာတွေးလို့ကို မရသေးချေ။

တုံ့ဆတ်တုံ့ဆတ်၊ နှေးကွေးလေးလံစွာ လျှောက်လာသော မိန်းမကို လှမ်းကြည့်လျှက် ဒီလိုမိန်းမမျိုးနဲ့ တစ်စားပွဲတည်းနှစ်ယောက်အတူထိုင်လျှင် ဘေးလူတွေဘယ်လိုများ မြင်တာခံရမလဲလို့ ယောမင်းကတွေးရင်း စိတ်ပျက်နေသည်။

ကြည့်စမ်းပါဦး။ ဝတ်လာတဲ့အဝတ်အစားကလည်း၊ နှစ်ဆယ်ရာစုမှာကျန်ခဲ့တဲ့ပုံစံ။ နှစ်ဆယ်ရာစုဆိုတာတောင် အစောပိုင်းမဟုတ်ဘဲ အလယ်ပိုင်းလောက်မှာ။

သူမရဲ့ အသက်အရွယ်အရ ခုခေတ်ကောင်မလေးတွေလို ပျံလန်နေအောင် ဝတ်စရာမလိုပါ။ ရယ်ဒီမိတ်ပုံရိုးရိုး သူမ





အသက်အရွယ်နဲ့ ကြည့်ကောင်းတာတွေမှအပ။ နောက်ဆုံး ပါတိတ်ဝတ်ချင်တယ်ဆိုလျှင်တောင် ပုံကျကျလေး ချုပ်ဝတ်ပေါ့။ ခုခေတ်မိန်းကလေးတွေထဲမှာ ... ပါတိတ်ဝမ်းဆက်လေးဝတ်ပြီး ခေတ်မီကြည့်လှတာမျိုးရှိသားပဲဟာ။

ခုတော့များ ဝတ်ထားတာက ပုံတုံးခေတ်ဟောင်း၊ ဆံပင်က အုန်းဆီရွဲပြီး ပိပြားနေလိုက်တာ၊ မျက်မှန်တပ်တာကအစ အချိုးမပြေ။

ပါတိတ်အရောင်ရွေးထားတာကိုလည်း ကြည့်ဦး။ သူမ့အသားအရည် ညိုမောင်းမောင်းနဲ့ ဘယ်လိုမှ မလိုက်ဖက်သော နီညိုရောင်။

ဒီမိန်းမမျိုးယူလိုက်ရလို့ကတော့ တုတ်နဲ့ရိုက်ပြီး အချိုးပြောင်းအောင်မနည်းလေ့ကျင့် သင်ကြားယူရမည်ထင်သည်။

အဲ ... နေပါဦး။ ဒီလောက်အထိစဉ်းစားနေရအောင် ကိုယ်က ဒီမိန်းမကို ယူမှာမို့လို့လား။ မဟုတ်သေးပါဘူး။ ငါဟာဘာဖြစ်လို့များ ဒီမိန်းမနဲ့ ပတ်သက်လာရင် ထူးခြားတဲ့အတွေးတွေတွေးနေမိပါလိမ့်။

"စောင့်နေရတာကြာပြီလား ... ပြင် ... အဲလေ ... အလုပ်လေးရှိနေတာနဲ့ ..."

သဘောပေါက်ပါ့ဗျာ။ မိန်းမတို့သဘာဝ ကိုယ့်ကိုတစ်ဖက်သားယောကျ်ားလေးက စောင့်နေရတယ်ဆိုတာမျိုးကိုလိုချင်လို့ ချိန်းထားသည့် အချိန်ကျော်အောင် အိမ်မှာ ငုတ်တုတ်ကြီးထိုင်စောင့်နေရတာဖြစ်မှာ။

ဟော ... တွေ့လား။ ယောမင်းရှေ့မှာ ဝင်ထိုင်ပြီးကတည်းက လည်ပင်းကြီးစင်း၊ ခေါင်းကြီးလိမ်စောင်းငုံ့ချကာ ... မနေတတ်မထိုင်တတ် ရှက်တက်တက်ပုံကြီးနဲ့။

အခွင့်အရေးသာ ကြုံလို့ကတော့ကွာ။ ဒင်းရဲ့ လည်ပင်း၊ ပခုံးနဲ့ ခေါင်းတွေကို တုတ်ကြီးကြီးနဲ့ ကပ်ချည်ပြီး တစ်ပတ်လောက် ပုံသေသွားအောင် လုပ်ပစ်လိုက်ချင်တာ။

"ရပါတယ် ... ကျွန်တော်လည်း ခုလေးတင် ရောက်တာပါ"

လွန်ခဲ့တဲ့ နာရီဝက်လောက်ကတည်းက ရှင်ရောက်နှင့်နေတယ်ဆိုတာ ရှေ့ကဆိုင်ထဲကနေ ထိုင်စောင့်ကြည့်နေတဲ့ကြာကြာက ဖုန်းဆက် အကြောင်းကြားပြီးပြီဆိုတာ ရှင်မှမသိဘဲကိုး။





သော်ကပန်းက စိတ်ထဲကတွေးကာ ရယ်ချင်နေသည်။ မျက်နှာကို ခပ်တည်တည်ဖြစ်အောင် မနည်းကြိုးစားနေရတာ။

"ကျွန်မကိုတွေ့ချင်တာ ဘာကိစ္စ ..."

"တောင်းပန်ချင်လို့ပါ ..."

"ရှင် ..."

ဘယ်လိုမှ မျှော်လင့်မထားသည့် စကားကိုမှ ကြားလိုက်ရတာမို့ သော်ကပန်းက ဘော်တော်လေးကိုပဲ အံ့သြသွားသည်။

တောင်းပန်ချင်တယ် ... ။ ဘာကို တောင်းပန်မှာလဲ။ သူ့ကိုလက်ထပ်ဖို့လား။

အာ ... မဟုတ်သေးပါဘူး။ စောစောက သူမ ဝင်တုန်းက စောင့်ကြည့်နေခဲ့တဲ့ ဒင်းရဲ့မျက်နှာဟာ တော်တော့်ကိုပဲစိတ်လက်တပျက် ဖြစ်နေပုံ။ အထင်သေး ကဲ့ရဲ့ချင်ပုံ။ ဒီရုပ်မျိုးနဲ့ကြည့်လာတဲ့ ယောကျ်ားတစ်ယောက်ဆီက လက်ထပ်ခွင့်တောင်းခံမှုကိုတော့ ကြုံစရာအကြောင်းမရှိပါဘူး။

"ကျွန်မကို ဘာများတောင်းပန်စရာရှိလို့ ..."

ယောမင်းက အနည်းငယ် လှုပ်ရှားစပြုလာသည့် စိတ်ကို တည်ငြိမ်အောင် ထိန်းသည့်အနေနှင့် လက်ဖဝါးနှစ်ဖက်ကို ပွတ်တိုက်ကာ ...

"ဒီလိုပါ ... ကျွန်တော့အဖေနဲ့ ပတ်သက်ပြီး ..."

"သြော် ... အန်ကယ်က ကျွန်မကို ဟိုဟိုဒီဒီ ပို့နိုင်းနေတာကို ပြောတာလား ... ရပါတယ် ... အဲဒီအတွက်က ကိစ္စမရှိပါဘူး ... ကျွန်မလည်း အားနေတာပဲ ... ကားရော ကားမောင်းတဲ့လူရော အဆင်သင့်ရှိနေတာ ... ကျွန်မအတွက် ဘာမှ အခက်အခဲ မရှိဘူး ..."

ရော် ... ဒီက စကားတောင်မစရသေး သူက စွတ်တင်နေပြီ။ အဲဒါတွေကြောင့်ပေါ့၊ စိတ်ပျက်တာ။

"ကျွတ် ..."

ယောမင်းထံက စိတ်ပျက်လက်ပျက် စုပ်သတ်လိုက်သံက ထိန်းမရစွာ ထွက်သွားသည်။

"ကျွန်တော်ပြောချင်တာလေးလည်း ပြောပါရစေဦးဗျာ"





"သြော် ... ဟုတ်ကဲ့ ... ပြောပါ ... ကျွန်မက ရှင်အပြောရခက်နေမှာစိုးလို့ ဝင်ကူပေးတာပါ ..."

"မကူနဲ့ ... မကူနဲ့ ... အပြောရလည်း မခက်ဘူး ... ဒီနေ့ ပြောရခက်နေမဲ့ စကားတွေအတွက် ကျွန်တော့်မှာ ကြိုတင်စီစဉ်ပြီးသားရှိတယ် ..."

"ဒါဆိုလည်း ပြောပါ ..."

"အဖေက ကျွန်တော်နဲ့ ခင်ဗျားကို ... ဟို ... အဲ ... တစ်မျိုးထင်နေပုံရတယ် ..."

ဒီနေရာမှာ ယောမင်းက တွန့်ဆုတ်ဆုတ်ဖြစ်နေသလောက် သူမကတော့ ခပ်အေးအေးပင်။ ဒါမျိုးကျ တော်တော်မျက်နှာပြောင်တယ်။

"သူက ဇွတ်သမားခင်ဗျ ... စိတ်ထဲမှာ တစ်ခုခုကို စွဲမိပြီလားဆိုမှဖြင့် တရားသေကို မှတ်တော့တာ ... ပြီးတော့ သူဖြစ်ချင်တာကို အတင်းဖြစ်အောင်လုပ်တာပဲ ... ဘယ်သူ့ကိုမှ အားနာမယ် မရှိဘူး ..."

"ကိုယောမင်း ... ရှင် အခုပြောနေတာ ရှင့်အဖေအရင်းခေါက်ခေါက်ရဲ့အကြောင်းနော် ..."

"ဟုတ်ပါတယ်လေ … ဒါကြောင့်လည်း ဒီလောက်သေသေချာချာ ပြောနိုင်တာပေါ့ … "

"အတင်းပြောတာ မဟုတ်ပါဘူး … အပုတ်ချတာလည်း မဟုတ်ပါဘူး … အဖေ့အကြောင်းမသိသေးတဲ့သူတွေကို သိအောင်ပြောပြတာပြတာ … အဖေ့ကို လူအထင်လွဲမခံရအောင် ကယ်တင်တဲ့သဘောပါ … "

ပြောလိုက်တာတော့ စကားကြီး စကားကျယ်တွေ ပါပဲလား။

"ကျွန်တော့်အဖေအကြောင်း တကူးတက ခေါ်ပြောရတာက အဖေ့စိတ်ထဲမှာ ကျွန်တော်တို့ကို တလွဲထင်ထားပြီး၊ ဟို … မလေးခင်ကို သူ့ရဲ့ … သူ့ရဲ့ … "

"ချွေးမလောင်းလို့ သဘောထားပြီး အားမနာတမ်း ခိုင်းနေတာကို ရှင်က ကြားထဲက ဝင်ပြီး အားနာနေတယ် မဟုတ်လား … "

အဲ … ပွင့်လင်းလိုက်ပါဘိ၊ ဖြောင်ကျလိုက်ပါဘိ။ ခပ်အအ၊ ခပ်ရိုးရိုး ဒီမိန်းမဟာ ဒီစကားမျိုးကျတော့ နှုတ်သွက်လျှာသွက် ပြောတတ်သား။





"ကျွန်တော်က … အေးဗျာ … ပွင့်ပွင့်လင်းလင်းပြောရရင် မလေးခင်မှာလည်း ရည်ရွယ်ထားသူဘာညာဆိုတာ ပေါ်လာမှာပဲ … အဲဒီအခါကျတော့ ဖြေရှင်းမရတာတွေ ရှိလာမှာ နိုးလို့ … "

လက်စသတ်တော့ ဒီလိုကိုး။ သူဟာက တောင်းပန်ချင်ရုံသက်သက်မဟုတ်၊ သူ့အဖေကြီး ဇွတ်အတင်းလုပ်ထားတာတွေအတွက် သူ လုံးဝ တာဝန်မယူပါဘူး … သူနဲ့မပတ်သက်ပါဘူး ဆိုတာ အကီအလင်း အကြောင်းကြားတာ။

"ကိစ္စမရှိပါဘူး … ကျွန်မ ကိုယ့်ဇာတ်ကိုယ်နိုင်ပါတယ် … ကိုယ့်အဖေအရွယ် ဦးလေးအရွယ် လူကြီးတစ်ယောက်ကို စေတနာကောင်းနဲ့ ကူညီမိတဲ့အတွက် အပေးကြီးလိုသေးတဲ့ ကျွန်မရဲ့ အိမ်ထောင်ရေးကို လုံးဝထိခိုက်စေမှာ မဟုတ်ဘူး … "

"ဒါဖြင့်ပေမဲ့လေ … "

သော်ကပန်းက နည်းနည်း စိတ်တိုလာပြီ။ ကိုယ်မျှော်လင့်တာက တခြား၊ သူပြောနေတာက တခြားဆိုဖြပမဲ့ အဲဒါက

ထားလိုက်ဦး။ သူ့ရဲ့အခြေခံ ရည်ရွယ်ချက်ကြီးကိုသာ ဘယ်လိုမှ သဘောမကျနိုင်အောင် ဖြစ်ရတာ။

ပညာသားကတော့ပါ့ပါပေ့။ သူ့အဖေကြီးက ဘယ်လောက်ပဲ အရေးပေးနေပါစေ၊ သူ့သဘောကတော့ လုံးဝမပါဘူး ဆိုတာကို ... အကြောင်းပြချက် လှလှပပကလေးနဲ့ ကွေ့ဝိုက်ပြီး ပြောတတ်တာကတော့ ချီးကျူးဖို့ကောင်းနေသေးသည်။

"ရပါတယ် ... ဒီကိစ္စအတွက် တောင်းပန်ရုံ သက်သက်ဆိုရင်တော့ ကျွန်မနဲ့ ရှင်ဘာမှ ဆက်ပြောစရာမရှိတော့ပါဘူး ... နောက်ပြီး တစ်ခုပြောလိုက်ဦးမယ် ... အန်ကယ်ဦးမင်းကျော်ကို ကျွန်မ ဟိုပို့ဒီပို့ ကူညီပေးတဲ့အတွက် ရှင်အနေနဲ့ အမြင်မစောင်းစေချင်ဘူး ... တာဝန်ကြီးသလိုလည်း ခံစားမငေ ့ စချင်ဘူး ... စိတ်ရှင်းရှင်းနဲ့ အေးအေးချမ်းချမ်းနေလို့ ရပါတယ် ... ကဲ ... ဒီလောက်ဆိုရင် လုံလောက်ပြီ မဟုတ်လား ..."

ဘယ်တုန်းကမှမပြောဘူးသော ပြတ်သားမာကျောသည့် အသံမျိုး။ မလေးခင်ရဲ့ မျက်နှာပေါ်က အသားစိုင်တွေဟာ တဆတ်ဆတ်တုန်လှုပ်နေကြသည်။





သွားပြီ။ ကိုယ့်ဘက်က စေတနာကောင်းနဲ့ တောင်းပန်မိကာမှ မလေးခင်က အထင်လွဲသွားပြီ။

သူမ စိတ်ထဲမှာ အဖေ့လုပ်ရပ်တွေကြောင့် သူမက တလွဲတွေ စိတ်ကူးယဉ်ပြီး ကျေနပ်မျှော်လင့်နေမှာစိုးလို့ ယောမင်းက ... ကိုယ့်သဘောထားကို ဖော်ထုတ်ပြနေတာလို့ ထင်သွားပုံရသည်။

ယောမင်းကဖြင့် ... ဒီလောက်အထိ မတွေးမိတာ အမှန်ပါ။ တကယ်တမ်း ဘာ့ပတ်သက်မှုမှဖြင့် မရှိဘဲ အလကားတလွဲအတွေးနဲ့ စွတ်တင်းနေတာတွေဟာ မိန်းကလေးဘက်မှာ ထိခိုက်နစ်နာစရာတွေများ ဖြစ်မလားလို့ ရိုးရိုးသားသား အားနာတာ၊ စိတ်သန့်သန့်နဲ့ တောင်းပန်မိတာ။

မလေးခင် စိတ်ဆိုးသွားပြီမှန်းသိတာနဲ့ ယောမင်းရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကိုမသိ။ စိုးရိမ်တာလား၊ ကြောက်တာလား၊ သနားတာလား။ အိုး ... တစ်ခုချင်း မဟုတ်ဘူးထင်သည်။ အားလုံးစုပေါင်းပြီး တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာတာ။

သူဟာ ဘာကြောင့်များ ဒီမိန်းမတစ်ယောက်ရဲ့

အထင်လွဲ စိတ်နာမှုကို မခံချင်ရတာလဲ။ ရိုးရိုးတုံးတုံးပုံစံနဲ့ နှစ်သက်ချင်ဖွယ်မရှိသော မိန်းမဟာ သူ့စိတ်ကို ဘာကြောင့် ပြောင်းလဲလှုပ်ရှားစေတာလဲ။

ယောမင်းရဲ့ဘဝတစ်သက်တာမှာ မကြုံစဖူး ထူးခြားတာတွေတော့ ဖြစ်လာပြီထင်သည်။





"ယုံပါ အန်တီလေးရာ ... တကယ်ပါ ... သူ ဆိုင်ထဲက ထွက်လာတဲ့ ပုံစံကလေ ဘောစ်နဲ့မရေးဘဲနဲ့ ဟတ်ထိလာတဲ့ ပုံစံပါ ..."

"တော်ပြီ ... တော်ပြီ ... နင်တို့ စိတ်ကူးယဉ်တွေ ရပ်တန်းက ရပ်တော့... မဖြစ်နိုင်တာကိုလည်း ဘာမှ ဆက်မကြံစည်နဲ့ ... ကိုယ်က မိန်းကလေး ... အရှက်တကွဲဖြစ်စရာရှိ ကိုယ်ပဖြစ်မှာ ..."

"သေချာပါတယ်ဆို ... အဲဒီလူကြီး အန်တီလေးကို ကြိုက်နေတာပါ ..."

"ကြိုက်တော့ရော ဘာလုပ်ရမှာလဲ ... သူ့မိဘတွေသဘော တူထားတာ မလေးခင်မှ မဟုတ်တာ ... "

"ဒီလိုလေ အန်တီလေးရဲ့ ... သူက အန်တီလေးကို မလေးခင်အနေနဲ့ ရင်းနှီးနေတယ်၊ သံယောဇဉ်ရှိတယ် ... သနားတယ်၊ စေတနာထားတယ် ... ဒါပေမဲ့ ရုပ်သိပ်မလှတော့ ယောကျ်ားတို့သဘာဝ သည်းသည်းလှုပ်ကြီးတော့ မဟုတ်ဘူးပေါ့ ... တည်ငြိမ်တဲ့ အချစ်မျိုးပေါ့ ... အဲဒီမှာ သူချစ်နေတဲ့ မိန်းမဟာ ရုပ်လည်းချော ... အဖက်ဖက်ကလည်း ပြည့်စုံဆိုရင် ပိုပြီး သဘောကျမသွားဘူးလား ... ဒီကြား ထဲမှာ သူနဲ့ လူကြီးတွေ သဘောတူထားတာဟာလည်း အန်တီလေးပဲဆိုရင် ... သူ့အတွက် မင်္ဂလာစုံတွဲထိဆုကြီး ပေါက်သလို တအားဝမ်းသာစရာပေါ့ ... "

"အေးလေ ... ဒါပေမဲ့ အခုတော့ ရုပ်ဆိုးတဲ့ မိန်းမကိုလည်း သံယောဇဉ်မရှိဘူးလေ ... ချောတဲ့ မိန်းမကိုလည်း စိတ် မဝင်စားဘူးလေ ... လူကြီးတွေ ပေးစားတာကိုလည်း မယူ ချင်ဘူးလေ ... ကဲ ... ဒီတော့ သူနဲ့ ငါဘာပတ်သက်စရာ ရှိသေးတော့လဲ ... "





"အန်တီလေးက စိတ်မရှည်ဘဲ ဒွတ်ကြီးဖြစ်နေတာ ... "

"တော်ပြီ ... တော်ပြီ ... နင်တို့ ဘာပြောပြော အဲဒီလူကို ငါသဘောမကျဘူး ... ငါ့ကို စော်ကားတာကိုလည်း ခွင့် မလွှတ်နိုင်ဘူး ... ရှေ့ဆက်ဘာမှ ပတ်သက်ဖို့ စိတ်မကူး တော့ဘူး ... "

သော်ကပန်းက မျက်နှာတည်တည်နှင့် အပြတ်ပြော ချလိုက်လျှင်တော့ ကြာကြာတို့လူစု ငြိမ်သက်သွားပါသည်။

သူငယ်ချင်းတွေလိုပေါင်းလာကြတာဆိုပေမဲ့ တော်စပ်ပတ်သက်မှုအားဖြင့်တော့ အဒေါ်နဲ့တူမပဲလေ။ သူတို့အပေါ်မှာ ဒီလောက်တော့ ဩဇာရှိမှ ဖြစ်မှာပေါ့။

အင်မတန် မုန်းဖို့ကောင်းတဲ့သူ ... ။ သူက ဘယ်လောက်တောင်များ ကောင်းမွန်ပြည့်စုံနေလို့ သော်ကပန်းကို မချစ်နိုင်ရတာလဲ။

အဲ ... မဟုတ်တော့ မဟုတ်သေးဘူး။ သော်ကပန်းကို သော်ကပန်းအနေနဲ့မှ သူက သိတာမဟုတ်တာ။ မလေးခင်အနေနဲ့ပဲ သိထားတာ။

အို ... ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ကို ရုပ်မလှ

ယှ်၊ တုံးအ,ယုံယောက်နဲ့ မချစ်ဘူးဆိုတာလည်း မဖြစ်သင့်ပါဘူး။ စိတ်သဘောထားကောင်းမွန်ဖြူစင်ဖို့သာ အဓိကကျတာ။ စိတ်ဓာတ်ကို အဓိကမထားဘဲ အပေါ်ယံရုပ်ရည်ကိုသာ ကြည့်တတ်တဲ့ ယောကျ်ားတွေများ အလကားရရင်တောင် မလိုချင်ပါဘူး။

မနေ့က စိတ်တိုလာခဲ့သည့်အရှိန်က ဆိုင်ကိုရောက်သည်အထိမပြေ။ ဆိုင်ဖွင့် ခင်းကျင်း၊ သန့်ရှင်းပြီးတာနဲ့ ရောက်လာသည့် ဈေးဝယ်သူကိုလည်း တွေ့လိုက်ရော ဒေါသက နှစ်ဆပိုထွက်လာရော။

ယောမင်းလေ ... ယောမင်းပေါ့။

အမျိုးသမီးတစ်ယောက်နဲ့ တွဲလို့။ အမျိုးသမီးက အသက်သိပ်မငယ်တော့ပေမဲ့ ချောတော့ခပ်ချောချော။

ဒါကြောင့်ကိုး။ သူ့မှာ ရည်ရွယ်ထားပြီးသူရှိလို့ သော်ကပန်းကို စိတ်မဝင်စားနိုင်တာကိုး။

ဒီလိုကျတော့လည်း စိတ်ထဲမနာလို သလိုလို ... ။ မဟုတ်သေးပါဘူး။ ဒီလူတစ်ယောက်ကို မိဘသဘောကျထားလို့ စိတ်ဝင်စားရုံသက်သက်ဆိုလျှင် သူ့မှာ ရည်းစားရှိသွားလည်း ဘာမှ





ခံစားနေစရာမလို။ ဖူးစာဆုံလို့မကြုံရဘူးလို့ဘဲ သဘောထားလိုက်လျှင် ပြီးသွားရောပေါ့။

"ကိုယောမင်းပါလား ... ဘာများ အလိုရှိလို့ပါလဲ ... "

စိတ်ထဲက မကြည်လင်လှပေမဲ့ ကိုယ်ကဈေးသည်ဆိုတော့ မျက်နှာကို ချိုထားကာ ဖော်ဖော်ရွေရွေ မေးရတော့တာပင်။

"ဟိုလေ ... မင်္ဂလာဆောင်အတွက် ချိတ်ကောင်းကောင်း တန်ဖိုးကြီးကြီးထဲက ... "

"ဩော် ... မင်္ဂလာဆောင်သတို့သမီးဝတ်ဖို့ပေါ့ ... "

"ဟုတ်ကဲ့ ... "

သေချာပြီ ... ။ သူတို့က ဒီအခြေအနေအထိတောင် ရောက်နေကြပြီကိုး။ ဒါနဲ့များ ဘာဖြစ်လို့ သော်ကပန်းကို လေလာအကဲခတ်ဖို့ ရောက်လာရသေးတာလဲ။

"ဘာအရောင်များ ဝတ်မယ်လို့ စိတ်ကူးထားပါသလဲရှင် ... သတို့သမီးချိတ်ပဲ ဆင်တူဝတ်မှာလား ... ဒါမှမဟုတ် သတို့သမီးအတွက်အရင် ရွေးပြီးမှ သတို့သားအတွက် ယှိုက်မဲ့ ပွင့်ထိုးဝယ်မှာလား ... "

"သတို့သားကတော့ ချိတ်မကောင်းပါဘူးနော် ... "

"အင်း ... ဘယ်ကောင်းမလဲ ... ဝတ်ရမှာ မဟုတ်ပါဘူး"

တစ်ယောက်နဲ့တစ်ယောက် ခေါင်းချင်းဆိုင်တိုင်ပင်ဆွေးနွေးခန်းပြီးလျှင် သတို့သမီးအတွက် ချိတ်ပန်းရောင်နဲ့ ရွှေဖလားရောင်ထဲက ချိတ်ကိုအရင်ကြည့်မည်ဆိုသည့် ဆုံးဖြတ်ချက်ကျလာပါလေရော။

ခဏချင်းမှာပဲ ကောင်တာပေါ်မှာ အပြည့်ချိတ်တွေခင်း ကျင်းပြင်ဆင်ပြီးသားဖြစ်သွားတော့သည်။

ကိုယ့်ကိုယ်ကို ဈေးရောင်းသူတစ်ယောက်ရဲ့ စိတ်မျိုးသွင်းလိုက်တော့လည်း နေသာထိုင်သာသလို ရှိသွားပေသား။ ပစ္စည်းတွေထုတ်ပြဖို့နဲ့ ကိုယ့်အထည်တွေ ဘယ်လောက်ကောင်းကြောင်း၊ ဘယ်လိုအဆင် ဒီဇိုင်းကို ရွေးဖို့သင့်ကြောင်း ပြောပြနေရင်းနဲ့ လူကပြန်လည်တည် ငြိမ်လာသည်။

"ဒီပန်းရောင်ကတော့ အရောင်နည်းနည်းရဲတယ် ... ဟိုလေ အစ်မက အသားနည်းနည်းညိုတော့ ဝတ်လိုက်ရင် တစ်မျိုးဖြစ်သွားမှာ စိုးရတယ် ... ဒီပန်းရောင်ကလေးကတော့





လွင်တယ် ... ချိတ်ပုံစံက ဆင်တူပဲဟာ ... ပန်းရောင်ထဲက ယူမယ်ဆိုရင်တော့ ဒါလေးယူလိုက်တာက ပိုအဆင်ပြေမယ် ... ဒီအရောင်က ဘယ်အသားအရည်နဲ့မဆိုလိုက်တယ်၊ မီးလည်းစားတယ် ... "

"ဟုတ်လားဟင် ... ဒီအရောင်လေး သက်နဲ့လိုက်လား ... ကြည့်ပါဦး ... "

အမျိုးသမီးက အစကို ဖြန့်ကာ ကိုယ်မှာ ကပ်ပြီးယောမင်းဘက် တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ...

"လိုက်ပါတယ် ... "

"အောင်မယ်လေး ... သေသေချာချာ ကြည့်ပြီးမှလည်း ပြောစမ်းပါ ... စိတ်မပါလက်မပါနဲ့ ... "

"ကျွန်တော်က သိပ်မှ မကြည့်တတ်တာ ... လိုက်ပါတယ်၊ အဝါရောင်လေးက သိပ်မှပြူးတူးပြဲတဲ မဟုတ်တာ၊ အဆင်ကလည်း လှသားပဲ ... "

နှစ်ယောက်သား တတွတ်တွတ်ပြောနေကြတာကို ကြည့်ပြီး သော်ကပန်းက စိတ်တွေ ပြန်တိုလာရသည်။

ဘာတွေမှန်းကို မသိ။ သူများဆိုင်ထဲလာပြီး တစ်လောကလုံး သူတို့နှစ်ယောက်ထဲပဲ ရှိတော့သလို တွတ်ထိုးနေလိုက်ကြတာများ။

ယယ်ယယ်တုန်းက အတန်းထဲမှာ ကလေးတွေစကားများ ဆူညံနေလျှင် ဆရာမက စားပွဲကိုကြိမ်လုံးနဲ့ တဖြန်းဖြန်း ရိုက်ပြီး ဟားဆီးသလိုမျိုး သော်ကပန်းကလည်း အဝတ်အစားဗီရိုကို ကိုက်တံဖြစ်ဖြစ်၊ ပစ္စည်းတစ်ခုခုနဲ့ ရိုက်ထုပြီး ပါးစပ်ပိတ်နိုင်းလိုက်ချင်သည်။

"သူခေါ်လာမိတာမှားတာပဲ ... ဘာအကြံဉာဏ်မှလည်း မပေးဘူး ..."

"ကျွန်တော်က အသိဆိုင်ရှိတယ်ဆိုပြီး လိုက်ပြရုံပြတာပဲ ဟာ ... အကြံပေးဖို့ လိုက်လာတာမှ မဟုတ်တာ ..."

"တွေ့လား ... တော်တော်အားကိုးရတယ် ... ဟွန့် ..."

မဖြစ်တော့ဘူး။ ဒီထက်ပိုဆိုး သည်းခံနေရလျှင် လူက ဖောင်းခနဲ ပေါက်ကွဲသွားနိုင်သည်။

ထူးဆန်းလှတယ်ပဲ ဆိုဆို၊ မဖြစ်သင့်ဘူးလို့ပဲ ပြော





ပြော ကိုယ့်ဆီကို လာအားပေးသည့် ဝယ်သူတစ်ယောက်ကိုတောင်မှ ဘယ်လိုမှ သည်းခံစိတ်ရှည်မနေနိုင်လောက်အောင် သော်ကပန်းရဲ့စိတ်ဟာ ကြွပ်ဆတ်ပွယောင်းနေခဲ့ပြီ။

သိပ်တော့ မဆိုင်ဘူးထင်တာဘဲနော်။ ယောမင်းဆိုတာ ကိုယ်နဲ့ ဘယ်လိုပတ်သက်တာလိုက်လို့။ လူကြီးချင်းသဘောတူထားတယ်လို့တောင် ပြောလို့မရ။ အမေချင်းစကားပြောဆိုထားတာကလွဲလို့ ဘာတစ်ခုမှ တရားဝင်မဟုတ်၊ အတိအလင်းမဟုတ်။ ယောကျ်ားတစ်ယောက် တခြားမိန်းမနဲ့ လက်ထပ်တော့မှာကို မနာလိုမခံချင် ဖြစ်ရလောက်အောင် ပတ်သက်မှုမျိုးမဟုတ်။

တော်ပါပြီ။ လောလောဆယ် ဘာမှမတွေးတာဘဲကောင်းတယ်။ ကိုယ်က ဈေးရောင်းသူ၊ သူတို့က တစ်ခါမှမတွေ့ဖူးသေးတဲ့ ဝယ်သူ။ အဲဒီလိုပဲ သဘောထားလိုက်ယုံပေါ့။

သော်ကပန်းက ကိုယ့်စိတ်ကိုယ် မနည်းဖြေသိမ့်လိုက်ရပြီးလျှင် မျက်နှာထားကို ကြည်ကြည်လင်လင်ကလေး ပြန်ထားလိုက်ရသွားကာ ...

"ကျွန်မဝင်ပြီး အကြံပေးရရင်တော့ အဲဒီပန်းရောင်လေး

အကောင်းဆုံးပဲ ... ဈေးလည်း သိပ်များပါဘူး ... ခုနစ်သောင်းခွဲပါ ... ”

“အို ... များတာပေါ့ ... မနေ့ကကြည့်တဲ့ဆိုင်ဆို ခြောက်သောင်းအလွန်ဆုံး ... ”

“မတူပါဘူး အစ်မရယ် ... ကျွန်မပစ္စည်းက ချည်သားလည်း ကောင်း အဆင်ကလည်း ဆန်းတာပါ ... အခုအတိုင်းကြည့်ရင်တော့ သိပ်မကွာဘူးလို့ ထင်ချင်ထင်မယ်၊ ဒါပေမဲ့ အပေါ်မှာ စီးကင့်စ်ထပ်လိုက်ပြီးသွားလို့ရှိရင် တအား ခြားနားသွားလိမ့်မယ် ... ”

“အင်း ... အပြောကောင်းလို့ စိတ်တော့ပါလာပြီ ... ဒါပေမဲ့ လျှော့တော့လျှော့ဦးနော် ... ”

“ကျွန်မ အတတ်နိုင်ဆုံး လျှော့လိုက်မယ်နော် ... ခုနစ်သောင်းသုံးထောင်ပေး ... နှစ်ထောင်တော့လျှော့ပေးမယ်၊ ဒီထက်လျှော့ရရင်တော့ ကိုက်မှာမဟုတ်တော့ဘူး ... ”

“နောက်ထပ် နည်းနည်းလျှော့ဦးလေ ... သတို့သားအတွက် တောင်ရှည်လည်း ဝယ်ဦးမှာပါ ... ”





“ဩော် ... ဟုတ်သားပဲ ... တောင်ရှည်လည်း ဒီအရောင်နဲ့ လိုက်တာရှိတယ် ... မေမီရေ ယူပြလိုက်ပါဦး ... အလယ်ဗီရိုထဲက အောက်ဆုံးအကန့်မှာထားတာလေးတွေလေ ... ကိုယောမင်း ရွေးပါဦး ... စိတ်ကြိုက်ရွေးပေါ့ ... အားနာစရာမလိုဘူး ... ”

သော်ကပန်းက ... ဖော်ဖော်ရွှေရွှေကြီး ပြောလိုက်တော့မှပဲ ယောမင်းက တစ်စုံတစ်ခုကို သတိထားမိသွားတော့သည်။

မိန်းမတစ်ယောက်နဲ့ နှစ်ယောက်တည်း အတူတွဲလာပြီး သတို့သမီးဝတ်စုံရွေးမည်ဆိုတော့ သော်ကပန်းက သူ့ကို ဘယ်လိုထင်သွားမလဲ။

အောင်မယ်လေး ... လေး။ ကိုယ်ကတော့ သော်ကပန်းနဲ့ တွေ့ပါရစေ၊ သူမကိုလည်း မျက်နှာလုပ်ရပါစေဆိုသည့် ရည်ရွယ်ချက်နဲ့ မင်္ဂလာဆောင်မည့် သူငယ်ချင်းသက်ထားနွယ်ကို ခေါ်လာခဲ့တာ။ ကံဆိုးချင်တော့ ... ထွက်လာကာနီးမှ သတို့သားလောင်းက အရေးကြီးကိစ္စနဲ့ ပါမလာနိုင်ပေရာ အထင်လွဲစရာရှိလျှင် ...

မဖြစ်ဘူး … မဖြစ်ဘူး။ ဒီကိစ္စ သော်ကပန်း သိသွားအောင် တစ်နည်းနည်းနဲ့တော့ အသိပေးမှ။

"လုံချည်ကတော့ ကိုကျော်နိုင်မပါဘဲ ရွေးလို့မကောင်းဘူးထင်တယ် … ကျွန်တော် ရွေးပေးလိုက်လို့ ကိုကျော်နိုင်က မကြိုက်ရင် နောက်တစ်ထည် ထပ်ဝယ်နေရဦးမယ် … "

"အို … ကိုနိုင်များ သက်သဘောပါ … သူက ကိုယ်တိုင်လိုက်မလုပ်ရရင်ပြီးရော … သက် ဘာစီစဉ်စီစဉ် သဘောကျနေမှာပဲ … "

"တယ်ပိုင်ပါလား … "

"ပိုင်တယ်လို့ အထင်မကြီးလိုက်လေနဲ့ … သူ့အတွက်အကုန်လိုက်လုပ်ပေးနေရတာ လူက ပိုတောင်ပင်ပန်းသေးတယ်"

"ကိုယ့်ချစ်သူပဲဟာ … ဒီလောက်တော့ အပင်ပန်းခံပေါ့"

စောစောက တီးတိုးတိုင်ပင်နေသည့် အသံမျိုးမဟုတ်တော့ဘဲ ဟာမင်တကာ အော်ကျယ်ဟစ်ကျယ်လုပ်နေသော ယောမင်းရဲ့စကားတွေကို ကြားရတော့မှ သော်ကပန်းက သဘောပေါက်တော့သည်။





"သက်" ဆိုတာ သူနဲ့ လက်ထပ်မည့် အမျိုးသမီးမှ မဟုတ်တာဘဲ။ သူမဘာသာ ဝတ်စုံဝယ်ချင်တာကို မိတ်ဆွေတစ်ယောက်အနေနဲ့ အဖော်လိုက်ပေးသည့်သဘော။

ရုတ်တရက် ချက်ချင်း လည်ချောင်းထဲ တစ်ဆို့နေသည့်အလုံးကြီး တစ်ခုလျှောကျသွားသလိုလို၊ သက်သောင့်သက်သာပဲ ရှိသွားသလိုလို။

တစ်ဘက်က စိတ်ကျေနပ်သွားရသလို … အဲဒီလိုစိတ်ဆိုးလိုက်ရတာကိုလည်း တစ်ဘက်ကမကျေမနပ် ဖြစ်မိရပြန်သည်။

ခက်တော့ ခက်နေပါပြီနော် … ။ သော်ကပန်းဟာ အမြင်ကတ်စရာကောင်းလှသည့် ဒီလူတစ်ယောက်အပေါ် ဘယ်လိုများ ထူးခြားပြောင်းလဲသွား ခံစားတတ်နေခဲ့ပြီလဲ။

၃၉ ---- ၃၉

"အမှန်တော့ ကိုယော လွန်တာပဲ ..."

"ဟုတ်တယ် ဖိုးယော ,.. မင်းသွားပြောတဲ့ပုံက ... "

"ဟေ့ကောင်တွေ ... တော်တော့ ... ငါ သဘောပေါက်တယ် ... ငါ လွန်မှန်းလည်း သိတယ် ... ဒါကိုပဲ ထပ်ခါတလဲလဲ ပြောမနေကြနဲ့တော့ ... "

"ကိုယ် လွန်မှန်းသိရင်လည်း တောင်းပန်လိုက်လေကွာ"

"ဘယ်လိုလုပ် တောင်းပန်မလဲကွ ... သူက အတိအကျကြီး စွပ်စွဲတာမှ မဟုတ်တာ ... "

"သူက ကွေ့ဝိုက်စွပ်စွဲရင် ... မင်းကလည်း ကွေ့ဝိုက်ပြီး တောင်းပန်ပေါ့ ... "





"သူက ချက်ချင်းထ,ပြန်သွားတာကွ ... "

"မင်းက ပြေးမလိုက်ဘူးလား ... "

"ရှက်စရာကွာ ... သူ ပုန်.ှ့ ်းဆောင့်အောင့်ပြီး ထွက်သွားတာကိုတောင် ဆိုင်ထဲကလူတွေက ဝိုင်းကြည့်နေကြပြီ ... ငါက ... နောက်ကနေ ဝရုန်းသုန်းကား ပြေးလိုက်သွားရင် ဘယ်လောက် ရှက်စရာတွေကောင်းကုန်မလဲ ... "

"ခပ်ဖြည်းဖြည်းလိုက်ပေါ့ကွာ ... "

"အောင်မယ်လေး ... တစ်သက်လုံး တုံ့ဆိုင်းတုံ့ဆိုင်း ... တွန့်ဆုတ်တွန့်ဆုတ်လုပ်လာတဲ့ မိန်းမကလေ ခုကျတော့ လှောင်ချိုင့်ထဲက လွှတ်လိုက်တဲ့ ငှက်လိုပဲ ... ထွက်သွားလိုက်တာများ ဗိုးခနဲအသံတောင် မြည်တယ် ... "

"ယောက်ျားနဲ့ မိန်းမများ လိုက်မမီဘူးရယ်လို့ ... "

"ဟ ... ငါက စားပွဲထိုးခေါ်ပြီး ကျသင့်ငွေတွက်ခိုင်း ... ပိုက်ဆံရှင်း လုပ်ရသေးတယ်ကွ ... နောက်ပြီး သူက လမ်းလျှောက်သွားတာ မဟုတ်ဘူးလေ ... ဆိုင်ပြင်ရောက်တာနဲ့ ကားပေါ်တက်သွားတာ ... ဘယ်လိုလုပ်ပြီး လိုက်လို့ မီမှာလဲ ... "

"သူ့အိမ်သိတာပဲ မဟုတ်လား ..."

"မသိပါဘူး ..."

"အနည်းဆုံး ဖုန်းနံပါတ်တော့သိတယ်ကွာ ..."

"ငါ ရင်မဆိုင်ရဲဘူးကွ ... သူ့ဆီ ဖုန်းဆက်ပြီးရင် ဘာစကားတွေ ပြောရမှာလဲ ..."

"မင်း ကြောက်နေတယ်ဆိုကတည်းက သူ့အပေါ် သာမန်ထက်ပိုတဲ့ ခံစားချက်မျိုး ဖြစ်နေတာတော့အမှန်ပဲ ..."

ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လား လုပ်နေကြပြန်ပါပြီ။ အစောကြီးကတည်းက ယောမင်းက ဝန်ခံထားပြီးသား။ မလေးခင်အပေါ်မှာ သဘောထားတွေ ပြောင်းလဲနေခဲ့ပြီဆိုတာ။

သူမကို "ချစ်သည်" လို့တော့ ဗိုင်ဗိုင်နိုင်နိုင်ကြီး မကြေညာရဲပါ။ မလေးခင်ရဲ့ ပုံစံမျိုးဟာ နေရင်းထိုင်ရင်း ချစ်သွားလောက်စရာမှ မဟုတ်တာ။ ဒါပေမဲ့ သူမနဲ့ ပတ်သက်လာရင် ပုံမှန်မဟုတ်သော ခံစားချက်တွေ ပေါ်ပေါက်လာတတ်တာကျပြန်တော့လည်း ထူးဆန်းနေပြန်ရော။





ရုပ်ရည်၊ ကိုယ်ရည်ကိုယ်သွေးအားဖြင့် သူ့အလွန်တရာ သဘောကျနှစ်သက်မိသော သော်ကပန်းနဲ့ ပတ်သက်လာလျှင်တောင် မလေးခင်လောက် နက်ရှိုင်းသည့် ခံစားချက်မျိုးမရှိ။

မလေးခင်ကတော့ တော်တော်စိတ်နာသွားမှာပဲ။ ပြေလွယ်ပျောက်လွယ်သည့် အသက်အရွယ်မျိုးတွေ မဟုတ်တော့လည်း ဖြေရှင်းရတာခက်သား။ တော်ကြာ ဒီတစ်သက်မကျေပါဘူးဆိုလျှင် ...

"ကိုယောက မပြတ်သားဘူးဗျာ ... အန်တီလေးအပေါ်ကျတော့ ဘယ်လိုသဘောထားသလဲ၊ တော်ကြာ ကျွန်တော့်ကို ယင်းမာက မကြည်မလင်ဖြစ်တော့မယ်ဗျ ..."

"ယင်းမာ အန်တီလေးက တအားလှတယ် ... ထက်ထက်မြက်မြက်လည်းရှိတယ် ... ငါလိုချင်တဲ့ မိန်းမမျိုးပါပဲ ... ဒါပေမဲ့ ..."

"နှလုံးသားနဲ့ စဉ်းစားလိုက်ရင်တော့ မလေးခင်ပဲပေါ့"

"မပြောတတ်တော့ပါဘူးကွာ ... လူတစ်ယောက်ရဲ့ ရုပ်ရည်အမူအကျင့်တွေမပါဝင်တဲ့ အချက်ဆိုတာ တကယ်ရော ရှိရဲ့လား ..."

"ရှိနိုင်တာပေ့ါ ... အပေါ်ယံကို မကြည့်ဘဲ ချစ်မိတဲ့အချစ် ဆိုရင် ဒါဟာ ပိုလို့တောင် အနှစ်သာရပြည့်ဝသေးတယ်"

ဟုတ်သလား မဟုတ်သလားတော့မသိ။ ထောက်ခံ သည့် သူတွေကတော့ အားရပါးရကို ထောက်ခံနေတော့တာပင်။

"အရေးထဲ အဖေကလည်း တစ်မှောင့်ကွ ... "

"အခု မင်းအဖေကြီး သူ့ သူငယ်ချင်းအိမ်မှာ သွားတည်းနေ တယ် မဟုတ်လား ... မင်း ဘာမှ ပူစရာမရှိတော့ဘူးလေ"

"လူသာမရှိတာကွ ... မနက်တိုင်း ရုံးကို ဖုန်းဆက်ပြီး နားပူ နေတာ ... ငါ့ကိုတစ်ခုခု ဆုံးဖြတ်ချက်ချဖို့ တိုက်တွန်းနေ တာ နေ့တိုင်းပဲ ... "

"ဟုတ်တော့လည်း ဟုတ်တာပဲကွာ ... မင်းအနေနဲ့ သဘော ကျလက်ခံနိုင်တဲ့သူ နှစ်ယောက်တောင် တွေ့ထားပြီးပြီပဲ မင်းအဖေရှေ့မှာ တစ်ယောက်ယောက်ကို လက်ဆွဲပြနိုင် အောင် ကြိုးစားပေ့ါ ... "

"ပြောတော့လွယ်လိုက်တာ ... ငါ့ဘက်က တစ်ဖက်သတ် ပဲ တွေးနေတာလေ ... သော်ကပန်းကို ထားလိုက်တော့





အစက ငါ့အပေါ် ညွတ်ချင်သလိုလိုပဲလို့ ထင်မိတဲ့မလေးခင် တောင်မှ အခုငါ့ကို စိတ်နာသွားပြီ ... "

"တစ်ခါတည်း ပြန်ချော့ရင်းနဲ့ ဖွင့်ပြောလိုက်ဗျာ ... "

"ဟကောင်ရဲ့ ... မင်းတို့ကလေးတွေမှာသာ စိတ်ကောက် ကြ ... ပြန်ချော့ကြ ... ပြန်တည့်ကြဆိုတာမျိုးကလွယ်တာ ကွ ... ငါတို့လူကြီးတွေအတွက်ကျတော့ ဒီလောက် မလွယ် ဘူး ... "

"ငါတို့ ကြားဝင်ပေးရမလား ... "

"နေပါစေကွာ ... ငါ့ဘာသာပဲ ကြိုးစားပါ့မယ် ... "

"အချိန်ကို သိပ်စောင့်နေလို့တော့ မဖြစ်ဘူးနော် ... သူ့ အသက်ကလည်း သိပ်ငယ်တော့တာမဟုတ်ဘူး ... တော် ကြာ အိမ်ကစီစဉ်ပေးတာတို့ ဘာတို့ ... "

ဟန်ဇော်က ပြောလိုက်လျှင် ယောမင်းလည်း အခု မှ သတိရသွားကာ ကျောထဲ တွန့်ခနဲဖြစ်သွားရသည်။

ဟုတ်ပေသား။ ကိုယ်က မလေးခင်ရဲ့ ရုပ်ရည်နဲ့ ပုံစံ ကိုကြည့်ပြီး သူမကို အလိုအလျောက်ချစ်လာမည့်ယောကျ်ားတော့

သိပ်မရှိနိုင်လို့ စိတ်ချထားတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ ကိုယ့်လို ယောက်ျားလေးကိုတောင် မိဘတွေက ဝင်စီစဉ်နေသေးတာ။ သူမကိုလည်း အိမ်က သဘောတူပေးစားတာတွေ ဘာတွေ မလုပ်ဘူးလို့ မပြောနိုင်။

အခွင့်အရေးရတုန်းက မကြိုးစားခဲ့မိလို့ ကိုယ်လည်း စတင်ကြိုးစားရော နောက်ကျသွားပါပြီဆိုတာမျိုး ဖြစ်လို့ကတော့ ရေမရှိတဲ့ချောင်းမှာ နှာခေါင်းဖော်ပြီး သေဖို့သာ ဖကောင်းတော့သည်။

အောင်မယ်လေးလေး ... ။ တွေးရင်းတွေးရင်း စိတ်တွေပူလာပြီ။ ဖြစ်နိုင်လျှင် မလေးခင်ရှိရာကို ညတွင်းချင်းပဲ ပြေးသွားလိုက်ချင်တော့ရဲ့။

❧ ---- ❧





"အချိန်ကိုသိပ်စောင့်နေလို့တော့ မဖြစ်တော့ဘူး သမီး"

မေမေတစ်ယောက် မပြောမဆိုနဲ့ ရန်ကုန်ရောက်ချလာပြီး ကိုယ်တိုင်ကိုယ်ကျ သယ်ဆောင်လာသော သတင်းတစ်ခုက သော်ကပန်းကို တော်တော်ပဲ တုန်လှုပ်စေသည်။

ဘမှန်တစ်ယောက် သော်ကပန်းပျောက်သွားသည့်အတွက် အကြီးအကျယ်ဒေါသဖြစ်ကာ သောင်းကျန်းနေသတဲ့။ နဂိုကတည်းက စိတ်အခြေခံ ပုံမမှန်လှသော ဘမှန်ဟာ အခုတစ်လောမှာတော့ ဘာတွေဖောက်ပြန်နေသလဲမသိဘဲ အတော်ဆိုးဆိုးဝါးဝါး ဖောက်ပြန်နေသည်လို့ သတင်းကြားရသည်။

သော်ကပန်း ရန်ကုန်မှာ ရောက်နေတာရယ်၊ ဗိုလ်

ချုပ်ဈေးမှာ ဆိုင်ဖွင့်ထားတာရယ်ကို ဘယ်ကသတင်းရသွားလည်း မသိ၊ သိတော့ သိသွားပြီတဲ့။ သိရုံဆို အကြောင်းမဟုတ်။ ရန်ကုန်ကို လိုက်ချလာဖို့ ပြင်ဆင်နေပြီဆိုသောသတင်းကတော့ အဆိုးဆုံး။

တခြားသူတစ်ယောက်ယောက်ဆိုလျှင်တော့ လူ့လူချင်းကြောက်နေစရာမလို။ နောက်ဆုံး အင်မတန်ဆိုးသွမ်းသောလူဆိုးလူမိုက်ပဲဖြစ်နေနေ သော်ကပန်းက မကြောက်ပါ။

ဘမှန်ကျတော့ ကြောက်ကိုကြောက်သည်။ သူက ဆိုးသွမ်းရုံတင်မက စိတ်ကလည်း သိပ်မှန်တာမဟုတ်။ အောင်မယ်လေး ... ။ ကိုယ့်ကို ကားတင်ပြေးမှဖြင့်။

ဘမှန်လိုလူတစ်ယောက်ကျတော့ ဖြစ်ပြီးမှမထူးတော့ပါဘူး နွတ်မိုတ်လိုက်လို့ရသည့် လူမျိုးလည်းမဟုတ်။ အရှုံးကြီး ဘယ်လိုပေါင်းမလဲ။

"သမီးကို မေမေတို့ကတော့ အမြန်ဆုံး အိမ်ထောင်ချပေးလိုက်ချင်ပြီ ... သမီးယောကျ်ားမယူမချင်း မေမေတို့တော့ ဘယ်လိုမှ စိတ်အေးချမ်းသာရှိမှာ မဟုတ်ဘူး ..."

သားသမီး ဒုက္ခရောက်မှာကို စိုးရိမ်ရှာသည့် မေမေ့ရဲ့





သောကကိုလည်း သော်ကပန်းက သဘောပေါက်ပါရဲ့။ သို့သော် မေမေပြောလိုက်တော့မှ စိတ်ထဲ ပိုပြီးဝန်ထုပ်ဝန်ပိုးဖြစ်ရသည်။

ကိုယ့်မှာ ...

"မေမေရေ ... ဒါ ကျွန်မရည်ရွယ်ထားတဲ့သူပါ ..."

လို့ လက်ဆွဲပြစရာလည်း မရှိ။ မေမေစီစဉ်တာကိုလည်း လက်မခံချင်တော့။

ဘမှန်ကိစ္စပေါ်တုန်းကတော့ ဘယ်သူနဲ့ပဲ ဖြစ်ဖြစ် မေမေက စီစဉ်ပေးလိုက်လျှင် လက်ခံနားထောင်ဖို့ စိတ်ကူးခဲ့သေးသည်။

သို့သော် ဒီတစ်ခါကျတော့ မေမေစီစဉ်မည့်သူဟာ 'ယောမင်း'ပဲဆိုလျှင် သော်ကပန်းက မလိုချင်တော့ပေ။

တခြားယောကျ်ားတစ်ယောက်က ကိုယ့်ကိုတကယ်မချစ်ဘဲ လူကြီးတွေဆန္ဒအရ လက်ထပ်တာဆိုလျှင် သော်ကပန်းက လက်ခံနိုင်သေးသည်။ ယောမင်းကျတော့မရ။ သူက တကယ်မချစ်ဘဲ လက်ထပ်မှာကိုတော့ ဘယ်လိုမှမကြည်ဖြူနိုင်။

သော်ကပန်းကြော ယောမင်းနဲ့ ပတ်သက်လာလျှင် တခြားလူတွေနဲ့မတူသော သဘောထား၊ လောဘတွေ ထားမိနေ

တာမျိုးရှိလာပြီ။ ဒါဟာ သဘာဝမကျသော ပြောင်းလဲမှု၊ တစ်နည်းအားဖြင့်ဆိုလျှင် ...

"မေမေပြန်သွားရင်တော့ ဒေါ်တင်မိုးရည်နဲ့ တိုင်ပင်ပြီး လုပ်သင့်တာစလုပ်မှဖြစ်တော့မယ် ... "

"မေမေ ခဏနေပါဦး ... "

"ဘာလဲ သမီး ... ဒီကိစ္စ သမီးလည်း သဘောတူလက်ခံပြီးသားမဟုတ်လား ... တကယ်လို့ သမီးဘက်မှာ အပြောင်းအလဲရှိတယ်ဆိုရင်လည်း မေမေ့ကိုဖွင့်သာပြော ... ဒေါ်တင်မိုးရည်သားနဲ့ကိစ္စက အတိအကျကြီးမှမဟုတ်သေးတာ ... သူတို့ဘက်ကလည်း အကြောင်းရှိရင် နောက်ဆုတ်သွားမှာ မေမေတို့ဘက်ကလည်း အချိန်မရွေး နောက်ဆုတ်လိုက်လို့ရတယ် ... "

"ဟိုဒင်း ဒါမျိုးတော့ ... "

"ရှက်နေလို့လား မေမေ ... ကြာကြာတို့ကို ခေါ်မေးလိုက်မှာနော် ... "

"အာ မဟုတ်ပါဘူး ... သမီးမှာရည်ရွယ်ထားတဲ့သူ တကယ်မရှိတာပါ ... "





"ဒါဆိုရင်တော့ မေမေစီစဉ်တာကို လက်ခံလေ ... ဒီကိစ္စအထူးအဆန်းလည်း မဟုတ်ဘူး ... အရင်ကတည်းက သမီးလက်ခံထားပြီးသားပဲ ... "

မတူဘူး မေမေ။ အရင်တုန်းက လက်ခံခဲ့တယ်ဆိုတာ ယောမင်း ဘယ်သူလဲမသိခင်က၊ ယောမင်းနဲ့ ပတ်သက်ပြီး ဘာခံစားချက်မှ မရှိခင်က။ အခုကျတော့ သမီးက ယောမင်းကို။

သော်ကမန်းက ရင်ထဲက တိတ်တဆိတ်ပြောနေမိသည်။ မေမေကတော့ ဘယ်ကြားနိုင်ပါ့မလဲ။

"အန်တီလေး ဘယ်လိုလုပ်မှာလဲ ... "

မေမေထွက်သွားလျှင် ... ကြာကြာတို့တွေ အပြေးရောက်လာကာ ခိုးနားထောင်ရသည့်သတင်းအတွက် ဝိုင်းစုံစမ်းကြပါလေရော။

"ဘာမှမလုပ်တတ်တော့ဘူး ... "

"ကြာကြာ မှားတာပါ ... အစကတည်းက အန်တီလေးကို ပေါက်ကရမြှောက်မပေးသင့်ဘူး ... ဦးယောမင်းကို လှူကြီးတွေ ပေးစားမဲ့သူတစ်ယောက်အနေနဲ့ အခုမှစတွေ့ရတာဆိုရင် ပြောဆိုဆက်ဆံရတာ ဘာမှခက်ခဲနေစရာမရှိဘူး ... "

"အန်တီလေးကိုက မှားတာပါကွယ် ... သူ့ကို တည်တည်တံ့တံ့မှ မချဉ်းကပ်ခဲ့မိတာ ... "

"အမှားတွေကို မစဉ်းစားနဲ့တော့ ... ဘွားဘွားကဖြင့် မကြာခင် သူ့အစီအစဉ်ကို အကောင်အထည်ဖော်တော့မှာ ... လူကြီးတွေက ခေါ်ဆုံပေးတော့မှာပဲ သိရတယ်ဆိုရင် ပိုပြီးရပ်ပျက်ဆင်းပျက်ဖြစ်မယ် ... အကြောင်းရင်းကို ကြိုကြိုတင်တင်အသိပေးထားတာ ပိုမကောင်းဘူးလား ... "

"မာမာပြောတာလည်း ဟုတ်တော့ဟုတ်တယ် ... ကြိုတင်ပြင်ဆင်မှုလုပ်ထားမှဖြစ်မယ် ... ဟိုလူကြီးက ခပ်ကြောင်ကြောင်ရယ် ... လူကြီးတွေရှေ့ကျမှ ပေါက်ကရ ထပြောရင် အရှက်ကွဲမှာ ... "

"မလေးခင်ကိစ္စကရော ... "

"စာရင်းဖျောက်လိုက်ရုံပေါ့ ... "

"ဒါဆို အန်တီလေးကို ငါတို့ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ဇာတ်ကွက်ဆင်ထားသမျှ ဘာအကျိုးမှမရှိဘဲ ပြီးသွားရတော့မှာလား ... "





"တတ်နိုင်ဘူးလေ ... လောလောဆယ် မလေးခင်ကိုပါ ထည့်ရှင်းနေရရင် တအားရှုပ်ထွေးကုန်လိမ့်မယ် ... "

ကြာကြာတို့တစ်တွေက အသည်းအသန် ဆွေးနွေးခေါင်းခြောက်နေကြချိန်မှာ သော်ကပန်းကတော့ စိတ်ပဲရှုပ်နေမိတော့သည်။

ဘာကြောင့်မှန်းတော့မသိ။ သော်ကပန်းကိုယ်တိုင်က မလေးခင်ဘဝကို တွယ်တာနေမိတာ။ ဣန္ဒြေကြီးနဲ့ တည်တည်တံ့တံ့နေရသော သော်ကပန်းထက်စာလျှင် မလေးခင်က ယောမင်းနဲ့ပိုပြီး နီးနီးကပ်ကပ်နေနိုင်ခဲ့တာမို့လို့လားတော့ မသိ။

အို ... ဘာပဲဖြစ်ဖြစ် ယောမင်းဟာ သူမကို သော်ကပန်းအနေနဲ့ရော၊ မလေးခင်အနေနဲ့ရော ချစ်နိုင်ခဲ့တာမှ မဟုတ်တာ။ ဒီတော့ ယောမင်းနဲ့ လက်ထပ်ဖို့ဆိုတာကိုလည်း လုံးဝထည့်စဉ်းစားစရာမလိုတော့။

❧ ---- ❧

"တော်သေးတာပေါ့ဗျာ ... မလေးခင် ကျွန်တော်ချိန်းတာကို လာတွေ့သေးတယ်နော် ... "

အောင်မယ်။ ခုတော့ ရုပ်က တစ်မျိုး။ သူ့ကိုလာတွေ့တာကိုပဲ တော်တော်ဝမ်းသာအားရဖြစ်နေပုံနဲ့။

ဒီလူဟာ အမျိုးမျိုးပြောင်းလဲပြောင်းနိုင်ပါပေ့။

"ကျွန်မ သိပ်တော့အချိန်မရဘူးနော် ... "

"ကျွန်တော်ပြောချင်တာတွေက အများကြီးတော့ ရှိတယ်ဒါပေမဲ့ အနှစ်ချုပ်လိုက်ရင် တစ်ခွန်းတည်းပါ ... တကယ်လို့ မလေးခင် လုံးဝအချိန်မရတော့ဘူးဆိုရင် အရေးကြီးတဲ့ တစ်ခွန်းကိုပဲ ပြောလိုက်ပါ့မယ် ... "





ပဟေဠိဖွက်လိုက်ရသေးတယ်။ ကိုယ်က ဟန်ကိုယ့်ဖို့ဆိုပြီး ပြောထားမိပြီးမှတော့ ရပါတယ်။ ပြောစရာရှိတာသာ အကုန်ပြောပါ။ ကျွန်မနားထောင်ပါ့မယ်လို့ စကားပြင်ပြောဖို့လည်း မလွယ်တော့။

ယောမင်းက အသက်ကို ဝဝတစ်ချက်ရှူသွင်းလိုက်ကာ ...

"မလေးခင် ယုံပါနော် ... ကျွန်တော် မလေးခင်ကို ချစ်တယ် ... "

"ရှင် ... "

နားကြားများ လွဲလေသလား။ ကိုယ်ပဲ စိတ်ကူးယဉ်လွန်ပြီး ထင်ယောင်ထင်မှားတွေ ကြားယောင်တာလား။ ဒါမှမဟုတ် အိပ်မက်မက်နေတာများလား။

ကိုယ့်နားကိုယ်မယုံနိုင်လောက်အောင် တအံ့တသြဖြစ်နေမိတာနဲ့ပဲ ရှက်ဖို့တို့၊ ရင်ခုန်ဖို့တို့ကိုတောင် မေ့လျော့သွားရသည့်အဖြစ်။

"ကျွန်တော် ကိုယ့်စိတ်ကိုယ်မရေမရာနဲ့ပဲ မလေးခင်ကို ချစ်နေခဲ့တာ ကြာပါပြီ ... ဘယ်အချိန်ကျမှ ကိုယ့်ဘာသာ

သေချာသွားသလဲဆိုတော့ မလေးခင်က ကျွန်တော့်ကို အထင်လွဲပြီး စိတ်နာသွားတဲ့အချိန်ကျမှပါ ... ”

သူ ... သူဟာ ဒီစကားတွေကို တကယ်ပြောနေတာပဲ။

ထင်မှတ်မျှော်လင့်ထားသည့် အချိန်တုန်းကတော့ မပြောခဲ့ဘဲနဲ့ လုံးဝမထင်မှတ်တဲ့အချိန်ကျမှ ကောက်ကာငင်ကာ ပြောချလိုက်တော့ သူမက ဘယ်လိုတုံ့ပြန်ရတော့မှာလဲ။

“ကျွန်တော့်ကို ဟိုတစ်ခေါက်တုန်းက အထင်လွဲသွားတာ အတွက်လည်း ရှင်းပြချင်သေးတယ် ... အဲဒီတုန်းက ကျွန်တော် တောင်းပန်တယ်ဆိုတာကလေ တကယ်ပဲ အဖေက ဘုမသိဘမသိနဲ့ အပိုင်အနိုင်ကြီး စွတ်ပြောနေရင် မလေးခင် အနေရခက်မှာစိုးလို့ စေတနာနဲ့ ဝင်တောင်းပန်ပေးတာပါ တခြား ဘာသဘောမှမရှိပါဘူး ... အဲဒီလို အဓိပ္ပာယ် ကောက်လို့ရမှန်းတောင် မလေးခင်စိတ်ဆိုးပြီးထွက်သွားမှ ကျွန်တော်စဉ်းစားမိတာပါ ... ”

“ထားပါတော့ ကျွန်မ ဘယ်လိုမှ သဘောမထားတော့ပါ ဘူး ... ”





“ဒါဆို ... စောစောက ကျွန်တော်ပြောတဲ့စကားအတွက် အဖြေကရော ... ”

တကယ့်ပြဿနာပဲ။

ကိုယ့်ရဲ့အတိုင်ပင်ခံ တူမသုံးဖော်ကို တမ်းတလိုက်မိသည်။ သူတို့သား အနားမှာရှိနေလျှင်တော့ ဘာလုပ်သင့်သည်ဆိုတာ ဝိုင်းဆုံးဖြတ်ပေးနိုင်မှာ။

မလေးခင်အနေနဲ့ ယောမင်းရဲ့အချစ်ကို လက်ခံလိုက်ရမှာလား၊ မကြာခင် အစဖျောက်ပစ်ရတော့မည့်လူသားတစ်ယောက်အဖြစ်နဲ့ လုံးဝငြင်းပယ်လိုက်ရမှာလား။ ဒါမှမဟုတ် အဖြစ်မှန်တွေကို အခွင့်ရေးရသနိုက် ဖွင့်ဟပြောလိုက်ရမှာလား။

လောလောဆယ်တော့ ခေါင်းတွေပူထူနေတာနဲ့ပဲ ဘာအကြံဉာဏ်မှ မထွက်။

“ကျွန်တော့်ကို စိတ်မဆိုးတော့ဘူးဆိုရင် အဖြူအမည်းအဖြေ တစ်ခုခုတော့ပေးပါလား ... ”

“လတ်တလောတော့ ကျွန်မဘာမှစဉ်းစားလို့မရသေးဘူး”

“ကျွန်တော်ကလည်း စဉ်းစားလို့ရတဲ့အဖြေကို မလိုချင်ပါဘူး ... မလေးခင် ရင်ထဲမှာ လတ်တလောရှိနေတဲ့

ကျွန်တော်နဲ့ ပတ်သက်တဲ့ခံစားချက်ကိုပဲ သိချင်တာပါ ...”

“လောလောဆယ်အားဖြင့် ဘာမှမရှိသေးဘူးဆိုရင်ကော”

“ဒါဆိုလည်း ကျွန်တော့်ကံပေါ့ဗျာ ... မလေးခင်သဘော ထားပြောင်းလာမဲ့အချိန်ကို စောင့်ရတော့မှာပေါ့”

သော်ကပန်းက ... ခပ်ညစ်ညစ်စိတ်ကလေးပေါက် လာကာ ...

“စောင့်နေလို့လည်း မကျိုးမထူးတော့ဘူး ထင်တယ် ... ကျွန်မအိမ်က ကျွန်မကို သူတို့သဘောတူတဲ့သူနဲ့ စီစဉ်နေကြပြီ ...”

“ဟာ ... ဒါဆိုမဖြစ်သေးဘူးလေ ... မလေးခင်က အဲဒီလူကို သဘောကျလို့လား ...”

“ဘယ်သိနိုင်ဦးမလဲ ...”

“မသိသေးဘူးဆိုတော့ အဲဒီလူက မလေးခင်နဲ့ အစကတည်းက ရင်းနှီးသိကျွမ်းခဲ့တာမျိုးမရှိဘူးပေါ့ ...”

“ဟင့်အင်း ...”

“အောင်မယ်လေးဗျာ ... ကိုယ်နဲ့မသိဘဲနဲ့ ဘယ်လိုလုပ် အိမ်ထောင်ပြုမလဲ မဟုတ်ပါဘူး ... ကျွန်တော့်ကိုပဲ ရွေးချယ်





ရမယ်လို့ မဆိုလိုဘူး၊ ဒါပေမဲ့ ကိုယ်မသိတဲ့လူတစ်ယောက်ကို လူကြီးတွေ သဘောတစ်ခုတည်းနဲ့တော့ ... ဇွတ်ရွတ် လက်မခံလိုက်စေချင်ဘူး ... သေသေချာချာ ပြန်စဉ်းစားပါဦး မလေးခင်ရယ် ...”

“ကျွန်မအတွက်က စဉ်းစားစရာမလိုတော့ပါဘူး ... လူကြီးတွေ သဘောကျတယ်ဆိုရင် ကျွန်မအတွက် ပြီးတာပါပဲ”

“အိမ်ထောင်ပြုတာ တစ်သက်လုံးစာကိစ္စလေ ... ဒီလောက် လွယ်သလားဗျာ ...”

တော်တော်ရယ်ချင်စရာကောင်းတဲ့အဖြစ်ပဲ။ သူက လက်မခံလိုက်လို့ ဇွတ်အတင်းတားမြစ်နေသူဟာ သူကိုယ်တိုင်ပဲဆိုတာ ယောမင်းက မသိရှာ။

“ဒါက ကျွန်မအပိုင်းပါ ...”

“ကျွန်တော့်အတွက် မျှော်လင့်ချက်မရှိတော့ဘူးလားဟင်”

“ကျွန်မဘက်ကတော့ ဆုံးဖြတ်ပြီးသားဖြစ်နေပြီ ...”

အစက ဘာလုပ်ရမှန်းမသိပေမဲ့ ပြောရင်းပြောရင်း စိတ်ပါလာကာ သော်ကပန်းက သူကိုငြင်းပယ်သည့် စကားမျိုးပဲ တွင်တွင်ပြောဖြစ်နေတော့သည်။

ဟွန်း ... အခုမှလာပြီး ပြူးပြူးပျာပျာဖြစ်နေတဲ့လူ မှတ်လောက်သားလောက်အောင် လုပ်ထားဦးမှ။ ခဏလောက် တော့ဖြင့် စိတ်ပူနေပါစေလေဦး။

--- 





မြတ်စွာဘုရား ... ။

ပစ္စည်းတွေသိမ်း၊ ဒီနေ့အတွက် ရောင်းရငွေစာရင်း နဲ့ရောင်းထွက်သည့်ပစ္စည်းအရေအတွက်ကို တိုက်ဆိုင်စစ်ဆေးပြီး လို့ ဇက်ညောင်းလာတာနဲ့ ခေါင်းလေးကို ဟိုစောင်းဒီစောင်းလုပ် ကာ အညောင်းဖြေလိုက်ကာမှ တစ်စုံတစ်ယောက်နဲ့ မျက်လုံးချင်း တန်းခနဲ ဆုံသွားတော့တာမို့ သော်ကပန်းက အလန့်တကြား အော် ဟစ်မိမတတ်ဖြစ်သွားသည်။

ဘမှန် ...

သူ ရန်ကုန်ရောက်နေပြီ။ ပြီးတော့ သော်ကပန်းရဲ့ ဆိုင်ကိုလည်း ရှာဖွေတွေ့ရှိသွားပြီ။

ဘယ်လောက် မြန်ဆန်သွက်လက်လိုက်တဲ့ လူပါလဲ လို့။ မေမေ့ဆီကနေ သူရန်ကုန်လိုက်လာမည်လို့ သတင်းကြားထားတာတောင် မကြာသေး။ လူက ကိုယ့်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီ။

ဒီလူဟာ စိတ်မမှန်ဘူးဆိုလျှင်တောင် ကိုယ့်အတွက်တော့ ကိုယ်ကောင်းကောင်းသိတတ်သော စိတ်မမှန်နည်းမျိုး။ တစ်နည်းပြောရလျှင် အရူးပါးပဲဖြစ်ရမည်။

ခက်နေတာက အကူကောင်မလေးနှစ်ယောက်ကို အရင်ပြန်လွှတ်လိုက်မိတာ။ ပြန်မယ်ဆိုလျှင် ကိုယ်တစ်ယောက်တည်း ပြန်ရတော့မှာ။

ဒီနေ့ကျမှ ကားကလည်း မကြို့နိုင်။ ဈေးထိပ်ထွက်ပြီး ကားငှားပြန်ရမယ်။ ဆိုင်ထဲက ထွ ာ်လိုက်တာနဲ့ နောက်က တကောက်ကောက်လိုက်လာတော့မှာသေချာနေသော ဘမှန်ဟာ သော်ကပန်း ကားငှားနေစဉ်တစ်လျှောက်လုံး ဘယ်လို အနှောင့်အယှက်မျိုး ပေးနေမလဲဆိုတာ သိပဲမသိနိုင်တော့ချေ။

ဒုက္ခပဲ။ ဘယ်လိုကြံရပါ့။ ကြာကြာတို့ဆီ ဖုန်းဆက်ပြီးတော့ပဲ အကြံဉာဏ်တောင်းရမလား။





ဈေးပိတ်ချိန်နီးနေပြီမို့ ... သူတို့ဆီဖုန်းဆက်လျှင်တောင် အချိန်က နောက်ထပ်ကြာကြာစောင့်လို့မဖြစ်နိုင်ချေ။ ဘေးဆိုင်တွေတောင် ပိတ်သွားကြပြီ။

ဟော ... ဟော ... ဘမှန်က စိဟ်မရှည်တော့သလို လှုပ်ရှားလာပြီ။ ဆိုင်ထဲဝင်လာလျှင် ဒုက္ခ။

ကိုယ်ရောက်နေသည့်နေရာဟာ လူစည်ကားလှသော မိုလ်ချုပ်ဈေးထဲမှာဖြစ်ပေမဲ့ ဘမှန်ကိုလူမျိုးက စိတ်ချလို့ရတာမဟုတ်ဘူးလေ။ အတင်းခမ္ဘ ကားပေါ် ဆွဲတင်သွားတာတို့၊ မေ့ဆေးအုပ်ပြီး ခေါ်သွားတာတို့၊ ဓားနဲ့ထောက်ပြီး ခြိမ်းခြောက်ခေါ်တာတို့ တစ်ခုခုလုပ်လျှင် ...

တစ်ကိုယ်လုံး ကြက်သီးတွေ အစုန်အဆန် ထလာသည်။ ချွေးစေးချွေးပေါက်တွေ တစ်ခုပြီးတစ်ခု ကျစီးလာကာ နှုတ်ခမ်းတွေတောင် ဖြူဖပ်ပြီး လူက မေ့လဲတော့မတတ် ဖြစ်လာရသည်။

ဘာလုပ်ရမလဲ။ ဘာဆက်လုပ်ရရင် ကောင်းမလဲ။

"ဟယ် ..."

သော်ကပန်းရဲ့မျက်လုံးတွေဟာ ကမ္ဘာကျော် ကူလီ

နန်စိန်ကြီးကို မျက်စိရှေ့မှာ တွေ့လိုက်ရသလို တဖျတ်ဖျတ်လင်းလက်သွားရသည်။

သူ … ။ ယောမင်း ဟိုဘက်လမ်းမှာရပ်ကာ တောင်ကြည့်မြောက်ကြည့်နဲ့ တစ်ခုခုကို ရှာဖွေနေသည့် ပုံစံမျိုးနဲ့။

ဒီနေရာမှာ ယောမင်းကို တွေ့လိုက်ရတာဟာ သိကြားမင်းနဲ့ တွေ့လိုက်ရသလိုပါပဲ။

"ကိုယောမင်း … ကိုယောမင်း … "

သော်ကပန်းက ဘာမှစဉ်းစားမနေတော့ဘဲ ဆိုင်ပေါက်ဝထွက်ရပ်ကာ သံကုန်ဟစ်အော်ခေါ်မိတော့သည်။

ယောမင်းကလည်း … ခပ်ကြောင်ကြောင်၊ တောင်ကြည့်မြောက်ကြည့်နဲ့ ဘယ်နားက ခေါ်သံထွက်လာသလဲလို့ လိုက်ရှာကြည့်နေသေးသည်။ သော်ကပန်းကိုမြင်သွားပြန်တော့လည်း၊ တအံ့တသြနဲ့ ချက်ချင်းရောက်မလာပြန်။

သော်ကပန်းဆီက လှုပ်လှုပ်ရှားရှားဖြစ်လာ၍ ဘမှန်ကတောင် ဒီဘက်ကို အသည်းအသန် ပြူးကြည့်နေပြီ။

"လာ … လာ … ကျွန်မခေါ်နေတာ … မြန်မြန်လာ … "





ဒီတော့မှ ယောမင်းက လမ်းဖြတ်ကူးကာ ဒီဘက်ဆိုင်ရှေ့ ရောက်လာသည်။

"မသော်ကပန်း ဘာကိစ္စရှိလို့များလဲ … "

"ကျွန်မ အရေးကြီးလို့ ရှင် ကျွန်မကို အိမ်ပြန်လိုက်ပို့ပေးပါနော် … "

ချော့ချော့မော့မော့ တောင်းဆိုနေပေမဲ့ လေသံက ခပ်ပြတ်ပြတ်နှင့် အမိန့်ပေးသံလည်း ပါနေသည်။ ငြင်းမယ်ဆိုလျှင် တောင်မှ ငြင်းခွင့်မရှိနိုင်မည့် အသံနေအသံထားမျိုး။

သော်ကပန်းကြည့်ရတာ … ပြူးပြူးပျာပျာနဲ့ … အန္တရာယ်တစ်ခုခုတွေ့ကြုံနေပုံတော့ရတယ်။

"ရတယ်လေ … ပို့ပေးမယ် … ဘာလဲ ကားပျက်လို့လား"

"အိမ်က ကားက မအားလို့ ဒီနေ့လာမကြိုနိုင်ဘူးလေ … "

ကားမအားလို့ လာမကြိုနိုင်ရုံသက်သက်နဲ့တော့ ဒီလောက် အရေးတကြီးဖြစ်ကာ ယောမင်းလိုလူမျိုးကို အိမ်လိုက်ပို့ခိုင်းမှာတော့ မဟုတ်။ သူမမှာ တခြားအကြောင်းရှိကို ရှိရမည်။

"ဒါဆို … ကျွန်မ ဆိုင်တံခါးသွားပိတ်လိုက်ဦးမယ် … အဲရှင်လည်း လိုက်ခဲ့လေ … "

သူ့ကို ဒီဘက်ခြမ်းမှာထားခဲ့လျှင် ကိုယ်ဆိုင်ထဲပြန်ဝင်တုန်း ဘမွန်နောက်ကလိုက်လာပြီး တစ်ခုခုလုပ်မှာ ကြောက်ရသည်။ ယောမင်းဆိုသည့်လူကလည်း အူလည်လည်ဆိုတော့ ဘမွန်အတင်းဝင်ဆွဲလျှင်တောင် ကူညီရကောင်းမှန်းမသိဘဲ ဒီအတိုင်းကြည့်နေလေမှာ။ ဒီတော့ ရအောင် သူ့ကိုပါခေါ်သွားမှ။

ယောမင်းကတော့ ကိုယ့်ကိုအနားက အခွာမခံနိုင်အောင်တော့ သော်ကပန်းရဲ့အပြုအမူကို မသင်္ကာတာနဲ့ပဲ အနီးတစ်ဝိုက်မှာ ဘာများထူးခြားမှုရှိမလဲလို့ လှည့်တကြည့်ကြည့်နဲ့ ပါလာရသည်။

ဟော ... တွေ့ပြီ။ သံသယမကင်းချင်စရာလူတစ်ယောက်။

ဂျင်းဘောင်းဘီနဲ့ သရဲရုပ်စတစ်ကာပါသော တီရှပ်အကျီနက်၊ မျက်မှန်နက်၊ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး ဒီနိုင်းကတော့ တကယ့်လူမိုက်ဂိုက်ဆိုက်နဲ့။

အဲဒီလူဟာ လက်နှစ်ဖက်ကို လက်သီးကျစ်ကျစ်ဆုပ်လျက် သူတို့ဘက်ကိုပဲ စူးစူးစိုက်စိုက်ကြည့်နေတာ။ မျက်လုံးကို အသေအချာမမြင်ရပေမဲ့လည်း သူ့မျက်နှာပေါ်မှာ မုန်းတီးခါးသီးမှုတွေ ပြည့်သိပ်နေသည်ဆိုတာ ခံစားကြည့်လို့ ရသည်။

သေချာပါတယ်။ ဒီလူပဲဖြစ်မှာ။ သူစောင့်ကြည့်နေလို့ သော်ကပန်းဟာ တစ်ယောက်တည်း မပြန်ရဲတာဖြစ်ရမည်။

သော်ကပန်းရဲ့ပုံစံဟာ အထူးတလည် တုန်လှုပ်နေတာကို ကြည့်ခြင်းအားဖြင့် ဒီလူဟာ တွေ့နေကျ ကြုံနေကျတော့ မဖြစ်နိုင်။ ဒီနေ့မှ ရောက်လာတာဖြစ်ရမည်။ ဒီနေ့မှ ရောက်လာပေမဲ့လည်း သော်ကပန်းဟာ သူ့အကြောင်းကောင်းကောင်းသိနေတာမျိုးလည်း ဖြစ်ရဦးမည်။

သော်ကပန်းရဲ့ရည်းစားဟောင်းများလား။

မဟုတ်လောက်ပါဘူး။ သော်ကပန်းလို ဂုဏ်သိက္ခာအပြည့်၊ မာနအပြည့်နဲ့နေတတ်သည့် မိန်းမတစ်ယောက်ဟာ ကလေအချေ၊ ညစ်တီးညစ်ပတ်ပုံနဲ့ လူတစ်ယောက်ကိုတော့ ချစ်သူတော်မှာတော့မဟုတ်။

သူမကို ... တစ်ဖက်သတ်စွဲလမ်းပြီး တကောက်ကောက်လိုက်ပြီး နှောက်ယှက်နေသူမျိုးပဲ ဖြစ်ရမည်။




စေတနာစာပေ

"ရပြီ ... ရပြီ ... သွားကြစို့ ... "

အရေးထဲ ဟိုကောင်ဟန်ဇော်က ဘယ်ရောက်နေပါလိမ့်။ ဒီနားက လက်မှုပစ္စည်းအရောင်းဆိုင် ခဏဝင်မယ်ဆိုပြီး ပျောက်သွားလိုက်တာ ဘယ်လိုမှရှာမတွေ့။

မတတ်နိုင်တော့ဘူးကွာ။ ထားခဲ့လိုက်တော့မယ်။ ဟိုလူကြည့်ရတာ အခြေအနေက သိပ်ဟန်ပုံမရတာ။ တော်ကြာ ဟန်ဇော့်ကို စောင့်နေတုန်း သူရောက်လာပြီး ကိုယ့်ကို ရန်စပြီး ထိုးကြိတ်နေလျှင် ကိုယ်က ပြန်ထိုးနိုင်တယ်ပဲထားပါဦး နေရင်းထိုင်ရင်း အသားကတော့ နာရဦးမည်။ လူကြားထဲမှာ ရှက်စရာလည်းကောင်းသည်။

တော်ပြီကွာ။ ထားခဲ့လိုက်တော့မယ်။ ဒင်းဘာသာဘာပဲဖြစ်ဖြစ်။

ယောမင်းက ဆုံးဖြတ်ချက်ချလိုက်ကာ သော်ကပန်းကိုပဲခေါ်တင်ပြီး မောင်းထွက်လာလိုက်တော့သည်။

ဒီနေရာမှာတော့ အဖေ့ကို ကျေးဇူးတင်လိုက်မိပါသည်။ အဖေက မန္တလေးသို့ ပြန်ခါနီးတွင် သူ့အတွက် သွားရေးလာ





ရေး လွယ်ကူအဆင်ပြေစေရန် ဆလွန်းကားလေးတစ်စီး ဝယ်ပေးခဲ့သည့်အတွက် ယခုလိုကိစ္စမျိုးနှင့် ကြုံတွေ့သည့်အခါမှာတော့ ... အတော်လေးကို အသုံးဝင်သွားပါသည်။

အောင်မယ် ... ။ သူ့ကားထွက်လာတော့ ဟိုလူကလည်း အနီးအနားက ကားတစ်စင်းပေါ် ပြေးတက်ပြီး မောင်းလိုက်လာသား။

သို့သော် လမ်းသိပ်ကျွမ်းကျင်ပုံမရသည့် လူဆိုးပုံစံနဲ့လူဟာ ယောမင်းက နှစ်ချက်လောက် ကွေ့ပိုက်ရှောင်ပြေးလိုက်သည်ဆိုလျှင်ပဲ မျက်ခြည်ပြတ်ပြီး ကျန်ခဲ့တော့သည်။

အခြေအနေ အေးဆေးတော့မှ သော်ကပန်းကို လှည့်ကြည့်မိလျှင် နဖူးဆံစပ်မှ ချွေးဥလေးများ စီရရီတွဲခိုနေကာ နှုတ်ခမ်းလေးတွေက ဖြူဖပ်နေတာကို တွေ့ရလေသည်။

သူမ သိပ်ကြောက်နေရှာတယ် ထင်ပါရဲ့။ ဒါကို ယောမင်းသိသွားမှာလည်း စိုးရိမ်နေပုံမို့ ယောမင်းက အလိုက်တသိပဲ မသိဟန်ဆောင်နေလိုက်ပါသည်။

သော်ကပန်းညွှန်သည့်အတိုင်း သူမအိမ်ကို လိုက်ပို့ပေးဖြစ်တော့ လမ်းထိပ်မှာကတည်းက ...

"ရတယ် ... ရတယ် ဒီလောက်ဆိုရင် တော်ပြီ အိမ်အထိ အရောက်ပို့မနေနဲ့တော့ ..."

"ဟာ မဟုတ်တာ ... ပို့မဲ့ပို့ အိမ်ရောက်အောင်ပဲ ပို့လိုက်တော့မှာပေါ့ ... မဝေးတော့ဘူး မဟုတ်လား ..."

သူ့ကို အိမ်မသိစေချင်လို့ လမ်းထိပ်အထိပဲ ပို့နိုင်းချင်ပေမဲ့ သူကလည်း ပစ္စလက္ခတ်ကြီးတော့ လမ်းထိပ်မှာချပေးခဲ့ပြီး ပြန်သွားမှာမဟုတ်ချေ။ ကိုယ်က အတင်းခိုင်းနေလျှင်တောင် မသက်သာချင်စရာ ပိုကောင်းနေဦးမည်။

ယောမင်း၏ကားအိမ်ရှေ့ဆင်ဝင်အောက်ထိုးရပ်ပေးလိုက်လျှင် သော်ကပန်းက ကားပေါ်က အလျင်အမြန်ဆင်းသည်။

"ကျေးဇူးပဲနော် အခုလိုလိုက်ပို့ပေးတာ ..."

"ရပါတယ် ခင်ဗျ ..."

သူ့မပုံစံကြည့်ရတာ ယောမင်းကို အိမ်ထဲဖိတ်ခေါ်ချင်ပုံမရ။ ဒီထက်ပိုပြီး တိတိကျကျပြောရလျှင် အမြန်ဆုံးဘောင်ပြန်စေချင်ပုံရသည်။

ယောမင်းကလည်း ... ဒီအိမ်မှာ ကြာကြာဆက်နေစရာ အကြောင်းမရှိပါဘူး။ ခေါ်မထားချင်တော့လည်း ပြန်ရုံပေါ့။





သော်ကပန်းကို နှုတ်ဆက်ပြီး ပြန်ထွက်လာလျှင် ခြံထဲက တင်းနစ်ကွင်းထဲမှာ တင်းနစ်ရိုက်နေကြသော ကောင်မလေးသုံးယောက်ကို လှမ်းတွေ့လိုက်ရသည်။

နှစ်ယောက်ကတော့ ယင်းမာနဲ့ စကားဟု သူသိထားသော သော်ကပန်း၏ တူမလေးတွေ။

နောက်တစ်ယောက်ကတော့ ဘယ်သူမှန်းမသိ။ သို့သော် ထိုကောင်မလေးတွေကိုလည်း ယောမင်းက တရင်းတနှီးသိလို့နေလေသည်။

❧ ---- ❧

"သား ... မင်းကောင်မလေးနဲ့ အခြေအနေက ဘယ်လို လဲ ..."

အဆောင်ပြန်ရောက်တာနဲ့ ... အမေ့ဆီက ဖုန်းက စောင့်ကြိုနေနှင့်ပြီ။ ရင်မောစရာကိစ္စကိုလည်း ရင်ဆိုင်ရပြန်ပြီ။

ရန်ကုန်ကို တစ်ခေါက်လာသွားတုန်းက မလေးခင် ကိုတွေ့ကာ သဘောတွေကျပြီး ပြန်သွားခဲ့သောအဖေက ယောမင်း အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ပူညံပူညံတွေ သိပ်မလုပ်တော့တာ တောင် ကြာပြီ။

ဒီတစ်ခါတော့ ဘယ်လိုစိတ်ကူးသစ်တွေပေါ်ပေါက် သွားပြန်သလဲမသိ။ ဒီကိစ္စပဲ အစပြန်ဖော်နေပြန်ပြီ။





"အခြေအနေကတော့ ဒီလိုပါပဲ အဖေရာ ..."

"ငါ ပြန်လာတာတောင် တစ်လနီးပါးရှိတော့မယ် ... မင်းက မတိုးတက်သေးဘူးလား ... ဒီတစ်ခါတော့ ငါက စိတ်ရှည် တယ်နော် ... စိတ်မရှည်တာက မင်းအမေ ... မင်းအမေက မင်းနဲ့ပြောမလို့တဲ့ ..."

ချက်ချင်းပဲ အဖေ့အသံပျောက်ကွယ်သွားကာ ဖုန်း ထဲမှ အမေ့အသံထွက်ပေါ်လာသည်။

"သားရေ ... မင်းနဲ့သဘောတူထားတဲ့ကောင်မလေးလေ အဲဒါ သူ့အမေနဲ့တွေ့တော့ သူတို့ဘက်က စကားတောက် လာတယ် ... အမေတို့ သဘောထားပေါ့ ... ပုံစံကြည့်ရတာ အရေးတကြီးလည်း ဖြစ်နေပုံရဲ ..."

"အမေကလည်း သူတို့က မိန်းကလေးရှင်ဥစ္စာ ... ဘာဖြစ်လို့ သူတို့ဘက်က စကားစရမှာလဲ ... အရေးတကြီးဖြစ်နေတယ် ဆိုတာကရော သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား ..."

"ဟဲ့ ... သူများသားသမီးကို မဦးမချွတ် လျှောက်မပြောနဲ့ လေ ... သူတို့မှာ ပြဿနာရှိနေတာ အမေ အစကတည်းက

သိပြီးသားပါ ... ကောင်မလေးကို ပိုးနေတဲ့ ဘမုန်ဆိုတဲ့လူ တစ်ယောက်ရှိတယ် ... သူက စိတ်မမှန်ဘူး ... ကောင်မလေးကို ကြိုက်လိုက်တာလည်း တစ်ပိုင်းသေလုအောင်ဆိုတော့ တော်ကြာ ကားတင်ပြေးတာ ဘာညာလုပ်နေမှာစိုးလို့ ကလေးမခမျာ ရန်ကုန်ခဏဆင်းပြီး ရှောင်နေရတာ အခု ဘမုန်က ကောင်မလေး ရန်ကုန်ဆင်းသွားတယ်ဆိုတာ သိလို့ လိုက်သွားပြီတဲ့ ... ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ဖွင့်ထားမှန်းသိတော့ လိုက်ရှာမှာပဲ ... ရှာလို့တွေ့ရင် အနှောင့်အယှက်ပေးနေမှာစိုးလို့ စိတ်ချရအောင် စီစဉ်ချင်တာ"

"သူများက အရေးတကြီးဖြစ်တိုင်း လိုက်ဖြစ်မနေပါနဲ့ အမေရာ ... သား စဉ်းစားပါရစေဦး ... သိပ်မကြာခင် အဖြေထွက်လာမှာပါ ... "

"ဟဲ့ ... မင်းက ဘာများ စဉ်းစားစရာရှိသေးလို့လဲ ... "

"ကျွန်တော်လည်း ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ အမေရ"

"သားနော် ... ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့ ... အမေ ဒေါ်အာသာဝတီကို မျက်နှာအပျက်မခံနိုင်ဘူး ... "





စိတ်ညစ်ဖို့ကောင်းလိုက်တာ။ အမေ့မျက်နှာမပျက်ချင်တာနဲ့ဘဲ ယောမင်းက တစ်ဘဝလုံးအပျက်ခံပြီး ကိုယ်မချစ်မနှစ်သက်သော မိန်းမတစ်ယောက်ကို လက်ထပ်ပေးရမတဲ့လား။

ဖုန်းချပြီးတော့ လူက စိတ်ပျက်ခွေနွှန်းသွားတာမို့ ကိုယ့်အခန်းတောင် ကိုယ်မပြန်နိုင်ဘဲ ဧည့်ခန်းထဲက ခုံမှာခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ဒေါ်အာသာဝတီကို မျက်နှာမပျက်ချင်ဘူးတဲ့ ... ။ ဟွန်း အမေတို့များ သူ့ မျက်နှာရဖို့အတွက်ဆိုလျှင် ...

အဲ နေဦး ... ။ လူတော့မဟုတ်ဘူးထင်သည်။ ကိုယ့်အသိထဲမှာလည်း ဒီလောက်နာမည်ဆန်းဆန်းနဲ့ မိန်းမတစ်ယောက်ရှိနေလျှင်တော့ မေ့သွားစရာအကြောင်းမရှိ။ အမြဲမှတ်မိနေမှာ။

ကုန်ပစ္စည်းတစ်ခုခုလား၊ ဂျာနယ် မဂ္ဂဇင်းလား၊ ကုမ္ပဏီနာမည်လား။

အဲ မှတ်မိပြီ။ တခြားဟုတ်ပါရိုးလား။ သော်ကပန်းတို့ရဲ့ အထည်ဆိုင်နာမည်ပဲ။

အဲဒီ ဒေါ်အာသာဝတီရဲ့သမီးကလည်း ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ဖွင့်သတဲ့။ တိုက်တိုက်ဆိုင်ဆိုင်ပဲ။

အရှုံးတစ်ယောက်က လိုက်နှောင့်ယှက်တာနဲ့များ ကိုယ့်သမီးကို အမြန်ဆုံးယောကျာ်းပေးစားဖို့ စီစဉ်ကြသတဲ့။ သတ္တိ ကလည်း နည်းလိုက်တာ။

ဟိုအရှုံးဆိုတဲ့လူကို သူတို့အစ်တော်ကြောက်ကြပုံရ သည်။ ကြည့်ရတာ စောစောလေးက ဗိုလ်ချုပ်ဈေးထဲမှာ သော်က ပန်းကို ရပ်စောင့်နေတဲ့လူလိုမျိုး ရှုံးလည်းရှုံး၊ မိုက်လည်းမိုက်သည့် လူမျိုးပဲလား မသိ။

နောက်ဆုံးတော့ အရှုံးတစ်ယောက် ဒုက္ခပေးတာနဲ့ ယောမင်းတို့ ဘုမသိဘမသိ အိမ်ထောင်ကျရတော့မည့်သဘောမျိုး ပါလား။

❧ ---- ❧

ကိုယ့်ကားရှေ့တည့်တည့်မှာ ကန့်လန့်ကြီးခံပိတ် ထားသော ကားတစ်စင်းကြောင့် ယောမင်းက အံ့သြသွားရသော် လည်း ထိုကားပဲ့ဟာ ဗိုလ်ချုပ်ဈေးမှာတုန်းက သော်ကပန်းကိုလာ စောင့်ကြည့်သည့်လူစီးလာသော ကားပဲဆိုတာ ပြန်သတိရသွား ချိန်မှာ သိပ်မအံ့သြတော့ချေ။

ကားပေါ်ကနေ လူမိုက်ဂိုက်အပြည့်နဲ့ ဟိုလူ ဆင်း လာသည်။ တစ်ကိုယ်လုံးက ဝတ်စားဆင်ယင်ထားတာဟာ မနေ့ ကအတိုင်းဖြစ်သော်လည်း မျက်မှန်နက်ကြီးတော့ တပ်မထား။

မျက်မှန်အကာအကွယ်မဲ့နေသည့် သူ့မျက်လုံးတွေ ကို ကြည့်ရတာတော့ လူမိုက်တစ်ယောက်နဲ့မတူဘဲ စိတ်မနှံ့သူတစ် ယောက်လိုပင်။

"ဟော့လူ ... ကားပေါ်က ခဏဆင်းခဲ့စမ်း ... "

ရိုးရိုးလူအချင်းချင်း ပြဿနာရှာ ရန်ဖြစ်ကြတာဆိုလျှင်တော့ ယောမင်းက ကားပေါ်က ဆင်းချင်ဆင်းမိဦးမည်။ အခုတော့ ဒီလူ့ပုံကြည့်ရတာ သိပ်မဟန်လှတာမို့ သူနိုင်းသလို ကားပေါ်က မဆင်းဖြစ်။ မတော် အရှုံးဖြစ်နေလျှင် ကိုယ်လည်း ပိုအထိနာဦးမည်။ အရှုံးနဲ့မှ ရန်ဖြစ်ရတယ်ဆိုပြီး အရှက်တကွဲလည်းဖြစ်ဦးမည်။ လုံးဝမတန်။

"ဆင်းလေကွာ ... မင်းရုပ်က ဘာဖြစ်နေတာလဲ ... ငါ့အချစ်ကလေးကို ငါ့ရှေ့က ခေါ်သွားတုန်းကတော့ ဒီရုပ်မဟုတ်ပါဘူး ... "

အောင်မယ်လေး။ ဒီရုပ်ကြီးနဲ့များ သော်ကပန်းကို သူ့အချစ်ကလေးတဲ့။ ကာယကံရှင်မကြော်နဲ့ ယောမင်းတောင် ကြားထဲက မခံချိမခံသာဖြစ်သွားရသည်။

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာပြဿနာမှ မရှိဘူး ... သိလည်း မသိဘူး ... ဒီတော့ စကားပြောနေစရာလည်း မလိုဘူးဗျာ"

စကားလည်း တစ်ဖက်ကပြောရင်း ကိုယ်ပြေးဖို့ လမ်းလည်း ရှာထားရသေးသည်။





ကားလမ်းက ကျဉ်းကျဉ်းမို့ သူ့ကားကြီး ကန့်လန့်ဖြတ်ပိတ်ရပ်ထားတော့ တစ်လမ်းလုံး ပိတ်ဆို့သွားတာမဟုတ်ရင်တောင် ဘေးကနေ တော်တော်ကွေ့ရှောင်သွားမှ ရမည့်အနေအထားမျိုး။ အဲဒီလို ကွေ့ရှောင်ရပြီဆိုကတည်းက ကားကိုအရှိန်ပြင်းပြင်းနဲ့ မောင်းလို့မရတော့။ ဒီလူကလည်း ကိုယ့်ကားနောက်က အပြေးလိုက်လာပြီး ရန်ရှာဦးမှာဆိုတော့ အမြန်မောင်းပြေးရတာမျိုး ရှိချင်ရှိမည်။

ကားကို နောက်ပြန်ဆုတ်လျှင်တော့ နှစ်ခြံစာလောက်ဆုတ်ပြီးလျှင် ... လမ်းချိုးတစ်ခုရှိတာမို့ ထိုလမ်းချိုးထဲနောက်ဆုတ်ဝင်လိုက်ပြီး ပြန်ကွေ့ကာ တစ်ဖက်လမ်းထိပ်က ထွက်လို့ရသည်။

ပြေးလမ်းကြောင်းကို စဉ်းစားလို့ရသွားလျှင် ယောမင်းက စိတ်သိပ်မပူတော့ဘဲ ရန်သူကို သွေးအေးအေးနဲ့ ရင်ဆိုင်သွားနိုင်သည်။

"မင်းနဲ့ငါ သိပ်သိတာပေါ့ ... မင်းက ငါ့နှလုံးသားကို လုယူမဲ့ ငါ့ရဲ့ရန်သူနံပါတ်တစ် ... "

"ဘုရားစူးရပါစေဗျာ ... ခင်ဗျားကောင်မလေး ကျွန်တော် မလုပ်ပါဘူး ... "

"ဟော့ကောင် မင်းတစ်လောကလုံးကိုသာ လိမ်လို့ရချင်ရမယ် ဘမှန်ကိုတော့ လိမ်လို့မရဘူး ... မင်းတို့လိုကောင်မျိုးတွေကို မကြောက်လို့ အမရပူရကနေတောင် တစ်ယောက်တည်း ဆင်းချလာတာကွ ... "

ပြောရင်း ဘမှန်ဆိုသည့်လူက အနားတဖြည်းဖြည်းကပ်လာလျှင် ယောမင်းလည်း နဂိုက ကြိုစည်ထားသည့်အတိုင်းကားကို ဝေါခနဲ နောက်ဆုတ်ကွေ့ထွက်ကာ မောင်းပြေးလာတော့သည်။

ဟိုလူကတော့ ... လမ်းပေါ်မှာ ကွတကွတနဲ့ ခုန်ပေါက်ကျန်ရစ်ခဲ့လေရဲ့။

မောပဲ့ဗျာ။ စေတနာနဲ့ အကူအညီလေး ပေးမိပါတယ်။ ပြဿနာက မီးနိုးကြွက်လျှောက်လိုက်ပါလာတော့တာပါပဲ။

နာမည်ကသာ ဘမှန်။ စိတ်ကတော့ မှန်ပုံမရ။ မင်းတို့ကို မကြောက်လို့ အမရပူရနေတောင် တစ်ယောက်တည်း ဆင်းလာတာတဲ့။





အဲ ... ဘမှန်။ စိတ်မမှန်၊ အမရပူရ။ ဒေါ်အာသာဝတီ၊ အာသာဝတီ ပိုးထည်တိုက်။

အတွေးတွေက ခေါင်းထဲစီကာရီကာ ဝင်လာသည်။ ထိုအတွေးတို့ကို တဖြည်းဖြည်းစုဝေးသွားလျှင် အဖြစ်အပျက်တစ်ခုက ရုပ်လုံးပေါ်လာသလိုလို။

ယောမင်းက အချိန်မဆိုင်းတော့ဘဲ နီးရာဖုန်းဆိုင်တစ်ခုရှေ့ ကားထိုးရပ်ကာ မန္တလေးကို ဖုန်းခေါ်လိုက်တော့သည်။

----

"ကိုယောမင်းအဖြစ်ကလည်းဗျာ ... ကိုယ်နဲ့ လူကြီးချင်း သဘောတူထားတဲ့ မိန်းမကိုမှ တကူးတကသွားပိုးမိရတယ်လို့ ... "

"နေဇော် ... ပိုးတယ်ဆိုတဲ့စကားလုံး မသုံးစမ်းပါနဲ့ကွာ ငါက လေ့လာအကဲခတ်ယုံပါကွ ... ပိုးရအောင် သူ့ကိုချစ်မှ မချစ်တာ ... "

"သဘောတော့ ကျတယ်မဟုတ်လား ... "

"ချောတော့ ချောတာကိုးဟ ... ထက်ထက်မြက်မြက်လည်း ရှိတယ် ... ငါလိုချင်တဲ့အရည်အချင်းတွေတော့ အတော်ပြည့်စုံတဲ့ မိန်းမမျိုးပဲ ... "





"ဒါဆိုလည်း ပြီးရောပေါ့ဗျာ ... ကိုယောမင်းဘက်က ဘာမှ လုပ်စရာတောင် မလိုဘူး ... လူကြီးတွေစီစဉ်တာကို အသာ ရောထိုင်လိုက်ရုံပေါ့ ... "

"မလေးခင်က ရှိသေးတယ်လေ ... ငါတကယ်ချစ်သွားတာက မလေးခင်ကိုပဲ ဥစ္စာ ... "

"မလေးခင်ကလည်း လူကြီးတွေပေးစားတဲ့သူကိုပဲ ယူတော့မယ်လို့ ဆုံးဖြတ်ပြီးသွားပြီ မဟုတ်လား ... "

ပါးစပ်ပုတ်ကြီးနဲ့ ဝင်ပြောလိုက်သော ဟန်ဇော့်ကို ယောမင်းက မျက်စောင်းပိတ်ထိုးပစ်လိုက်ကာ ...

"ဒါက ငါ့ကိုအမြင်ကတ်လို့ တမင်ကလိသွားတာလည်း ဖြစ်ကောင်းဖြစ်မှာပေါ့ ... "

"ငါတော့ မထင်ပါဘူး ... မင်းပြောပုံအရဆို မင်းရဲ့မလေးခင်ဟာ ခပ်တုံးတုံးမဟုတ်လား ... ဒီလောက်ပြေးမှာ မဟုတ်ပါဘူး ... "

"ကျွန်တော့်အမြင်ပြောရရင်တော့ လူကြီးတွေလည်း စိတ်ချမ်းသာ ... ကိုယောလည်း လက်ခံနိုင်တဲ့ အနံတီလေးနဲ့ ကိစ္စကိုပဲ စဉ်းစားစေချင်တယ် ... မာမီ့ဆီက တီးခေါက်အစ်

အောက်ယူရသလောက်ဆိုရင် ... အန်တီလေးကိုယ်တိုင်က ကိုယောအပေါ် ပစ်ပစ်ခါခါမရှိပါဘူး ... ”

ချောမောလှပလွန်းသည့် သော်ကပန်းကို မျက်စိထဲ ပြေးမြင်သည်။

နေဇော် ပြောသလိုပါပဲ။ သော်ကပန်းနဲ့သာ လက်ထပ်ရမည်ဆိုလျှင် သူတအားကြီးစိတ်ညစ်မိမှာတော့ မဟုတ်တာတော့ သေချာသည်။

သို့သော် မလေးခင်။ ဘာကြောင့်မှန်းမသိစွာ ခင်တွယ်မြတ်နိုးသွားခဲ့သော ထိုမိန်းမကို အလွယ်တကူနဲ့ မေ့ပျောက်ပစ်လို့ မရနိုင်မှာကလည်း သေချာနေပြန်လေသည်။

“မာမာတို့ ညီအစ်မသုံးယောက်စလုံးကလည်း ကိုယောအကြောင်းကို ... စတ်ဝင်တစား မေးလိုက်တာမှဗျာ ... ကျွန်တော်နဲ့ဆုံရင် ကျွန်တော့်အကြောင်း တစ်ခွန်းမမေးဘူး ... ကိုယောအကြောင်းပဲ ... ကြည့်ရတာ သူတို့တွေကလည်း အတော်သဘောတူနေပုံရတယ် ... ”

“မင်းကောင်မလေးယင်းမာက ညီအစ်မနှစ်ယောက်မဟုတ်ဘူးလား ... ”





“ကိုယော တွေ့ဖူးတာက စကားပန်းလေ ... သူက ညီမဝမ်းကွဲ ... အရင်းနောက်တစ်ယောက်ရှိသေးတယ် ... ကြာဖြူပန်းတဲ့ ... ကြာကြာလို့ ခေါ်ကြတာ ... နိုင်ငံခြားမှာ ရောက်နေတဲ့ သစ္စာပန်းဆိုတာ တစ်ယောက်လည်းရှိသေးတယ်”

“ပန်းတွေချည်းပါပဲလား ... ”

“အမေနာမည်တွေကိုက ဒေါ်သဇင်ပန်း၊ ဒေါ်မြတ်လေးပန်း၊ အဲ ... အန်တီလေးကျတော့ သော်ကပန်းဆိုပြီး ပန်းနာမည်တွေချည်းပဲလေ ... ”

ကြာဖြူပန်း။ ကြာကြာ ...။ ဒီနာမည်ကြားဖူးလိုက်တာ။

“ဟာ ... ”

ယောမင်းက ... တစ်စုံတစ်ခုကို သတိရသွားကာ အလန့်တကြား ထအော်လိုက်လျှင် ကျန်သည့်နှစ်ယောက်က ဘာပါလိမ့်ရယ်လို့ ပြူးတူးပြဲတဲဝိုင်းကြည့်နေကြလေသည်။

တွေးကြည့်လျှင် ... စိတ်နာချင်စရာတော့ ကောင်းသလိုပင်။

မင်္ဂလာကိစ္စကို မိန်းကလေးဘက်မှ စတင်ဆော်ဩရပြီး ယောကျ်ားလေးဘက်က ... လက်ခံလိုက်ပြီဆိုတော့မှ အထမြောက်အောင်မြင်ရတဲ့အဖြစ်။

ဒီလိုနဲ့ ယောမင်းဆိုတဲ့ လူဟာ ကိုယ့်အပေါ် အနိုင်ယူသွားတော့မည်ဆိုလျှင်တော့ သော်ကပန်းက ဘယ်လိုမှသည်းခံကျေနပ်နိုင်မှာမဟုတ်ချေ။

ဘမှန် ... ဘမှန်။ ဒင်းကြောင့်သာမဟုတ်ဘူးဆိုလျှင် ယောမင်းလိုလူကို ရွေးထွက်တာတောင် မယူပါဘူး။





သူက လာလိုက်သေးသည်။ မလေးခင်ဆီ ဖုန်းဆက်ကာ လူကြီးတွေသဘောတူသည့်သူကို ယူမယ်ဆိုလည်း ယူပါတော့တဲ့။ သူကိုယ်တိုင်လည်း မိဘတွေ စိတ်တိုင်းကျစီမံတာကို နာခံပါတော့မယ်တဲ့။ ပြောခဲ့ဖူးတဲ့ စကားတွေကို မေ့လိုက်ပါတော့တဲ့။

တကယ်လို့ မလေးခင်ဟာ တခြားမိန်းကလေးတစ်ယောက်အဖြစ် တကယ်ရှိနေခဲ့ပြီး ယောမင်းကိုလည်း စွဲလမ်းမျှော်လင့်နေမယ်ဆိုလျှင် အခုလောက်ရှိ ပူဆွေးခံစားနေရပြီပေါ့။

အလကားလူ။ မလေးခင်အဖြစ် ပာန်ဆောင်ထားသော သော်ကပန်းကို ချစ်ကယ်လို့ ဖွင့်ပြောစဉ်ကတော့ နည်းနည်းပါးပါးအထင်ကြီးသွားမိသား။ သူဟာ တကယ်ပဲ အပေါ်ယံရုပ်ဆင်းသွင်ပြင်ထက် အတွင်းစိတ်ဓာတ်ကို ပိုပြီးအလေးထားတတ်သည့်လူပါလားဆိုပြီးတော့ပေါ့။

ဟွန်း ... ဘယ်ဟုတ်ပါလိမ့်မလဲ။ ဒင်းက ယောကျ်ားတို့ သဘာဝအတိုင်း ကိုယ့်ကို ကြိုက်နေသည်လို့ ထင်မိသည့် မိန်းကလေးတစ်ယောက်အပေါ် နှတ်ဆော့လိုက်တာပဲကိုး။ တကယ်တမ်းကျတော့ မလေးခင်လို ရုပ်ရည်၊ အရည်အချင်းနှင့် မိန်းမမျိုးကို မေတ္တာစစ်နဲ့ လက်တွဲရဲတာမှ မဟုတ်တာ။

သူ့ဆီက 'ချစ်တယ် … 'ဆိုသည့် စကားကြားရစဉ်မှာ ယောင်ချာချာနဲ့ ပျော်သွားလိုက်မိသေးသည့် ကိုယ့်ကိုယ်ကိုယ် တောင် ပြန်ပြီးဒေါသဖြစ်မိပါရဲ့။ ယောကျ်ားတစ်ယောက်ဆီက အယောင်ဆောင်အချစ်အတွက်များ မိုက်မဲစွာ ပျော်ရွှင်ကြည်နူးခဲ့ရတယ်လို့ကွယ်။

မလေးခင်ဆိုတဲ့ ဘဝကတော့ တကယ့်ကို အောက်ကျနောက်ကျနိုင်သည့် ရှက်ဖွယ်လိလိဘဝပါပဲ။ ယောကျ်ားတစ်ယောက်ရဲ့စိတ်ပျက်စွာ ရှောင်ရှားမှုကို ပထမခံရသည်။ နောက်တော့ သူ့ကို မျှော်လင့်နေမှာစိုးလို့ ပါးနပ်စွာ ရှောင်ရှားမှု၊ အဲ့ဒီနောက်မှာတော့ အထင်သေးစွာ သွေးတိုးစမ်းမှု၊ နောက်ဆုံးကျတော့ ရက်စက်စွာ စွန့်ပစ်မှု။

တကယ်လို့ … မလေးခင်ဟာ သော်ကပန်းလိုမျိုး အပြစ်ပြောစရာမရှိအောင် ချောမောပြည့်စုံနေမည်ဆိုလျှင် … ဒီယောကျ်ားက ခုနလို ဆက်ဆံမတဲ့လား။

တော်ပါပြီ။ ယောမင်းနဲ့ လက်ထပ်ဖြစ်သွားလျှင်လည်းပဲ မလေးခင်ဆိုတဲ့ဘဝတစ်ခုကိုတော့ သူဘယ်တော့မှ မသိစေရအောင် မြုပ်နှံဖျောက်ဖျက်ပစ်လိုက်ပါတော့မယ်။





သော်ကပန်းအနေနဲ့ကတော့ ယောမင်းကို အထက်စီးက ဆက်ဆံခွင့်ရှိနေသည်။ ယောမင်းရဲ့အရေးတယူနေရာပေးခြင်းကို ခံယူနိုင်သည်။

ယောမင်းဟာ … ခုထက်ထိတော့ သူနဲ့လူကြီးချင်းသဘောတူထားသည့် မိန်းမကို သော်ကပန်းမှန်း သိသေးပုံမပေါ်။ ကောင်းတယ်။ တွေ့လိုက်တော့မှ တအံ့တသြကြီးဖြစ်သွားမဲ့ သူ့မျက်နှာကို အရသာခံပြီး ကြည့်လိုက်ဦးမယ်။

ညသုံ့သည်တွေ မကြာခင်လာတော့မှာမို့ ညသုံ့ခန်းကို သိမ်းဆည်းရှင်းလင်းရင်း သော်ကပန်းက ကိုယ့်ဘာသာ ကျေနပ်နေသည်။

"အန်တီလေး … ရင်တွေခုန်နေပြီ မဟုတ်လား … "

နောက်ကနေ ခါးကိုသိုင်းဖက်ကာ ပြောင်ချော်ချော်မေးလာသည့် စကားရဲ့လက်ထဲက တွန့်လိမ်ရှောင်ထွက်လိုက်ရကာ …

"ဘာလို့ ရင်ခုန်ရမှာလဲ … "

"ဦးယောမင်းကြီး လာမှာမို့လို့လေ … "

"လာတော့ကော ဘာဖြစ်လဲ ... ဒီလောက်နဲ့ ရင်ခုန်စရာလား ... "

"သူတို့က အန်တီလေးကို တောင်းဖို့လာကြမှာလေ ... "

"အဲဒီတော့ရော ဘာဖြစ်သေးလဲ ... "

"အန်တီလေးကလည်း မငြင်းဘူးမဟုတ်လား ... "

"မငြင်းတော့ မငြင်းဘူး ... ဒါပေမဲ့ မငြင်းတာက သူ့ကို ကြိုက်လို့တော့မဟုတ်ဘူး ... ဘမှန်ကိုကြောက်လို့ပြီးတော့ ငါ့ကြောင့် မေမေ စိတ်တွေပူနေရမှာစိုးလို့ ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ ... ဦးယောမင်းကို အန်တီလေးစိတ်ဝင်စားတယ်ဆိုတာ စကားတို့ အားလုံးသိပါတယ်နော် ... မဟုတ်ရင် ... ဘာလို့ ကြာကြာ အကြံပေးတဲ့အတိုင်းဟာ ဆောင်ဇာတ်လမ်းတွေ လိုက်ထွင်နေမှာလဲ ... "

"အို ... ဒါကတော့ ... "

သော်ကပန်းခမျာ ဘာမှပြန်မဖြေနိုင်ပါ။ ယောမင်း အပေါ်ထားမိသည့် သူမရဲ့သဘောထားဟာ ရှင်းလင်းပြတ်သားလို့ မနေခဲ့ဘူးဆိုတာကိုတော့ သူမကိုယ်တိုင်လည်း သိနေသားပင်။





ဘမှန်ကို ဘယ်လောက်ပဲကြောက်ပေမဲ့ ဘမှန်ရန်က လွတ်ကင်းအောင် အကာအကွယ်ယူဖို့ သူမလက်ထပ်ရမည့် ယောကျ်ားဟာ တခြားသူတစ်ယောက်ဖြစ်နေလျှင် အခုလိုမျိုး ကြည်ကြည်ဖြူဖြူနဲ့ လက်ခံမိမှာမဟုတ်ဘူးထင်သည်။

ယောမင်းဟာ မုန်းစရာကောင်းသည့်လူတစ်ယောက်ဆိုလျှင် သူ့ထက်ပိုပြီးမုန်းစရာကောင်းတာကတော့ အဲဒီလိုလူမျိုးကိုမှ မျှော်လင့်ချက်တွေထားချင်သေးသည့် သူမကိုယ်တိုင်ပါပဲ။

"ကျွန်မဘယ်သူလဲဆိုတာ သိလိုက်ရတော့ ရှင် မအံ့သြသွားဘူးလား ကိုယောမင်း ... "

ယောမင်းတို့ မိသားစုရောက်ချလာလို့ သော်ကပန်းက တွက်တွေ့ချိန်မှာ ရုပ်မပျက်၊ ဟန်မပျက် ဣန္ဒြေကောင်းနိုင်သော ယောမင်းကိုကြည့်ပြီး တစ်ပြန်အံ့သြရသူက သော်ကပန်းပဲ ဖြစ်ခဲ့သည်။

ယောမင်းတို့မိသားစုကို ထမင်းဖိတ်ကျွေးတာမို့ လူကြီးတွေအားလုံး ထမင်းစားပြီးလို့ ဧည့်ခန်းပြန်ထွက်သွားချိန်မှာ အချို့ပွဲ စားမပြီးသေးသလိုနဲ့ ... ထမင်းစားခန်းထဲ ကျန်ခဲ့သော





ယောမင်းကို သော်ကပန်းက ဘယ်လိုမှမအောင့်အီးနိုင်စွာ မေးလိုက်မိလေသည်။

ယောမင်းက ... အောင်နိုင်သူတစ်ယောက်ရဲ့အမြင်ကတ်ချင်စရာကောင်းသော အပြုံးမျိုး ပြုံးကာ ...

"ကျွန်တော် မအံ့သြပါဘူး ... "

"ဘာဖြစ်လို့လဲ ... ရှင်က သိနှင့်ပြီးသားလား ... "

"သိပ်တော့ မကြာသေးပါဘူး ... မသော်ကပန်းကို အိမ်ပြန်ပို့ပေးမိလို့ ဘမှန်က ကျွန်တော့်ကို ချဲလင်းချ်လာလုပ်တယ်လေ ... အဲဒီ့မတိုင်ခင်ကမှ အမေက ဖုန်းဆက်ပြီး မသော်ကပန်းတို့ရဲ့အခက်အခဲကို ပြောပြထားတော့ စကားချင်းဆက်စပ်မိပြီး ... "

လက်စသတ်တော့ ဒီလိုကိုး ... ။ ဒါကြောင့် ဒင်းက ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ်ရှိနေနိုင်တာ။

"ဒါဖြင့် ကျွန်မမှန်းသိသွားလို့ လူကြီးတွေ စီစဉ်တာကို လက်ခံလိုက်တာလား ... "

"အဲဒီ့တစ်ချက်ထဲတော့ မဟုတ်ဘူး ... "

"ရှင် ... ဘာပြောတယ် ... "

"ကျွန်တော်နဲ့ သဘောတူထားတဲ့သူဟာ မသော်ကပန်းမို့လို့ လက်ခံလိုက်တာ သက်သက်မဟုတ်ဘူးလို့ ပြောတာပါ"

သူ ဘာပြောချင်တာလဲ။ ရုတ်တရက်တော့ ... နား မလည်နိုင်။ ဒီလူ့မှာ ဝှက်ဖဲအနည်းဆုံးတစ်ချပ်တော့ ရှိနေပေလိမ့်ဦးမည်ဟု ထင်သည်။

"ကျွန်တော်ကလည်း ပြန်မေးပါရစေ ... လူကြီးတွေနဲ့ပါလာတာ ကျွန်တော်ဖြစ်နေတော့ မသော်ကပန်း အံ့သြမသွားဘူးလား ..."

"မအံ့သြပါဘူး ... အစကတည်းက ရှင်မှန်း ကျွန်မသိပြီးသားပဲ ..."

"အစကတည်းကဆိုတာ ကျွန်တော် မသော်ကပန်းတို့ဆိုင်ကိုလာပြီး မဝယ်ခင်ကတည်းကလား ..."

အင်း ... ဒီလူတော့ ငါ့ကိုချောင်ပိတ်ဖမ်းဖို့ ကြံစည်နေပြီ။

ဒီအချိန်ကျမှ မသိဘူးလို့ ငြင်းလိုက်လျှင်လည်း သူမ လိမ်နေသည်ဆိုတာ ယောမင်းက သိတော့မည်။ သိတယ်ဆိုပြန်





လျှင်လည်း သိရဲ့သားနဲ့ ဖွင့်မပြောတာဟာ မရိုးသားမှုပဲလို့ စွပ်စွဲဦးတော့မည်။

တတ်နိုင်ပါဘူးလေ။ နောင်လည်း လိမ်လို့မရတော့မဲ့အတူတူ အမှန်အတိုင်းဖွင့်ပြောထားတာပဲ ကောင်းပါတယ်။

"ကျွန်မက အစကတည်းက သိနေပါတယ် ..."

"ဒါဆို ဘာလို့များ ကြိုမပြောခဲ့တာလဲ မသိဘူး ... နို့မို့ဆို ကျွန်တော်တို့ အရင်ကတည်းက မိတ်ဆွေတွေ ဖြစ်နေကြမှာ ..."

"မလိုအပ်ဘူးထင်လို့ပါ ... ရှင်ပဲ စဉ်းစားကြည့်လေ ... ကိုယ့်ဆိုင်မှာ အထည်ဝယ်ဖို့အကြောင်းတစ်ခုတည်းနဲ့ ရောက်လာတဲ့လူတစ်ယောက်ကို ကျွန်မက ရှင်ဟာ ကျွန်မနဲ့ လူကြီးချင်း သဘောတူထားတဲ့သူပါပဲလို့ ဘယ်လိုလုပ်ပြီး ပြောရမှာလဲ ..."

သူမပြောတာလည်း ... ဟုတ်သလိုလိုမို့ ယောမင်းခမျာ အထွန့်မတက်သာ။

စိတ်ထဲကတော့ မချိတ်မိသေးသည့် သဲလွန်စကွင်းဆက်တစ်ခု ချိတ်ဆက်မိသွားပြီလို့ တွေးနေမိသည်။

"နောက်တစ်ခု ကျွန်တော် မေးချင်သေးတာက ... "

"မေးမနေနဲ့တော့ မေးခွန်းကို ကျွန်မသိတယ် ... ဖြေမယ် ကျွန်မမိဘတွေကို ကျွန်မယုံတယ် ... သူတို့ဟာ ကိုယ့်သမီးလေးအရှည်သဖြင့် ဒုက္ခရောက်လောက်အောင်တော့ လူကဲခတ်မညံ့ဘူးဆိုတာ ... ဒါကြောင့် မိဘတွေက စီစဉ်ရင် ဘယ်သူပဲဖြစ်ဖြစ် လက်ခံမယ်လို့ ဆုံးဖြတ်ထားပြီးသား"

"အေးဗျာ၊ ခင်ဗျားပြောပုံက ကျွန်တော့်အသိတစ်ယောက်ပြောတာနဲ့ ချွတ်စွတ်နီးပါးပဲ ... "

ရုတ်တရက် တိုက်စစ်မျက်နှာပြင်ကို ပြောင်းထည့်လိုက်တော့ သော်ကပန်းခမျှာ ချက်ချင်းမရိပ်မိရှာ။

"သူကပြောတယ် ... မိဘစကားနားထောင်ရင် အမှားမရှိနိုင်ဘူးတဲ့၊ လူကြီးတွေ သဘောကျတယ်ဆိုရင် သူ့အတွက်ပြီးတာပဲတဲ့ ... "

"ဒီစကားမျိုးပြောတာ ယောကျ်ားလေးတော့ မဟုတ်ဘူးထင်တယ် ... "

"အမှန်ပါပဲ မိန်းကလေးပါ ... "





"ရှင့်သူငယ်ချင်းပေါ့ ... "

"ဟင့်အင်း ... ကျွန်တော် တကယ်ချစ်ခဲ့ဖူးတဲ့ မိန်းကလေးပါ ... "

"ရှင် ... "

မြတ်စွာဘုရား။ ဒီလူ ဘာစကားတွေပြောနေတာလဲ။ မလေးခင်ကို ရည်ရွယ်ပြီးတော့များ ပြောနေတာလား။

သူ့စိတ်ထဲမှာ မလေးခင်ရှိနေသေးတယ်ဆိုရင်တော့ သော်ကပန်းက ကျေနပ်မိမှာပါပဲ။ မလေးခင်မဟုတ်ဘဲ တခြားမိန်းကလေးတစ်ယောက်ဆိုလျှင်တော့ စိတ်တိုရဦးမယ်။ ခက်နေတာက သူဘယ်သူဘယ်ဝါလဲဆိုတာ ပြောင်ကျကျကြီးမေးလို့မဖြစ်တာပင်။

"ကျွန်တော် အမှန်အတိုင်း ဝန်ခံချင်ပါတယ် ... သူ့ကို ... ကျွန်တော်သိပ်ချစ်ခဲ့တယ် ... ကျွန်တော့်ဘဝမှာ သူ့စိမ်းမိန်းကလေးတစ်ယောက်ကို ပထမဆုံးချစ်မိတာပါပဲ ... "

"ဒါဖြင့် ... ကျွန်မနဲ့ ကိစ္စဘာလို့ လက်ခံရတာလဲ ... "

ယောမင်းက ရယ်ချင်စိတ်ကို မနည်းအောင့်ထားရ

သည်။ သိသိကြီးနဲ့ ဟန်ဆောင်လှည့်ပတ်ပြီး မေးနေလိုက်တာများ တော်တော့်ကို ပိရိတာပဲ။

သူမ ကွေ့ဝိုက်အစ်အောက်ထုတ်နေတာကို မသိဟန်ဆောင်ပြီး အသာလေးမျှောလိုက်သွားပြီးတော့မှ ချက်ချင်းပြန်လှည့်ကာ သူ့နိုးဖမ်းလိုက်ရမည့်အဖြစ်ဟာ ဘယ်လောက်စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ကောင်းလိုက်လေမလဲ။

"သူကလည်း လူကြီးတွေစီမံတာကို နာခံတော့မယ်တဲ့ ... ကျွန်တော့်ဘက်ကလည်း အမေက သိပ်ဆန္ဒပြင်းပြနေတော့ ရှေ့ဆက်ဖို့ မဖြစ်တော့မဲ့အတူတူ ... "

"နေစမ်းပါဦး ... အဲဒီအကြောင်းတွေ ကျွန်မကို လာပြောနေတာ ဘာသဘောလဲ ... ရှင့်ရဲ့အတိတ်အကြောင်းတွေကို ရိုးရိုးသားသားအသိပေးတာလား ... ဒါမှမဟုတ် ရှင့်ရင်ထဲမှာ ကျွန်မအတွက် နေရာမရှိတော့ဘူးလို့ သတိပေးတာလား ... "

"တစ်ခုမှမဟုတ်ဘူး ... "

"ဒါဖြင့် ဘာသဘောလဲ ... "





"ကျွန်တော်ဟာ မိန်းကလေးတစ်ယောက်ကို တကယ်ချစ်မှ လက်ထပ်မဲ့သူပါလို့ ပြောပြချင်တာပါ ... "

"ရှင် ... "

"ဟုတ်တယ် ... ကျွန်တော့် တကယ်ရင်မခုန်ဘဲ မချစ်ဘဲ မိန်းမမယူနိုင်ဘူးဆိုပြီး ရန်ကုန်ထွက်လာခဲ့တာ ... ရန်ကုန်မှာ ကျွန်တော့်ရဲ့ဖူးစာရှင်အစစ်ကို တွေ့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ ... "

"တွေ့ပေမဲ့ မဆုံစည်းခဲ့ဖူး မဟုတ်လား ... "

"အစကတော့ ဒီအတိုင်းပဲ ထင်ခဲ့တာပဲ ... ဒါပေမဲ့ မိုးနတ်မင်းက သနားငဲ့ညှာလို့ ကျွန်တော်ချစ်တဲ့ မိန်းကလေးကို လက်ထပ်ခွင့်ရဖို့ ဖြစ်လာခဲ့ပြီလေ ... "

"ဒါ ... ဒါဆို ရှင်က သူနဲ့ အဆင်ပြေသွားပြီလား ... "

ဘယ်လိုမှ နားမလည်နိုင်တော့။ သူပြောစကားတွေအရ ပထမတော့ ကိုယ့်ကို(မလေးခင်ကို)ရည်ရွယ်တယ်လို့ပဲ ထင်ခဲ့တာ။ အခု သူက သူချစ်တဲ့မိန်းကလေးကို လက်ထပ်ရမယ်ဆိုတော့ အစကပြောနေခဲ့တာ မလေးခင်အကြောင်း မဟုတ်ဘူးလား။

"ရှင် ... ရှင့်ချစ်သူက ဘယ်သူလဲ ... "

အလန့်တကြား၊ တအံ့တသြနဲ့ဖြစ်လာသော သော်ကပန်းကိုကြည့်ပြီး ယောမင်းက ချစ်စနိုးလေးရယ်ချင်နေသည်။

သူချစ်သည့်မိန်းကလေးနှင့် သူနှစ်သက်သဘောကျသည့် မိန်းမနှစ်ယောက်စာ စုပေါင်းထားသည့် ဒီမိန်းကလေးကို လက်ထပ်ခွင့်ရတော့မည့်အတွက် ယောမင်း ဘယ်လောက်ပျော်သလဲဆိုတာ ကိုယ့်ဘာသာကိုယ်တောင် ပြန်တွေးကြည့်လို့မရနိုင်ပေ။

ယောကျ်ားတစ်ယောက်ကို ဟန်ဆောင်လှည့်ဖြားအကဲစမ်းချင်သည့် မရွှေချောတော့ ကိုယ့်အတတ်နဲ့ ကိုယ်စူးတာ စိတ်တွေပူနေရပြီ။

"ကျွန်တော့်ချစ်သူက မလေးခင်တဲ့ ... ရုပ်လည်း မလှဘူး သိပ်လည်း ညှို့ဖျင်းထုံထိုင်းတယ် ... ဒါပေမဲ့ ... သူ့ကိုမှ ကျွန်တော် စွဲစွဲလမ်းလမ်းချစ်မိသွားတယ်ဗျာ ... မဆန်းဘူးလား ..."

"အို ... ရှင် ဘာတွေလျှောက်ပြောနေတာလဲ ..."

"ခင်ဗျားကိုပြောတာဖြင့် မဟုတ်ဘဲနဲ့ ဘာလို့မျက်နှာတွေ နီလာရတာလဲ ..."





ရှက်ရှက်နဲ့ ခေါင်းငုံ့ချသွားသော သော်ကပန်းခမျာ မျက်နှာကို အတင်းလိုက်ငုံ့ကြည့်နေသော ယောမင်းကြောင့် အနေရ အထိုင်ရခက်နေလှသည်။

သိပ်မဟုတ်သေးဘူး ... ။ ဒီလူဟာ သော်ကပန်းလို မိန်းမတစ်ယောက်ကို သူချစ်သူနဲ့ ပတ်သက်ပြီး ဒီလောက်ပွင့်ပွင့်လင်းလင်း၊ ထိထိမိမိကြီး ပြောပြရဲစရာအကြောင်းတော့ မရှိဘူး။ အကြောင်းရင်းတစ်ခုခုတော့ ရှိရမယ်။

"မလေးခင် ..."

"ရှင် ... အဲ ... ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ"

"နာမည်ဝှက် ... အဲ စာရေးဆရာဆိုရင်တော့ ကလောင်နာမည်လို့ ခေါ်ရမှာပေါ့ ... အနုပညာသမားတစ်ယောက်အတွက်တော့ အနုပညာနာမည်၊ ခင်ဗျားအတွက်ကျတော့ ဘယ်လိုပြောရမလဲ ..."

သော်ကပန်းက ပထမတော့ တထိတ်ထိတ် တုန်လှုပ်သွားရပြီးမှ ယောမင်းရဲ့မျက်နှာကို သေသေချာချာစိုက်ကြည့်လိုက်ရင်း သဘောပေါက်သွားရသည်။

သူမတို့ရဲ့လျှို့ဝှက်အစီအစဉ်ကို သူကတစ်နည်းနည်းနဲ့ သိသွားခဲ့ပြီးပါပြီ။ ဒါကြောင့် ...

ကိုယ့်ရဲ့ထိပ်တန်းလျှို့ဝှက်ချက်ကြီး ပေါ်သွားရသည့်အတွက် ရှက်လည်းရှက်၊ စိတ်လည်း တိုသွားရသလို တစ်ဖက်ကလည်း ကျေနပ်မိသလိုရှိသား။

"ဒီကိစ္စ ရှင်သိနေတာ ဘယ်လောက်ကြာပြီလဲ ... အစကတည်းက သိလျက်နဲ့ မသိချင်ဟန်ဆောင်နေတာလား ..."

"ဟာ ... ကျွန်တော် ဒီလောက်တော့ မတော်ပါဘူး ... သော်ကပန်းကို အိမ်ပြန်ပို့ရတဲ့နေ့ကမှ ကြာကြာကိုတွေ့သွားပြီး ..."

ကြာကြာ ဟုတ်ပါရဲ့။ သူ့ကို မလေးခင်ရဲ့တူမအနေနဲ့ ယောမင်းက သိထားခဲ့တာ။ အခု သော်ကပန်းရဲ့တူမအဖြစ် ပြန်တွေ့ရတဲ့အခါကျတော့။

ကိုယ့်ဘက်က ... ကိုယ် လုံခြုံလှပြီထင်ထားသမျှ အထင်ရှားဆုံးဟာကွက်တစ်ခုရှိနေတာကို မေ့လျော့ခဲ့မိတာ။ ဒီဟာကွက်ကနေပဲ ယောမင်းက လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီ။



"ကျွန်တော့်ကို ယုံပါ ... ဒီကိစ္စကို ကျွန်တော်လက်ခံခဲ့တာဟာ မလေးခင်နဲ့ မသော်ကပန်းတစ်ယောက်တည်းလို့ သိခဲ့ရလို့ပါ ..."

"မဟုတ်ရင်ကော ..."

"ဖြစ်မလား မသိဘူး ..."

"ဒါပေမဲ့ သော်ကပန်းကသာ ကျွန်မဘဝအစစ်အမှန်လေ ... မလေးခင်က ဟာကယ်မှ မရှိတာ ..."

"ကျွန်တော်ချစ်တဲ့ နှလုံးသားကတော့ တစ်ခုထဲပါဗျာ ... မလေးခင်ဖြစ်ဖြစ် ... သော်ကပန်းဖြစ်ဖြစ် အတူတူပါပဲ ... မဟုတ်ဘူးလား ..."

"တူချင်မှ တူမှာပေါ့ ..."

"တခြားနေရာမတူချင်လေ ... ကျွန်တော့်အပေါ်ထားတဲ့ ခံစားချက်ချင်း တူရင်တော်ပြီ ..."

"အဲဒါတော့ တူတယ် ... မုန်းတဲ့ခံစားချက်ကို ပြောတာ"

လှစ်ခနဲ မျက်စောင်းလေးတစ်ချက်ထိုးကာ မှုန့်ဖွဲ့ဖွဲ့ကလေးပြောလိုက်ပြီးတော့မှ သော်ကပန်းက ပြန်ရှက်သွားရသည်။

သူလည်း ... ပါးနပ်တဲ့ယောကျ်ားတစ်ယောက်ပဲ နော်။ သော်ကပန်းရဲ့သဘောထားကို အလွယ်နဲ့ ဖတ်တတ်မှာပါ။

သော်ကပန်းကတော့ မလေးခင်ကို တကယ်ပဲချစ်ခဲ့တာလို့ သူပြောလိုက်ကတည်းက ဒေါသတွေ၊ အမုန်းတွေ အားလုံး ပြေပျောက်ကာ ကျေနပ်ကြည်ဖြူသွားခဲ့ပြီ။

ကိုယ်တကယ်ချစ်မှ၊ တကယ်ရင်ခုန်မှ လက်ထပ်ပါမယ်ဆိုတဲ့ ယောမင်းနဲ့ ... ကိုယ့်ကို တကယ်အချစ်စစ်နဲ့ ချစ်တဲ့ယောကျ်ားတစ်ယောက်ကိုမှ လက်ထပ်ချင်တဲ့ သော်ကပန်းတို့ နှစ်ယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက်ရဲ့ ခံစားချက်ကို ဖွင့်ပြောစရာမလိုဘဲ သဘောပေါက်နားလည်ခဲ့ကြပြီ။ အသံအဖြစ်ပြောင်းလဲစရာ မလိုသော ထိုနားလည်မှုဟာ ... တစ်သက်တာကြည်နူးဖွယ်ရာအဖြစ် တည်မြဲနေတော့မှာလည်း သေချာနေလေပြီ ... ။

*8:40 P.M*
*Sunday*
*17-7-05*

ဖ ဝ တ နှ ာ ဝ ာ ဓ ပ

# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

# ထပ်တူ



Design Poe De Lon